အဆုံးမဲ့ဓားကမ္ဘာ ၄၇၇ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၄၇၇) - ငါဘယ်လိုသွားရမလဲ

အနီရောင်သားရေစကတ်ကို ဝတ်ဆင်ပြီး ရွှေရောင်ကြာပွတ်ကို ကိုင်ဆောင်ထားသည့် ဆွဲဆောင်မှုရှိသော အမျိုးသမီးတစ်ဦးသည် ၎င်းတို့၏ လမ်းကြောင်းကို ပိတ်ဆို့နေသည်။

အဆိုပါအမျိုးသမီးက ရှေးဟောင်းဝတ်ရုံရှည်ကိုဝတ်ဆင်ထားသော်လည်း

တင်းကျပ်စွာရစ်ပတ်နေသဖြင့်ခန္ဓာကိုယ်အလှပ
များပေါ်လွင်နေလေသည်။

သူမ၏ ခန္ဓာကိုယ်ရှိ အရေးကြီးသော
အစိတ်အပိုင်းများအပြင်
အခြားအစိတ်အပိုင်းတိုင်းသည် လေထဲတွင်
လှုပ်ရှားနေပါသည်။

အထူးခြားဆုံးကတော့ သူမ၏လည်ပင်းမှာ
တက်တူးထိုးထားခြင်းဖြစ်သည်။

၎င်းသည် ၎င်း၏ လျှာကို ပွတ်နေသော မြွေငယ်၏
တက်တူးဖြစ်ပြီး ၎င်း၏လည်ပင်းတစ်ဝိုက်တွင်
ရစ်ပတ်ထားသည်။ မြွေ၏ဦးခေါင်းသည်
အောက်ဘက်သို့ မျက်နှာမူကာ သူမ၏

အကွဲကြောင်းဆီသို့ ရောက်ရှိသွားကာ
အလွန်စိတ်လှုပ်ရှားဖွယ်ကောင်းသော
မြင်ကွင်းတစ်ခု ဖြစ်ခဲ့သည်။

လေချိုးဖျက်မြင်းပေါ် ရှိ အစောင့်များက
ဆွဲဆောင်မှုရှိသော အမျိုးသမီးကို မြင်သောအခါ
ထူးထူးခြားခြား ရန်သူနှင့် ရင်ဆိုင်ရပုံရပြီး သူတို့၏
မျက်နှာများကနိုးနိုးကြားကြားအမူအရာမဖားး
ဖုံးလွှမ်းသွားကြသည်။

အနီအမျိုးသမီးက
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်တစ်ဦးဖြစ်နေ
သောကြောင့်ပါ။

"မိန်းမပျိုကို ကာကွယ်ပါ!" ရှေ့ဆုံးမှ အဆင့် ၉
ဝိညာဉ်နယ်ပယ်အစောင့်က
ဒေါသတကြီးအော်လိုက်စဉ် အစောင့်များက
၎င်းတို့၏လက်နက်များကို ချက်ချင်းဆွဲထုတ်ကာ
အမျိုးသမီးကို စူးစိုက်စိုက်စိုက်ကြည့်နေကြစဉ်
၎င်းတို့၏ ခန္ဓာကိုယ်အတွင်းမှ ချီစွမ်းအင်
များ မြင့်တက်လာသည်။

အမျိုးသမီးက တခစ်ခစ်ရယ်ပြီး ရွှေကြာပွတ်ကို
ပေါ့ပေါ့ဆဆ
လွှဲယမ်းလိုက်လေသည်။ရွှေရောင်ကြာပွတ်ရှည်က
ချက်ချင်းဆိုသလို ပင် လေထဲ၌ အက်ကွဲသံများ
ထွက်ပေါ်လာပြီး၊ သူမက "မိန်းမပျို တင်း၊ နင်က

ကောလဟာလတွေ ပြောသလိုမျိုး တကယ်ကို
ဉာဏ်ရည်ထက်မြက်တယ်။ နင်က ငါ့ရဲ့
ကောင်းကင်နတ်ဆိုးဂိုဏ်းရဲ့
အစောင့်တွေနဲ့ပိတ်ထားတဲ့လမ်းကိုတောင်တကယ်
လှည့်စားနိုင်ခဲ့တယ်။ ငါ့မှာသာ
အရန်အစီအစဉ်မရှိရင် နင်က
မင်းမဲ့စရိုက်သမုဒ္ဒရာဆီ ပြန်ပြေးနိုင်လိမ့်မယ်!”

တိတ်စမ်း....။

ရထားလုံး ၏တံခါးက ဖြည်းညှင်းစွာပွင့်လာပြီး
အစိမ်းရောင်ဝတ်စုံဝတ်
အမျိုးသမီးတစ်ဦးဖြည်းညှင်းစွာ ထွက်လာခဲ့သည်။

ထိုအမျိုးသမီးက အသက် ၁၇ နှစ်ဝန်းကျင်ဖြစ်သည်။ သူမသည် လှပသွယ်လျသော်လည်း သူမ၏မျက်နှာမှာ အနည်းငယ် နီရဲနေပါသည်။

သူမလက်ကိုဆွဲယမ်းပြီးနောက် ပတ်ဝန်းကျင်ရှိ အစောင့်များက မိန်းမပျိုအတွက် ချက်ချင်းနောက်ပြန်လှည့်ကာ လမ်းကြောင်းဖွင့်ပေးလိုက်ကြသည်။

"မီဒူဆာ ၊ ဒီအရာတွေအားလုံးကို ငါတကယ်နားမလည်နိုင်တော့ဘူး။ လွန်ခဲ့တဲ့နှစ်ပေါင်း (၁၀၀) လုံးလုံး

မင်းမဲ့စရိုက်သမုဒ္ဒရာမှာ အားလုံးက သဟာဇာတဖြစ်အောင် နေထိုင်လာခဲ့တယ်။ ဒါကို နင့်ရဲ့ကောင်းကင်နတ်ဆိုးဂိုဏ်းက ငါ့ တင်းကလန်(Ding Clan) ကို ဘာကြောင့် ရုတ်တရက် တိုက်ခိုက်ရတာလဲ။

နင့်ရဲ့ကောင်းကင်နတ်ဆိုးဂိုဏ်းက ငါ့ တင်းကလန် ရဲ့ဒေါသကို မကြောက်ဘူးလား" မိန်းမပျိုက အေးစက်စက်လေသံနှင့်ပြောလိုက်သည်။

"မိန်းမပျို တင်း(Ding)၊ တင်းကလန်ရဲ့စစ်ကူတွေက နင့်ကို ကယ်တင်နိုင်ဖို့ အချိန်ဆွဲနေတာလား။" မီဒူဆာက ရယ်မောလိုက်ရင်း "ဒါက နင့်ရဲ့ အစီအစဉ်ဖြစ်တယ်ဆိုရင် ဆက်ပြီးစောင့်နေဖို့

မလိုဘူးလို့ ငါပြောနိုင်တယ်။ ဘာလို့လဲဆိုတော့
တခြားသူတွေက ဒီပညာရှင်တွေကို
ဒီကိုလာမလာအောင် တားထားလို့ပဲ။"

မိန်းမပျိုက
စိုးရိမ်သောအမူအရာတစ်ခုထွက်ပေါ်လာလေသည်
။ "ဒါဆို အပြာရောင်ဝေလငါး ကလန်၊
ဟင်းလင်းပြင်ဂိုဏ်း နဲ့ ဒဏ္ဍာရီနတ်ဂိုဏ်းက နင့်ရဲ့
ကောင်းကင်နတ်ဆိုးဂိုဏ်းနဲ့ပူးပေါင်းပြီးပြီထင်တယ်
။"

မီဒူဆာ က ထိုစကားများကို ပြောလာသောကြောင့်
ကောင်းကင်နတ်ဆိုးဂိုဏ်းက သေချာပေါက်
အကူအညီများရှိနေကြောင်းသိသာပေသည်။
ထိုသို့မဟုတ်ပါက
ကောင်းကင်နတ်ဆိုးဂိုဏ်းတစ်ခုတည်းဖြင့် သူမ၏
တင်းကလန်ကိုဆန့်ကျင်ဝံ့မည်မဟုတ်ချေ။

မီဒူဆာ ၏မျက်လုံးများတွင် အံ့အားသင့်မှု တစ်ချက်
ထွက်ပေါ်လာပြီးနောက် ပြောခဲ့သည် " အလှမယ်
တင်း က တကယ်ကို
ဉာဏ်ရည်ထက်မြက်လွန်းတယ်။ အဖြေကို
မှန်းဆပြီးကတည်းက အဓိပ္ပါယ်မဲ့တဲ့
ခုခံမှုတွေဆက်ပြီးမကြိုးစားဖို့အကြံပြုချင်တယ်။

နင်သာ ငါ့စကားကို နာခံမှုရှိရှိ လိုက်နာရင် နင့်လက်အောက်ငယ်သားတွေရဲ့ အသက်ကို ငါ နှမြောမယ်လို့ အာမခံနိုင်တယ်။ မိန်းမပျို တင်း က ငါ့ရဲ့ တစ်ခုတည်းသော ပစ်မှတ်ပဲ။"

"ငါသဘောတူတာတောင်မှ ငါ့အစောင့်တွေက လုပ်မှာမဟုတ်ဘူး!" မိန်းမပျိုက ပြောလိုက်ပါသည်။

"ငါတို့ မသေမချင်း မိန်းမပျိုလေးကို ကာကွယ်စောင့်ရှောက်ပေးမယ်လို့ ကတိပြုပါတယ်။" အားလုံး၏ မျက်လုံးများတွင် ပြတ်ပြတ်သားသား အမူအရာများ ပြည့်နှက်နေ၏။

အစောင့်များအားလုံးက တစ်ပြိုင်နက်
ပြောဆိုကြပြီး ၎င်းတို့၏ မျက်လုံးများတွင်
သူရဲဘောကြောင်မှု လုံးဝမရှိပေ။

"ဒါဆိုရင် မိန်းမပျို တင်း က အဆုံးစွန်အထိ ခုခံဖို့
ရည်ရွယ်ထားတာလား။" မီဒူဆာ ၏အကြည့်က
တဖြည်းဖြည်း အေးခဲလာသည်။

သူမက ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်တစ်ဦး
ဖြစ်သော်လည်း
ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူ ၁၀၀
ကျော်နှင့် ရင်ဆိုင်ရမည်ဖြစ်သည်။

ထို့အပြင် ၎င်းတို့အထဲမှ ၃၀ ကျော်က အဆင့် ၉ ဝိညာဉ်နယ်ပယ်အလွှာအဆင့်များဖြစ်နေလေသည်။

အကယ်၍ ၎င်းတို့သာ ပူးပေါင်းတိုက်ခိုက်ပါက သူမအနေဖြင့် အနိုင်ရရန်မသေချာတော့ပေ။

"ဝက်ပါ ဖွဲ့စည်းလိုက်ကြ!" မိန်းမပျိုက လူအုပ်ကို လှည့်ကြည့်ရင်း အော်ပြောလိုက်သည်။

သူမပြောပြီးသည်နှင့် ပတ်ဝန်းကျင်ရှိ အစောင့်များအားလုံး လျင်မြန်စွာ လှုပ်ရှားသွားကာ ခဏတာအတွင်း
ဝက်ပါစက်ဝန်းတစ်ခုဖြစ်ပေါ်လာသည်။

ဝက်ပါစက်ဝိုင်း ၏အတွင်းအလွှာရှိ
အစောင့်များများ နတ်လေးများကို လက်ထဲတွင်
ကိုင်ဆောင်ထားပြီး အပြင်အလွှာရှိ
အစောင့်များသည် လှံများကို လက်ထဲတွင်
ကိုင်ဆောင်ထားသည်။

ထို့ပြင် သူတို့၏ခြေရင်းအောက်တွင်
အပြာရောင်အလင်းစက်ဝိုင်းတစ်ခု ပေါ်လာသည်။

“ငါတို့ တစ်နာရီလောက် ခုခံနိုင်ဖို့ပဲ လိုတယ်။
ငါတို့ကလန်က ပညာရှင်တွေ
မကြာခင်သေချာပေါက်ရောက်လာမယ်။

တကယ်လို့ အားလုံး
ဒီတိုက်ပွဲကနေအသက်ရှင်ခဲ့ရင် ငါ့ တင်းကလန် က

တစ်ယောက်ချင်းစီကို ထိပ်တန်းအဆင့်စွမ်းအင်ကျောက်တုံး ၁၀ လုံးစီပေးအပ်မယ်။ ဒါ့အပြင် မြေကမ္ဘာအဆင့်နည်းစနစ်ခန်းမ၊ မြေကမ္ဘာအဆင့်ရတနာခန်းမထဲကနေကြိုက်ရာတစ်ခုစီကိုရွေးချယ်နိုင်တယ်။ ပြီးတော့ အဲဒီခန်းမတွေကိုတစ်လခွဲကြာတဲ့အထိ ဖွင့်လှစ်ထားပေးမယ်။

တစ်ယောက်ယောက်က တိုက်ပွဲမှာသေသွားရင် ငါ့ရဲ့တင်းကလန်က ထိပ်တန်းစွမ်းအင်ကျောက်တုံး ၅၀ လျော်ကြေးနဲ့ မင်းရဲ့ကျန်တဲ့မိသားစုဝင်တွေကို တင်းကလန်အဖွဲ့ဝင်တွေအဖြစ်သတ်မှတ်ပေးမယ်

လို့ကတိပေးတယ်။" မိန်းမပျို ၏အသံသည်
ပတ်ဝန်းကျင်တစ်ခုလုံး ပဲ့တင်ထပ်နေသည်။

အားလုံးသည် သူမ၏စကားကိုကြားသောအခါ
စိတ်ကြွဆေးများသောက်ထားပုံရပြီး
“မိန်းမပျိုငယ်ကို ငါတို့သေတဲ့အထိ
ကာကွယ်ပေးမယ်!” ဟု
စိတ်လှုပ်ရှားစွာနှင့်အော်ဟစ်လိုက်ကြလေသည်။

မီဒူဆာကလည်း
ရှေ့မှမြင်ကွင်းကိုကြည့်ပြီးအနည်းငယ်မှုန်ကုတ်ကု
တ်ဖြစ်နေခဲ့၏။

တင်းကလန် ၏ပညာရှင်များကိုရပ်တန့်ရန်

ထွက်ခွာသွားသော ပညာရှင်များက
အချိန်အကြာကြီးရပ်တန့်နိုင်မည်မဟုတ်ပေ။

နောက်ဆုံးတွင် တင်းကလန်က
မင်းမဲ့စရိုက်သမုဒ္ဒရာထဲတွင်
အထွတ်အထိပ်အုပ်စိုးရှင်ကလန်ကြီးတစ်ခုဖြစ်ခဲ့၏
။

ထို့ကြောင့် ထိုဂိုဏ်းများအားလုံးက
လျှို့ဝှက်လက်ခံရရှိထားသော
အထောက်အပံ့အတွက်သာမဟုတ်ပါက
တင်းကလန်ကို လုံးဝဆန့်ကျင်ဝံ့မည်မဟုတ်ပေ။

အခုတော့ သူမရှေ့တွင် လမ်းနှစ်လမ်းသာ ရှိတော့သည်။ ပထမအချက်မှာ တင်းကလန် ၏သခင်မလေးကို ဖမ်းဆီးရန်အတွက်ချက်ချင်းတိုက်ခိုက်ပြီး အဆုံးအစွန်ထိဖိအားပေးရန်ဖြစ်သည်။

သို့သော် တင်းကလန် ၏အသေခံစစ်သည်များက မိန်းမပျို တင်း ကို ကာကွယ်နေချိန်တွင် သူမကိုယ်တိုင်အောင်မြင်ရန် မျှော်လင့်ချက်များစွာမရှိခဲ့ပေ။

ဒုတိယလမ်းကြောင်းမှာ သူမ၏အင်အားစုများ ရောက်ရှိလာခြင်းကို စောင့်ဆိုင်းရန် ပင်။

သို့သော် တင်းကလန် မှပညာရှင်များသာ အရင်ဦးဆုံးရောက်ရှိလာပါက သူမကိုယ်တိုင်ဆိုးဆိုးရွားရွားသေဆုံးသွားရပေမည်။

"ငါချက်ချင်း တိုက်ခိုက်ရမှာလား ဒါမှမဟုတ် စောင့်သင့်လား။" မီဒူဆာ က အနည်းငယ် အကျပ်ရိုက်နေပါသည်။

ယန်ယဲ့ကတော့ ဘေးတွင်အသာရပ်ကာ
ထိုအမျိုးသမီးနှစ်ယောက်ကို စိုက်ကြည့်နေသည်။
"ဒီမိန်းမပျိုလေးက တကယ်ကို
ဉာဏ်ကောင်းတယ်။
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်နဲ့
ရင်ဆိုင်ရတဲ့အခါ ထိတ်လန့်တဲ့ အရိပ်အယောင်တွေ
မပြခဲ့ဘဲ အေးအေးဆေးဆေး တည်ငြိမ်နေနိုင်သလို
လက်အောက်ငယ်သားတွေရဲ့နှလုံးသားကို
အနိုင်ယူနိုင်ခဲ့တယ်။
ဒီလိုခိုင်မာတဲ့စိတ်ဓာတ်ခွန်အားနဲ့
ဉာဏ်ရည်ထက်မြက်နဲ့မိန်းမပျိုက အဲဒီမိန်းကလေး
ချင်ရှီယူနဲ့တောင်ယှဉ်နိုင်သေးတယ်။"

အကယ်၍ သူမသာ
သာမန်အဖွဲ့အစည်းတစ်ခုမှဖြစ်နေပါက
ယန်ယဲ့အနေဖြင့် သူမကို သူ့ဘေးနားဆွဲခေါ်ရန်
ဝင်ရောက်စွက်ဖက်ပါလိမ့်မည်။

သူ့အမြင်တွင် မိန်းမပျိုလေးက
ဉာဏ်ရည်ထက်မြက်သော
အရည်အချင်းရှိသူဖြစ်ရာသူ့အတွက်
ကြီးမားသောအကူအညီဖြစ်မည်မှာ
သေချာပါသည်။

ကံဆိုးစွာပဲ
သူမ၏နောက်ခံအဆင့်အတန်းကသာမန်မဟုတ်ခဲ့
ပေ။

ထို့ကြောင့် ယန်ယဲ့သည်လည်း
တိုက်ပွဲအားဝင်ရောက်စွက်ဖက်ရန်အကြံအစည်ကို
လက်လျှော့လိုက်၏။

သူ့တွင် ဓားအင်ပါယာ
အဆင့်အတန်းရှိနေသော်လည်း၊ ကမ္ဘာပေါ် ရှိ
အလုပ်မယ်များနှင့် ကျင့်ကြံသူအားလုံးကို
လက်အောက်ခံစေမည့်အင်အားမျိုးရှိမနေခဲ့ပေ။

ထို့အပြင် သူသည် ဂိုဏ်းများနှင့် မျိုးနွယ်စုများကြား ပဋိပက္ခစစ်ပွဲများတွင် မပါဝင်ချင်ပေ။

လက်ရှိ သူ့တွင် ပြဿနာများမရေမတွက်နိုင်အောင်ရှိနေပြီဖြစ်ရာ ကျန်အရာများကိုဝင်ရောက်စွက်ဖက်ရန်စိတ်မဝင်စားနိုင်ပါ။

ထို့နောက် ခေါင်းယမ်းကာ တစ်ဖက်လှည့်ပြီး ဘေးကနေ ကွေ့ပတ်သွားရန်ပြင်လိုက်တော့သည်။

ထိုစဉ် မိန်းမပျိုနှစ်ဦးက သတိဝင်လာပြီး သူမတို့၏အကြည့်များကလည်း ယန်ယွဲ့ဆီသို့ ကျရောက်လာကြသည်။

ရုတ်တရက်

အမည်မသိလူငယ်တစ်ယောက်ကိုမြင်လိုက်ရသဖြ
င့်

အနည်းငယ်မျက်မှောင်ကြုတ်သွားကြသည်။သို့ရာ
တွင်မတားဆီးခဲ့ကြပေ။

သူတို့ကလည် ယန်ယဲ့ ၏အပြုအမူနှင့်ပတ်သက်၍
ရှင်းရှင်းလင်းလင်းသိထားလေသည်။ထိုအမည်မသိ
လူငယ်က

မည်သည့်ပြဿနာမှဝင်ပါလိုခြင်းရှိပုံမရပေ။

ထိုအချိန်တွင် ယန်ယဲ့သည်
ရှေ့ကိုခြေနှစ်လှမ်းလှမ်းနေရာမှ ရုတ်တရက်
ရပ်လိုက်သည်ကိုမြင်သောအခါ မိန်းမပျိုနှစ်ဦးလုံး
မျက်ခွံများ လှုပ်ယမ်းသွားသည် ။

ထို့အပြင် မီဒူဆာက သူမ၏ ကြာပွတ်ကို
တင်းကျပ်စွာ ဆုပ်ကိုင်ထားမိသည်။

ယုတ္တိရှိရှိပြောရလျှင် သူမက အဆင့် ၂
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်ဖြစ်နေပြီး
အပြာရောင်သက်စောင့်ဓားကိုလွယ်ထားသောအမ
ည်မသိလူငယ်အား မကြောက်သင့်ပေ။

သို့သော်၊ သူမ၏ပင်ကိုယ်အသိစိတ်က
အမည်မိလူငယ်ဟာ
အလွှန်အလွှန်အန္တရာယ်များကြောင်း ပြောပြသည်။

မှန်ပါသည်။
သူမ၏ပင်ကိုယ်အသိစိတ်တစ်ခုတည်းကို
အားကိုးနေ၍တော့မဟုတ်ခဲ့ချေ။
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များက
သဘာဝအားဖြင့် အရူးများ မဟုတ်ကြပါ။

သူမ၏ စူးစမ်းလေ့လာမှုကြောင့်
အမည်မသိလူငယ်က နှစ်ဖက်တပ်ဖွဲ့များနှင့်
ရင်ဆိုင်ရသောအခါတွင်

လုံးဝကြောက်ရွံ့ခြင်းမရှိကြောင်း
သတိပြုမိခဲ့သည်။

ထိုအမည်မသိလူငယ်က
လုံးဝကြောက်ရွံ့ခြင်းမရှိခဲ့ဘဲ၊ သူတို့ဆီသို့
သူ၏အကြည့်များကပင် အလွန်တည်ငြိမ်ပြီး
သဘာဝကျသည်…။

ထိုအချိန်တွင် ယန်ယဲ့က မိန်းမပျိုနှစ်ဦး
၏အကြည့်များကို သတိထားမိဟန်ဖြင့်
လှည့်ကြည့်လိုက်ပြီး “အင်း၊ မင်းတို့က
မင်းမဲ့စရိုက်သမုဒ္ဒရာကို
ငါဘယ်လိုဆက်သွားရမလဲ? ဖြေပေးနိုင်မလား။”

တစ်ဆက်ဆည်း ယန်ယဲ့က လူတိုင်းကိုပြုံးပြရင်း

တည်ငြိမ်စွာရပ်နေခဲ့၏။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၄၇၈ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၄၇၈ ) - ထွက်ပြေးသွားတာလား

ဤအခိုက်အတန့်တွင်
စွမ်းအင်အတက်အကျများနှင့်အတူ
ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ရောက်လာခဲ့လေသည်။

ထိုအဖွဲ့ကိုမြင်လိုက်ရချိန်တွင် မီဒူဆာ ၏မျက်နှာက
ပျော်ရွှင်သောအရိပ်အယောင်များ ရုတ်တရက်
ပေါ်လာသည်။

ကျွမ်းကျင်သူ ၂၀၀ ကျော်က
အဝေးကနေလျှပ်စီးကြောင်းများအလား
ချက်ချင်းရောက်ရှိလာကြသည်။

၎င်းတို့ထဲမှ တစ်ယောက်စီတိုင်းက အနည်းဆုံး သိုင်းဘုရင်အဆင့်တွင်ရှိနေခဲ့ပါသည်။

တစ်ခဏလေးအတွင်း အဖွဲ့ကိုဦးဆောင်လာသော ထိပ်ပြောင်ပြောင်လူ ၏အမိန့်အရ မိန်းမပျို တင်း အဖွဲ့ကို ဝိုင်းထားလိုက်ကြသည်။

မိန်းမပျို တင်း ၏မျက်နှာက ချက်ချင်းပင် မည်းမှောင်သွားပါတော့သည်။

"တင်းရှောက်ယောင်!(Ding Shaoyao) နင့်ကို နောက်ဆုံးအခွင့်အရေးတစ်ခုပေးမယ်။ နင်နာခံပြီး

ငါနဲ့လိုက်ခဲ့မယ်ဆိုရင်
နင့်ရဲ့အစောင့်တွေအားလုံးရဲ့အသက်ကို
ငါနှမြောမယ်။ မဟုတ်ရင် ငါ့ကို
အကြင်နာမဲ့တယ်လို့ အပြစ်မတင်နဲ့!" မီဒူဆာ က
အသံတိုးတိုးဖြင့်ပြောလိုက်သည်။

တင်းရှောက်ယောင် ဟုခေါ်သော
မိန်းမပျိုကပြတ်သားသောအမူအရာဖြင့်
သူမ၏မျက်လုံးများ မှိန်ဖျော့ဖျော့တောက်ပနေစဉ်
"လူတိုင်း၊
ကောင်းကင်နတ်ဆိုးဂိုဏ်းရဲ့အပြုအမူတွေနဲ့ပတ်သ
က်ပြီး အားလုံး သိကြမှာ သေချာပါတယ်။
သူ့တောင်းဆိုချက်တွေကို ငါသဘောတူရင်တောင်

သူတို့အားလုံး မင်းတို့ကို နှမြောမှာ မဟုတ်ဘူး။
လမ်းခွဲပြီး ဒီအချိန်ကစပြီး ပြေးပါ။
မင်းတို့အသက်ရှင်မရှင်က ကံကြမ္မာအပေါ်မှာ
လုံးလုံးမူတည်လိမ့်မယ်။ စိတ်မပူပါနဲ့၊ မင်းတို့
ကံဆိုးပြီးသေသွားရင်တောင် ငါတင်းရှောက်ယောင်
ရဲ့ကတိတွေက အသက်ဝင်နေတုန်းပဲ။”

သူမ ထိုစကားကိုပြောပြီးသည်နှင့်
တင်းရှောက်ယောင်က လက်ဝါးကို လှန်လိုက်ရာ
စာလိပ်တစ်ခု ပေါ်လာတယ်။ တစ်ဆက်တည်းပင်
သူမက ဒေါသတကြီး အော်လိုက်သည်။
“ပြေးကြတော့!”

သူစကားဆုံးပြီးသည်နှင့် အနည်းငယ်အားစိုက်ပြီး လက်ကိုဖြစ်ညှစ်လိုက်ရာ စာလိပ်ကချက်ချင်းကွဲထွက်၍နေရာမှာပင်ပျောက်ကွယ်သွားတော့သည်။

“ဒါက ကျပန်း အဆောင်ပေါ်တယ် ပဲ။မိုက်ရိုင်းလိုက်တာ!” ဤမြင်ကွင်းကို မြင်လိုက်ရသည့်အခါ မီဒူဆာက ချက်ချင်းဒေါသထွက်သွားပြီး“သူတို့ကို သတ်ပစ်လိုက်။ တစ်ယောက်မှ မလွတ်စေနဲ့!"

အစောင့်စစ်သည်များက တုန်လှုပ်ချောက်ချားမှုမှ
သတိပြန်ဝင်လာကာ ခုခံရန်
ချက်ချင်းလက်လျှော့လိုက်ကြပြီး
ပတ်ဝန်းကျင်ဆီသို့ ဦးတည်ပြေးသွားကြသည်။

သို့သော် ၎င်းတို့ထဲမှ အများစုမှာ သေသူသေ
ထွက်ပြေးသူကထွက်ပြေးနှင့်ရှုပ်ယှက်ခတ်နေကြ
သည်။

"သခင်မလေး၊ ငါတို့ အခု ဘာလုပ်သင့်လဲ"
ထိပ်ပြောင်ပြောင်လူက မီဒူဆာ အနားကိုကပ်ပြီး
အသံတိုးတိုးဖြင့် မေးသည်။

မီဒူဆာက ချက်ချင်းပြန်မဖြေသေးပေ၊ သူမ၏ မျက်နှာပေါ်တွင် ပြင်းထန်သော အမူအရာသာ ရှိနေသည်။

အောင်ပွဲက သူမနှင့်လက်တစ်ကမ်းသာလို သော်လည်း တင်းရှောက်ယောင်က ကျပန်းတည်နေရာရွှေ့ပြောင်းခြင်းအဆောင် ပိုင်ဆိုင်ထားလိမ့်မည်ဟု သူမ မထင်ထားခဲ့ပေ။

အမှန်စင်စစ် အားလုံးက သူမကိုယ်တိုင် သတိပေါ့လျော့သွားလို့ပင်မဟုတ်ပါလော။

သူမသာ သတိအပြည့်လုပ်ဆောင်ခဲ့ပါက ဤနေရာကိုပိတ်လှောင်ထားနိုင်ပြီး တင်းရှောက်ယောင် အနေဖြင့် ၎င်းကို အသုံးပြုနိုင်မည်မဟုတ်ပေ။

“အဲဒီ အသုံးမကျတဲ့ အမှိုက်တွေကို လိုက်မနေနဲ့တော့။ ငါတို့ပတ်ဝန်းကျင် ကီလိုမီတာ ၁၀၀ အကွာအဝေးကို ရှာဖွေဖို့ လူတိုင်းကို အမိန့်ပေးပါ။ တင်းရှောက်ယောင်က ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူဖြစ်ပေမဲ့ သူမရဲ့ခန္ဓာကိုယ်ကြောင့်

တိုက်ခိုက်ဖို့ခွန်အားမရှိဘူး။ ဒါကြောင့် သူမကကို ကြောက်စရာ မလိုဘူးလို့ သူတို့ကို ပြောလိုက်ပါ။ ဟုတ်တယ်၊ ဒါပေမဲ့ သူတို့က ပေါ့ပေါ့ဆဆ မလုပ်နဲ့လို့ပါ ထပ်ပြီးသတိပေးလိုက်။ သူမရဲ့လက်ထဲမှာ အသက်ကယ်ဝှက်ဖဲမရှိဘူးလို့ ငါတို့ အာမမခံနိုင်ပါဘူး။” မီဒူဆာက အသံမှုန်ကုပ်ကုပ်နဲ့ ပြောလိုက်ပါသည်။

ထိပ်ပြောင်ပြောင်လူက ခေါင်းညိတ်ပြပြီးနောက် ယန်ယွဲ့ကို မော့ကြည့်ကာ “သခင်မလေး! ဒီလူကကော…” ဟုဆိုသည်။

မီဒူဆာ ၏အကြည့်သည်

ယန်ယဲ့အပေါ်ကျဆင်းသွားပြီး အပြုံးမပျက်ဘဲ ခဏလောက် စိုက်ကြည့်ကာ "ဒီကသခင်လေး! သခင်လေးကိုကြည့်ရတာ သိပ်ပြီးမရင်းနှီးသလိုပဲ။သခင်လေးက မင်းမဲ့စရိုက်သမုဒ္ဒရာထဲက မဟုတ်ဘူးလို့ ငါထင်တယ်။"

ယန်ယဲ့က ပုံမှန်အတိုင်းသာ၊ "ဒီမှာ အာဏာလုပွဲတွေကြားက စစ်ပွဲတွေကို ငါ စိတ်မဝင်စားဘူး၊ ငါ ဖြတ်သွားရုံနဲ့ ဒီအဖြစ်အပျက်နဲ့ရင်ဆိုင်တိုးသွားတာ။ မင်းက မင်းမဲ့စရိုက် သမုဒ္ဒရာထဲက လို့ ငါထင်တယ်၊ ဒါနဲ့

မင်းကို အဲဒီနေရာ ဘယ်လိုရောက်အောင်
သွားရမလဲလို့ မေးလို့ရလား?"

မီဒူဆာက မေးလိုက်သည်။ "သခင်လေးက
 မင်းဘာလို့ မင်းမဲ့စရိုက်သမုဒ္ဒရာကို
သွားနေတာလဲ"

ယန်ယဲ့က မျက်မှောင်ကြုတ်လိုက်သည်။
ဤအတောအတွင်း မီဒူဆာ က ရုတ်တရက်
"ရှေ့ဆက်သွားလိုက်ပါ၊ နင်က မင်းမဲ့စရိုက်လွင်ပြင်
ကိုဖြတ်သန်းပြီးတာနဲ့ မင်းမဲ့စရိုက်သမုဒ္ဒရာ ကို
ရောက်သွားလိမ့်မယ်။

ဒါပေမဲ့ နင်ပိုင်ဆိုင်ထားတဲ့ ခွန်အားတွေနဲ့ဆို အဲဒီနေရာကို ဖြတ်ကျော်ဖို့ ခက်ခဲသွားမှာ စိုးရိမ်မိတယ်။ ဒီလိုဆို ငါတို့နဲ့ဘာလို့အတူမသွားတာလဲ။ အနည်းဆုံးတော့ လမ်းမှာ တစ်ယောက်နဲ့တစ်ယောက် ဂရုစိုက်နိုင်မယ်လေ။ နင်ဘယ်လိုထင်လဲ?"

“အဲဒါအတွက် မလိုပါဘူး။ ငါအလျှင်လိုနေပြီဆိုတော့ ဒီကနေပဲ နှုတ်ဆက်လိုက်မယ်!"

ယန်ယဲ့  က သူတို့နှစ်ယောက်ကို အနည်းငယ် ခေါင်းညိတ်ပြပြီးနောက် ရှေ့သို့ ဆက်လျှောက်သွားသည်။

“စောင့်!” ထိုအချိန်တွင် ထိပ်ပြောင်ပြောင်လူက အေးစက်စက်လေသံနှင့်တားဆီးလာသောကြောင့် ယန်ယဲ့ ၏ခြေလှမ်းများက တုံ့ခနဲရပ်တန့်သွားခဲ့သည်။

ထို့နောက်တွင် ယန်ယဲ့က ရပ်လိုက်ပြီး ထိပ်ပြောင်ပြောင်လူကို လှည့်ကြည့်ကာ "ဘာလဲ"

ထိပ်ပြောင်ပြောင်လူက ယန်ယဲ့ကို
စူးစူးစိုက်စိုက်ကြည့်ကာ မီဒူဆာ အား
“သခင်မလေး! ဂိုဏ်းသခင်က ငါတို့ကို
လိုက်ရှာခိုင်းတဲ့လူကို မှတ်မိသေးလား။
သခင်မလေး အဲဒီတုန်းက ဂိုဏ်းထဲမဝင်ခဲ့ဘူး၊
ဒါကြောင့် ဂိုဏ်းသခင်ပြတဲ့ ပုံတူကို မမြင်ရပေမယ့်
ငါတို့မြင်တွေ့ခဲ့တယ်။ ချက်ချင်း မမှတ်မိလိုက်ပေမဲ့
အခုပြန်စဉ်းစားကြည့်တော့ ပုံထဲကလူက သူနဲ့
တော်တော်ဆင်တူတာကို သတိထားမိတယ်။
ငါထင်တာမမှားရင် သူက
ဂိုဏ်းသခင်ရှာနေတဲ့လူပဲဆိုတာ သေချာတယ်။
ငါတို့က သူ့ကို ထွက်သွားဖို့ ခွင့်မပြုနိုင်ဘူး!”

မီဒူဆာ ၏မျက်လုံးများက

အရောင်တောက်သွားပြီး

ထိပ်ပြောင်ပြောင်လူကိုစိုက်ကြည့်လိုက်သည်။

"သေချာလို့လား"

ထိပ်ပြောင်ပြောင်လူက  ခေါင်းညိတ်ပြီး

ဆက်ပြောသည် “ပုံထဲမှာရှိတဲ့လူက

သူ့နောက်ကျောမှာ

သက်စောင့်ဓားကိုလွယ်ထားတာ မဟုတ်ဘူး၊

ဒါကြောင့် သူ့ကို ချက်ချင်း မမှတ်မိလိုက်တာ။

အခုကျ သူ့ကျောပေါ်မှာရှိ တဲ့ သက်စောင့်ဓား

အပြင် ပုံထဲကနဲ့လုံးဝကိုတူနေတယ်။

ဒီတော့ သူက ဂိုဏ်းသခင် ရှာနေတဲ့လူဆိုတာ သေချာပါတယ်။ ဂိုဏ်းသခင် ပြောခဲ့တာက သူ့ကိုတွေ့ရင် ငါတို့က သူ့ကို ရန်စတာမျိုး လုံးဝမလုပ်သင့်ဘူးတဲ့၊ တွေ့တာနဲ့ ဂိုဏ်းသခင် ကို အရင်အကြောင်းကြားပါလို့ အမိန့်ပေးထားခဲ့တယ်။ သူက

ဂိုဏ်းသခင်အတွက်အရမ်းအရေးကြီးတယ်လို့ ထင်တယ်။ ဒါကြောင့် သူ့ကို ထွက်သွားဖို့ လုံးဝ ခွင့်မပြုနိုင်ဘူး!”

မီဒူဆာက ခဏလောက် လေးလေးနက်နက် စဉ်းစားပြီးနောက် ယန်ယွဲ့ကို စိုက်ကြည့်ကာ

"သခင်လေး! အဲဒါတွေ
အကုန်ကြားပြီးပြီထင်တယ်" ဟု ပြောလိုက်သည်။

ဤအခိုက်အတန့်တွင် ယန်ယွဲ့ ၏နှလုံးသားက
အံ့သြတုန်လှုပ်မှုများဖြင့် ပြည့်နှက်နေသည်။
ထိုထိပ်ပြောင်ပြောင်လူက
လိမ်ညာနေပုံမပေါ်သော်လည်း
ကောင်းကင်နတ်ဆိုးဂိုဏ်းသခင်က သူ၏ပုံတူအား
မည်သည့်အတွက်ပြခဲ့သနည်း? အဲဒါဖြစ်နိုင်မလား
….?"

ယန်ယဲ့သည် တစ်ခုခုကို တွေးနေပုံရပြီးနောက် ရုတ်တရက် သူ့အကြည့်များက အေးခဲသွားသည်။

"သခင်လေး! နင်က ငါနဲ့အတူ ကောင်းကင်နတ်ဆိုးဂိုဏ်းကို လိုက်လာဖို့ ပြင်းမှာမဟုတ်ဘူးလို့ ငါထင်တယ်.... မဟုတ်လား" မီဒူဆာက လက်မှ ရွှေကြာပွတ်ကိုအနည်းငယ်ယမ်းလိုက်ရင်းပြော လေသည်။

"ငါသွားလိုက်မယ်။ ဒါပေမဲ့ မင်းနဲ့မဆိုင်ဘူး!" စကားပြောပြီးသည်နှင့် ယန်ယဲ့ ၏ပုံရိပ်က

တဖျပ်ဖျပ်တောက်ပလာပြီး မီဒူဆာထံသို့
တိုက်ရိုက်ခုန်ဝင်လိုက်သည်။

ယခုအချိန်က သူ့အနေဖြင့်
အချိန်ဆွဲရန်မတတ်နိုင်သည်ဖြစ်ရာ
သူ့ရှေ့မှလူတိုင်းကိုသတ်ပစ်ရုံသာရှိတော့၏။

သူ့အနေဖြင့် ဗဟိုနယ်မြေကို
အမြန်ဆုံးရောက်ရှိရန်အရေးတကြီးဖြစ်နေပါသည်။

ဝိညာဉ်နယ်ပယ်အလှွာအဆင့် ကျွမ်းကျင်သူက သူမအား စတင်တိုက်ခိုက်လိုက်သဖြင့် မီဒူဆာက မျက်နှာပျက်သွားသည်။

သူမ၏လက်ကောက်ဝတ်ကိုဆတ်ခနဲလှန်လိုက်ကာ ရွှေရောင်ကြာပွတ်က ရွှေမြွေတစ်ကောင်ကဲ့သို့ ယန်ယဲ့ဆီသို့ လျင်မြန်စွာ ပစ်လွှတ်လိုက်လေသည်။

ယန်ယဲ့ကတော့ ထူးခြားဟန်မပြဘဲ၊ သူ့ထံတိုးဝင်လာသည့် ရွှေရောင်ကြာပွတ်ကို လက်သီးဖြင့် ထိုးလိုက်သည်။

ဘုန်း!

ရွှေရောင်ကြာပွတ်က နောက်ပြန်လွင့်ထွက်သွားရာ မီဒူဆာက ချက်ချင်းပင် ထိတ်လန့်သွားသည်။

သို့သော် သူမက ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်တစ်ဦးဖြစ်ရာ မည်သည့်အကြောင်းကြောင့် ဝိညာဉ်နယ်ပယ်အဆင့်ကိုကြောက်လန့်နေရမည်နည်း?

"ဟမ့်။ နင်က သေလမ်းရှာနေတာဘဲ!"

မီဒူဆာက  သူမ၏လက်ကို ဝှေ့ယမ်းလိုက်ရာ
ရွှေကြာပွတ်က လေထုထဲတွင် ကြီးမားလာပြီး
မီတာ ၃၀၀ နီးပါးရှည်သော စပါးအုံးမြွေကြီးအဖြစ်
ပြောင်းလဲသွားသည်။

ထို့နောက် ရွှေရောင်စပါးအုံးမြွေကြီးက
၎င်း၏အမြီးကြီးကို ယန်ယဲ့ဆီသို့
ပြင်းထန်စွာရိုက်ချလေသည်။

တိုက်ခိုက်ရေးနည်းစနစ် လား?.

ယန်ယဲ့ကလည်း ပေါ့ပေါ့ဆဆ ပြုမူဝံ့ခြင်း မရှိပေ။

သူ့လက်ကို တစ်ချက်လှုပ်လိုက်ရာ နဂါးအရိုးဓားက ဖျတ်ခနဲပေါ်လာပြီး၊ ထို့နောက် အလျားလိုက်ပိုင်းချခဲ့သည်။

တစ်ဆက်တည်းပင် မရေမတွက်နိုင်သော ဓားချီကြိုးများက ရှေ့ကို တဟုန်ထိုးပေါက်ကွဲထွက်ကာ ရွှေရောင်စပါးအုံးမြွေကြီးနှင့်တိုက်ချသွားတော့သည်။

မရေမတွက်နိုင်သော စွမ်းအင်လှိုင်းလုံးများ ဖြာထွက်လာပြီးနောက် ပတ်ဝန်းကျင်ရှိ

အာကာသဟင်းလင်းပြင်က ပြင်းထန်စွာ
တုန်ခါသွားသည်။

မီဒူဆာ က ဤမြင်ကွင်းကိုမြင်ရသောအခါတွင်
သူမ၏မျက်လုံးများက သိသိသာသာ
ထိတ်လန့်ဟန်များပေါ်လာခဲ့လေသည်။

"ဒါက
ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူရဲ့တိုက်
ခိုက်မှုတစ်ခုလား? သူက ငါ့ရဲ့
မြေကမ္ဘာအဆင့်မြင့်တိုက်ခိုက်ရေးနည်းစနစ်ကို
တောင် ဖျက်ဆီးပစ်လိုက်တယ်။

ကံကောင်းသွားတယ်၊
အဲဒါကဓားစိတ်ဆန္ဒနဲ့အဆင့်မြှင့်ထားတဲ့
ဓားကြိုးမျှင်တွေဖြစ်နေလို့။ ဒီလူငယ်က
ဓားစိတ်ဆန္ဒကိုနားလည်ထားနိုင် ၊ မဟုတ်ရင်….

ထိုအချိန်တွင် အလင်းတန်းတစ်ခု ဖျတ်ခနဲ
လင်းလက်သွား၏။

ခရမ်းရောင်ဓားချီကြိုးမျှင်တစ်ချောင်းက မီဒူဆာ
ရှေ့သို့ ချက်ချင်းရောက်ရှိလာကာ
သူမ၏လက်ကိုကမန်းကတန်းဝှေ့ယမ်းပြီးကြာပွတ်
နှင့်ရိုက်ချလိုက်ရလေသည်။

အုန်း!

မီဒူဆာ ၏လက်ထဲမှ ရွှေရောင်ကြာပွတ်က ကွဲထွက်သွားကာ ခရမ်းရောင်ဓားကြိုးမျှင်က လည်း ပြန့်ကျဲသွားသည်။

ခရမ်းရောင်ဓားကြိုးမျှင်က ကွဲထွက်သွားပြီးနောက် ရုတ်တရက်ထိုအထဲမှ အနီရောင်အလင်းတန်းတစ်ခု ထွက်ပေါ်လာကာ မီဒူဆာ ထံသို့ လျှပ်တစ်ပြက် ပစ်ခတ်လိုက်သည်။

မီဒူဆာက သူမ၏ကျိုးနေသောကြာပွတ်ကို
စိုက်ကြည့်နေပြီး အနီရောင်အလင်းတန်းကို
မြင်လိုက်သောအခါ သူမ၏အမူအရာက
ချက်ချင်းပင် သိသိသာသာပြောင်းလဲသွားသည်။
သူမ အံ့သြစွာ အော်ဟစ်လိုက်ပါသည်။
"ဓားစိတ်ဆန္ဒ...။ ရုပ်ဝတ္ထုအဆင့်ရောက်နေတဲ့
ဓားစိတ်ဆန္ဒ ။ နင်က ဘယ်လိုလူလဲ?"

ထိတ်လန့်သွားသော်လည်း မီဒူဆာ ၏တုံ့ပြန်မှုသည်
နှေးကွေးခြင်းမရှိပေ။
သူမ၏ ညာလက်ကို လျင်မြန်စွာ ဝှေ့ယမ်းပြီး
ဆုပ်ကိုင်လိုက်ရာ အနီရောင်အလင်းတန်းက

အေးခဲသွားပြီး ချက်ချင်းပင် လေထဲ၌ တဟုန်ထိုး ပျံ့လွင့်သွားသည်။

ထိုအခိုက်အတန့်တွင် မီဒူဆာ ၏မျက်လုံးများက ကျဉ်းမြောင်းသွားရင်း သူမ၏လည်ပင်းနောက်ဘက်မှ အေးစက်စက်ခံစားမှုကိုရလိုက်သည်။

ချက်ချင်းပင် သူမ၏ ညာခြေကို မြေပြင်ပေါ်သို့ လျင်မြန်စွာ နင်းလိုက်ပြီး နေရာတွင်ပင် ပျောက်ကွယ်သွားတော့သည်။

သို့သော်လည်း
အချိန်အနည်းငယ်နောက်ကျနေသေးသည့်အလား
သူ၏လည်ပင်းနောက်ဖက်တွင် ၁၀
စင်တီမီတာခန့်နက်သောဓားဒဏ်ရာတစ်ခု
ပေါ်လာခဲ့သည်။

သို့သေည် သူမက ယန်ယဲ့ကို အံ့အားသင့်စွာဖြင့်
တစ်ချက်သာကြည့်လိုက်ပြီး
အာကာသဟင်းလင်းပြင်ကိုကို
တိုက်ရိုက်ဆုတ်ဖြဲကာ အလွန်လျင်မြန်သော
အရှိန်ဖြင့် ထွက်ပြေးသွားခဲ့သည်။

တစ်ခဏလေးအတွင်း မီဒူဆာ ၏ပုံရိပ်က ယန်ယဲ့ရှေ့ကနေ လျင်မြန်စွာ ပျောက်ကွယ်သွားလေတော့သည်။

ယန်ယဲ့သည်လည်း ရုတ်တရက်အခြေအနေကြောင့် အံ့သြသွားမိသည်။

"သူမက ဒီအတိုင်း ထွက်သွားပြီလား။ ငါ့ရဲ့ ခွန်အားကိုတောင် အပြည့်အဝ အသုံးမချရသေးဘူးလေ!"

ခဏအကြာတွင် ယန်ယဲ့သည် စကားသိပ်မပြောနိုင်ဘဲ ခေါင်းယမ်းလိုက်သည်။

ဂုဏ်သိက္ခာကြီးမားသော
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်က အမှန်တကယ်
ထွက်ပြေးလိမ့်မည်ဟု သူ မမျှော်လင့်ထားပေ။
သို့သော်လည်း ယန်ယဲ့ဟာ သူကြုံတွေ့နေရသော
ပြဿနာတစ်ခုကို သတိပြုမိလိုက်ခသည်။
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များသာ
ထွက်ပြေးရန် စိတ်ပိုင်းဖြတ်ထားပါက သူ့အနေဖြင့်
အမှန်တကယ် ကူကယ်ရာမဲ့ ဖြစ်နေခြင်းပင်။

အမ်....။ ဒီမှာ တခြားလူရှိတယ်ဆိုတာ
မေ့သွားတော့မလို့!...

ယန်ယဲ့က ရုတ်တရက်သတိဝင်လာပြီး ထိတ်လန့်တုန်လှုပ်နေသော ထိပ်ပြောင်ပြောင်လူကို လှည့်ကြည့်ကာ ခေါင်းယမ်းလိုက်သည်။

"ဒီလူက သူ့သေခြင်းတရားကို သူကိုယ်တိုင်ရှာလိုက်တာလေ....။ ဒါက အတိအကျပဲ။ ဘာလို့လဲဆိုတော့ ထိပ်ပြောင်ပြောင်လူက မီဒူဆာကို စကားမပြောရင် သေရမှာမဟုတ်ဘူး။ကံမကောင်းစွာဖြင့်ပဲ.....

ထိုအချိန်တွင် အလင်းတန်းတစ်ခု လင်းလက်သွား၏။ ထို့နောက် အဆင့် ၅ ဝိညာဉ်နယ်ပယ်အလွှာအဆင့် ကျွမ်းကျင်သူဖြစ်သည့် ထိပ်ပြောင်ပြောင်လူ ၏ခေါင်းက လေထဲသို့ ပျံတက်သွားသည်။

ခဏအကြာတွင် ယန်ယွဲ့က သူ့ဓားကို ဖယ်လိုက်ပြီး ဘေးဖက်ကို လှည့်ကြည့်လိုက်ကာ "မင်း အဲဒီမှာ ဆက်ပုန်းနေသေးတာလား"ဟု ပြောလိုက်သည်။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၄၇၉ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၄၇၉) - ပါရမီရှင် တင်းရှောက်ယောင်

ယန်ယဲ့ ရှေ့တွင် မိန်းမပျိုတစ်ယောက်ပေါ်လာခဲ့၏။

သူမက ကျပန်းအဆောင်ကိုအသုံးပြုပြီး

ထွက်ပြေးသွားသော တင်းရှောက်ယောင် ပါ။

အမှန်စင်စစ် သူမက ကျပန်း
တည်နေရာရွှေ့ပြောင်းခြင်းအဆောင်ကို
လုံးဝအသုံးမပြုခဲ့ပေ။

ထိုအစား
ယာယီပုန်းကွယ်ခြင်းအဆောင်ပင်ဖြစ်လေသည်။

ယန်ယဲ့က သူ့ဆရာလင်းရှန် ၏မှတ်တမ်းများတွင်
ထိုအကြောင်းကိုတွေ့ဖူးထားသော်လည်းအပြင်ဖ
က်တွင်တစ်ခါမှမတွေ့ခဲ့ပေ။

လက်ရှိတွင်မူ တင်းရှောက်ယောင် က ၎င်းကိုပိုင်ဆိုင်ထားပြီးအသုံးပြုလိမ့်မည်ဟုထင်မထားမိပေ။

ထို့အပြင်၊ သူမ၏ ပုန်းကွယ်ခြင်းအဆောင်က အဆင့်နိမ့်ကျခြင်းမရှိပေ။

အနည်းဆုံး အလယ်အလတ်အဆင့်ပင်ရှိနိုင်သည်။ထိုသို့မဟုတ်လျှင် မီဒူဆာကိုလှည့်စားရန်မဖြစ်နိုင်ပေ။

"နင်က အဆောင်သခင် လား!" တင်းရှောက်ယောင်က သူမလက်ထဲတွင် အဆောင်ကိုကိုင်ထားရင်း ယန်ယဲ့ကို စူးစိုက်ကြည့်ကာ "

အဆောင်သခင်တစ်ယောက်ကပဲ

ကျပန်းတည်နေရာရွှေ့ပြောင်းခြင်းအဆောင်နဲ့

ကျပန်းပေါ်တယ်ကြားကခြားနားချက်ကိုမြင်နိုင်တာ

။ ပြီးတော့ နင့်ရဲ့ပုံပန်းသွင်ပြင်ကိုအခြေခံရင်

မင်းမဲ့စရိုက်သမုဒ္ဒရာက မဖြစ်နိုင်ဘူး။

နင်က တောင်ပိုင်းနယ်မြေ ဒါမှမဟုတ်

ရှေးဟောင်းဒိုမိန်းမြို့ကပဲဖြစ်ရမယ်။ နင့်ရဲ့

ရည်ရွယ်ချက်က မင်းမဲ့စရိုက်သမုဒ္ဒရာ မဟုတ်ဘဲ

ဗဟိုနယ်မြေတောင် ဖြစ်နိုင်တယ်။"

သူမက ကြီးကျယ်ခမ်းနားသော ပါရမီရှင်တစ်ဦး..။

ယန်ယဲ့ ၏မျက်ခွံများပင်

တဆတ်ဆတ်လှုပ်ယမ်းသွားသည်။

"သူမက တကယ်ကို

ဉာဏ်ကောင်းတယ်။ငါ့ရဲ့ဇာစ်မြစ်နှင့်

ဦးတည်ရာကိုတောင်အတိအကျ ခန့်မှန်းနိုင်ခဲ့တယ်။

သူမက ချင်ရှီယူထက်မနိမ့်ကျဘူး။"

"အဆင့် ၈ သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒ နဲ့

ဝိညာဉ်နယ်ပယ်အလွှာအဆင့် ခွန်အားနဲ့

ချီးမြှောက်ခြင်းနယ်ပယ်ကို သတ်နိုင်တယ်။

တောင်ပိုင်း နယ်မြေတစ်ခုလုံးမှာ
ဒီလိုလုပ်နိုင်စွမ်းရှိတဲ့လူက တစ်ယောက်ပဲရှိတယ်၊
ဓားအင်ပါယာ ! ဒီလိုဆို နင်က ဓားအင်ပါယာ
ယန်ယဲ့ ဖြစ်သင့်တယ် မဟုတ်လား"
တင်းရှောက်ယောင် က ယန်ယဲ့ကို စေ့စေ့ကြည့်ရင်း
ပြောလိုက်သည်။

"တစ်ခါတစ်ရံမှာ ထက်မြက်လွန်းတာက အမြဲတမ်း
ကောင်းတဲ့ ကိစ္စတော့ မဟုတ်ဘူး!" ယန်ယဲ့
၏မျက်လုံးများက အနည်းငယ်
ကျဉ်းမြောင်းသွားသည်။

အကြောင်းအရင်းမှာ တင်းရှောက်ယောင်၏ညာဏ်ရည်ထက်မြက်မှုက သူ့ကိုပင်အတော်လေးတုန်လှုပ်စေသည်။

တင်းရှောက်ယောင် က ယန်ယွဲ့၏စကားကိုဂရုမစိုက်ဘဲ ပြုံး၍သာ ဆက်ပြောလေသည်။" ငါတို့မှာ ဘုံရန်သူရှိလို့ မိတ်ဆွေဖြစ်သင့်တယ်ထင်တယ် !"

"ဘုံရန်သူလား?" ယန်ယွဲ့လည်း သူမ၏စကားကြောင့် ချက်ချင်းမျက်မှောင်ကြုတ်လိုက်သည်။

တင်းရှောက်ယောင် က ယန်ယဲ့ဆီသို့ ဖြည်းညှင်းစွာ လျှောက်လာပြီး "ငါ နင်နဲ့ပတ်သက်တာတွေကို စုံစမ်းပြီးပြီ၊ ငါ့မှာ နင်နဲ့ ပတ်သက်တာတွေ အကုန်ရှိတယ်။ ငါထင်တာမမှားရင် နင်က လော့ကျန်း ကို ကမ္ဘာ့ပေါ်တယ် မရအောင် တားဆီးဖို့ ဗဟိုနယ်မြေကို သွားနေတာ ဖြစ်နိုင်တယ်မဟုတ်လား"

အလင်းတန်းတစ်ခု ဖျတ်ခနဲလင်းလက်သွားပြီး အလင်းအသံလှိုင်းဓားက တင်းရှောက်ယောင် ၏လည်ပင်းနှင့်ထိကပ်သွားသည်။

သူမက မျက်နှာပေါ်တွင်ကြောက်ရွံ့မှု လုံးဝမရှိခဲ့ပေ။

အပြန်အလှန်အားဖြင့် သူမက ပြုံးပင်ပြုံး နေသေး၏။

သို့သော် တင်းရှောရ်ယောင် ၏မျက်နှာက ဖြူဖျော့လွန်းသောကြောင့် သူမအပြုံးသည် ထူးဆန်းနေပုံရသည်။

"မင်းက ငါ့ကို စုံစမ်းပြီးပြီလား။ မိန်းမပျို တင်း! ငါယန်ယွဲ့ မင်းကို သိမယ် မထင်ဘူး၊ ဟုတ်တယ်မလား" တင်းရှောက်ယောင်လည်း

ယန်ယဲ့ထံမှ အန္တရာယ်အငွေ့အသက်ကို
ခံစားလိုက်ရသည်။

ယန်ယဲ့သာ ဓားကို အသာအယာလှန်ချလိုက်ပါ
သူမ၏လည်ပင်းမှခေါင်းကို
ဖယ်ရှားနိုင်သောကြောင့်
အနည်းငယ်တော့တုန်လှုပ်သွားမိပါသည်။

သို့သော် တစ်ဖက်တွင်လည်း ယန်ယဲ့ဟာ
နှလုံးသားထဲတွင် သူ့ရှေ့မှ မိန်းမပျိုနှင့်ပတ်သက်၍
အနည်းငယ်ကြောက်ရွံ့မှု
ခံစားချက်အချို့ပေါ်လာခဲ့၏။

"နင်ငါ့ကိုဒီလိုပဲပြောခိုင်းမှာလား"
တင်းရှောက်ယောင် က မိတ်ဆွေတစ်ဦးနှင့်
စကားပြောနေသကဲ့သို့ ယန်ယဲ့ ကို
စူးစိုက်ကြည့်ကာ သူမ၏ အသံကလည်း
အလွန်ငြိမ်သက်နေလေသည်။

ယန်ယဲ့က သူမကို လေးလေးနက်နက်
တစ်ချက်ကြည့်လိုက်ပြီး အလင်းအသံလှိုင်းဓား
ကိုဖယ်လိုက်သည်။ တစ်ဆက်တည်း သူက
“မိန်းမပျို တင်း၊ ငါ့မေးခွန်းကို အခုဖြေနိုင်မလား။
ငါ့ရဲ့ဂုဏ်သတင်းက မင်းမဲ့စရိုက်
သမုဒ္ဒရာအထိတောင် ပျံ့နှံ့သွားတယ်လို့တော့
မပြောနဲ့။"

“လူသားကေရာဇ်က တောင်ပိုင်းနယ်မြေနှင့် ဗဟိုနယ်မြေကြားက အတားအဆီးကို ဖျက်ဆီးပစ်လိုက်တဲ့အတွက် ငါ တောင်ပိုင်းနယ်မြေကိုတစ်ခါလောက်သွားကြည့်ခဲ့တာ။

အဲဒီကိုရောက်တာနဲ့ နင်နဲ့ပတ်သက်တဲ့ ကောလဟာလမျိုးစုံက တောင်ပိုင်းနယ်မြေတစ်ခုလုံး ပျံ့နှံ့နေလို့ ငါအရမ်းသိချင်သွားတယ်။

ဒါကြောင့် လူငယ်သခင် ယန် နဲ့ပတ်သက်တဲ့

အချက်အလက်တွေရဖို့အတွက် ငါ့ရဲ့
အဆက်အသွယ်တွေကို အသုံးချခဲ့တယ်။
ဒါပေမဲ့ ဒီနေ့ နင်နဲ့ လူချင်းတွေ့မယ်လို့
ငါဘယ်တုန်းကမှ မမျှော်လင့်ထားဘူး!"
တင်းရှောက်ယောင် က သက်ပြင်းချကာ
ပြောသည်။

"ဒါဆို ငါက လော့ကျန်း ကိုတားဖို့ ဗဟိုနယ်မြေကို
သွားချင်နေတာ မင်းဘယ်လိုသိတာလဲ" ယန်ယဲ့က
အေးစက်စက် အသံဖြင့် မေးသည်။

"ငါ လော့ကျန်း ကိုလည်း စုံစမ်းပြီးပြီ!" တ
င်းရှောက်ယောင် က “လူသားကေရာဇ်က
တောင်ပိုင်းနယ်မြေကို သိမ်းပိုက်ဖို့အတွက်
ကမ္ဘာ့ပေါ်တယ်ကိုလိုအပ်တယ်။

ဘာကြောင့်လဲဆိုတော့ ကမ္ဘာ့ပေါ်တယ်က  သူ့ကို
လူသားကမ္ဘာတစ်ခုလုံးအနိုင်ရဖို့ပိုပြီးသေချာသွား
အောင်လို့ပဲ။

ဒီတော့ လူငယ်သခင် ယန် က
သူနဲ့ရန်သူတွေဖြစ်နေလို့ ကမ္ဘာ့ပေါ်တယ်
မရအောင်တားဆီးဖို့သေချာပေါက်စိတ်ပိုင်းဖြတ်
ထားမှာပဲလေ။

အခု သခင်လေး ယန် က ဒီမှာ ပေါ်လာပြီး မင်းမဲ့စရိုက်သမုဒ္ဒရာကို သွားဖို့ ကြံနေတော့…." တင်းရှောက်ယောင် က ယန်ယဲ့ကို ပြုံးပြလိုက်ပြီး ဆက်မပြောတော့ပေ။

ယန်ယဲ့ က ခဏကြာအောင် တိတ်တဆိတ်ငြိမ်ကျသွားပြီး "သခင်မလေး၊ မင်းက ငါတို့မှာ ဘုံရန်သူလို့ ပြောတာ။ ဘာကိုဆိုလိုတာလဲ့?"

“မင်းမဲ့စရိုက်လွင်ပြင်ကိုဖြတ်သန်းရင်းနဲ့

အဲဒီအကြောင်း ပြောကြရအောင်။
ဘာလို့လဲဆိုတော့
ကောင်းကင်နတ်ဆိုးဂိုဏ်းဝင်တွေက
သိပ်မကြာခင်ဘဲ ဒီကိုရောက်လာတော့မယ်။
အဆင်ပြေလား?" တင်းရှောက်ယောင်က
ပြုံးလိုက်သည်။

ယန်ယွဲ့က ရုတ်တရက် ပြောလိုက်၏။

“မိန်းမပျို တင်း! မီဒူဆာ ပြောတာကို
မင်းမကြားဘူးလား။ မင်းမဲ့စရိုက်လွင်ပြင်မှာ
ချီးမြှောက်ခြင်းနယ်ပယ်အဆင့်
အမှောင်မှော်သားရဲတွေရှိတယ်ဆိုတာလေ။"

"ငါ့အနားမှာ လူငယ်သခင် ယန် ရှိနေရင် ငါဘာလို့ ကြောက်ရမှာလဲ။" တင်းရှောက်ယောင်က မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်ရင်းချစ်စဖွယ် ပြုံးလိုက်သည်။

ယန်ယဲ့က
စကားမပြောနိုင်လောက်အောင်စွံ့အသွားသည်။

ယန်ယဲ့ နှင့် တင်းရှောက်ယောင် တို့ထွက်သွားပြီး သိပ်မကြာခင်မှာပဲ လူလတ်ပိုင်းသုံးဦး နှင့် မီဒူဆာ ပြန်ရောက်လာခဲ့သည်။

"သူတို့ထွက်သွားပြီ!" ဦးဆောင်သူ လူလတ်ပိုင်းအရွယ်အမျိုးသားက ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီးနောက် မီဒူဆာကို စူးစိုက်ကြည့်ကာ "သူက အဆင့် ၈ ဓားစိတ်ဆန္ဒကိုတကယ်ပိုင်ဆိုင်ထားပြီး တာအိုရတနာလက်နက်ကို အသုံးပြုခဲ့တာသေချာလား?"

"အစ်ကိုကြီး၊ ငါ နင့်ကို လိမ်ရမှာလား"

သက်လတ်ပိုင်းအမျိုးသားက
သူမကိုသံသယဝင်နေတာကြောင့် မီဒူဆာ က
အနည်းငယ်စိတ်မကောင်းဖြစ်သွားပုံပါ။

လူလတ်ပိုင်းအရွယ်က သူ့မျက်နှာပေါ်တွင်
လေးနက်သော အမူအရာဖြင့် ပြောလိုက်သည်။
"ဒါဆို သူပဲဖြစ်ရမယ်။ သူက တောင်ပိုင်းနယ်မြေရဲ့
ဓားအင်ပါယာ ဖြစ်နိုင်တယ်။သူကသာ
တောင်ပိုင်းနယ်မြေတစ်ခုလုံးမှာ အဆင့် ၈
ဓားစိတ်ဆန္ဒကို ပိုင်ဆိုင်ပြီး လွန်ခဲ့တဲ့အတိတ်က
အနှောင်အဖွဲ့ကင်းမဲ့သူ ကိုင်ဆောင်ခဲ့တဲ့
အလင်းအသံလှိုင်းဓားကိုပိုင်ဆိုင်မယ်။

သူက မင်းမဲ့စရိုက်သမုဒ္ဒရာကို ရောက်လာလိမ့်မယ်လို့ ငါ ဘယ်တုန်းကမှ မမျှော်လင့်ထားဘူး။ ဂိုဏ်းသခင် က သူဘယ်မှာရှိနေတာကို အာရုံစိုက်ခိုင်းတာလဲလို့ တွေးမိတယ်။ ဟုတ်တယ်၊ ဂိုဏ်းသခင်က အခု တံခါးပိတ် ကျင့်ကြံနေတယ်၊ မဟုတ်ရင် ငါတို့ အဲဒါတွေအားလုံးကို ချက်ချင်း ဖော်ထုတ်နိုင်လိမ့်မယ်!"

“အစ်ကိုကြီး၊ ငါတို့ အခု ဘာလုပ်သင့်လဲ” မီဒူဆာ က မေးလိုက်သည်။

“ဂိုဏ်းကို ပြန်သွားကြမယ်။ ဂိုဏ်းသခင်
တံခါးပိတ်ကျင့်ကြံတာကနေထွက်လာမဲ့အချိန်ကို
စောင့်ရမှာပေါ့။ ဟူး....
တော်တော်သနားစရာကောင်းတယ်။ တ
င်းယွမ်ရဲ့သမီးကို ဖမ်းနိုင်ရင် သူ့ဖက်ကို ဦးလှည့်ဖို့
တွန့်ဆုတ်စရာမလိုတော့ဘူး။ အခုတော့ ငါတို့က
တင်းရှောက်ယောင်ကို ဓားစာခံအဖြစ်
မဖမ်းနိုင်တော့ ညှိနှိုင်းဖို့ဆိုတာ မဖြစ်နိုင်တော့ဘူး။
တင်းကလန် ရဲ့ခွန်အားနဲ့ အပြုအမူတွေအရဆို
သူတို့က သေချာပေါက်လက်တုံ့ပြန်မှာပဲ။
ဒါကြောင့် ငါတို့က ဂိုဏ်းကို အမြန်ဆုံးပြန်ပြီး
ဂိုဏ်းသခင် ထွက်လာတာကို စောင့်ရမယ်။”

လူလတ်ပိုင်းအရွယ်က အသံတိုးတိုးဖြင့် ပြောသည်။

ကျန်လူများကလည်း ၎င်းကို မကန့်ကွက်ပေ။

မီဒူဆာက အနည်းငယ် မကျေမနပ်ဖြစ်နေသော်လည်း သူမသည်လည်း ၎င်းကို ကန့်ကွက်ခြင်းမရှိပေ။

သူမက ချက်ချင်း ခေါင်းညိတ်ပြပြီး လူလတ်ပိုင်းသုံးဦး နှင့်အတူ နေရာတွင် ပျောက်ကွယ်သွားသည်။

…

မင်းမဲ့စရိုက်လွင်ပြင်...။

ကောင်းကင်ထက်ရှိ
တလက်လက်တောက်ပနေသော လရောင်ခြည်က
မြေပြင်ပေါ်သို့ဖြာကျနေကာ
ငွေရောင်အလင်းတန်းများ မင်းမဲ့စရိုက်လွင်ပြင်ကို
ဖုံးအုပ်ထားသည်။

လွင်ပြင်ကျယ် ၏တောင်ကုန်းပေါ် ရှိ
တစ်နေရာတွင် မီးပုံကြီး အရှိန်ပြင်းပြင်း
တောက်လောင်နေပါသည်။

မီးပုံမှ အလင်းရောင်ပြန်ဟပ်မှုကြောင့် ယန်ယဲ့နှင့် တင်းရှောက်ယောင် တို့၏မျက်နှာများကအနည်းငယ်နီနေပုံရသည်။

“သခင်လေး ယန်! နင့်ရဲ့စားနဲ့ ခရီးသွားဖို့ မရွေးချယ်ဘဲ လမ်းလျှောက်ဖို့ ရွေးချယ်ခဲ့တာ။ တစ်ယောက်ယောက်ကို ရှောင်ဖို့ပဲ တွေးနေတာ.... ဟုတ်တယ်မလား" တင်းရှောက်ယောင်က ပြောလိုက်သည်။

“မင်း ငါ့မေးခွန်းကို အရင်ဖြေသင့်တယ်။ ငါတို့မှာ ဘုံရန်သူရှိတယ်လို့ ဘာလို့ပြောတာလဲ။ မင်းရဲ့ တင်းကလန်ကလည်း လောဲ့ကျန်းနဲ့ရန်ငြိုးတွေရှိနေလို့လား" ယန်ယဲ့က ပြန်မေးလိုက်လေသည်။

သူမက ဉာဏ်ရည်ထက်မြက်လွန်းသဖြင့် သူ့သိမ်ငယ်မှုကို အနည်းငယ်ရှက်ရွံ့သွားသည်အထိ ခံစားခဲ့ရသည်။ အဘယ်ကြောင့်? အကြောင်းမှာ တ င်းရှောက်ယောင် ၏ရှေ့တွင် လျှို့ဝှက်ချက်များမရှိတော့သလို ခံစားရသည်။

တင်းရှောင်ယောင်က ပြုံးပြီး ပြောလိုက်သည်။ " မင်းမဲ့စရိုက်သမုဒ္ဒရာထဲမှာ မရေမတွက်နိုင်တဲ့ အင်အားစုတွေ ရှိတယ်။ ကောင်းကင်နတ်ဆိုးဂိုဏ်း၊ အပြာရောင်ဝေလငါးဂိုဏ်း၊ ဟင်းလင်းပြင်ဂိုဏ်း နဲ့ ဒဏ္ဍာရီလာနတ်ဂိုဏ်းက အစွမ်းထက်ဆုံးပဲ။

ဘာကြောင့်လဲဆိုတော့ သူတို့မှာ ကျွန်းတွေအများကြီးပိုင်ထားတဲ့အပြင် သူတို့ရဲ့ဂိုဏ်းသခင်တွေကလည်း ကေရာဇ်အဆင့်စွမ်းအားရှင်တွေ။

ဒါပေမဲ့ မင်းမဲ့စရိုက်သမုဒ္ဒရာမှာ ထိပ်သီးအင်အားစုက ငါ့ တင်းကလန် ပဲ။ ငါ့ တင်းကလန်မှာ ကေရာဇ်အဆင့်စွမ်းအားရှင် သုံးပါးပိုင်ဆိုင်ထားတယ်။ ပြီးတော့

ပင်လယ်ကြမ်းပြင်မှာရှိတဲ့
ဝိညာဉ်သွေးကြောအားလုံး ရဲ့ ၆ဝ
ရာခိုင်နှုန်းအထိထိန်းချုပ်ထားသလို စစ်သင်္ဘော နဲ့
ကုန်သင်္ဘောအများစုပါ ပိုင်ဆိုင်ထားသေးတယ်။"

“ဒီတော့ သူတို့က မင်းမဲ့စရိုက်သမုဒ္ဒရာမှာ
တစ်ခုခုမလုပ်ခင် ငါ့ရဲ့တင်းကလန် သဘောထားကို
အရင်ဆုံးစဉ်းစားရမှာပဲလို့ပြောချင်တယ်။ ဒါပေမဲ့
တင်းကလန်က တခြားအင်အားစုတွေကို
မတရားသဖြင့်ဖိနှိပ်အနိုင်ကျင့်တာမျိုးတစ်ခါမှမလု
ပ်ခဲ့ဖူးဘူး။ မင်းမဲ့စရိုက်သမုဒ္ဒရာ တစ်ခုလုံးက
ကျွန်းတွေနဲ့ဝိညာဉ်သွေးကြောတွေကို

လွတ်လွတ်လပ်လပ်အသုံးပြုခွင့်ပေးထားတယ်။
ဒါကြောင့် ငါ့ တင်းကလန်က
လွန်ခဲ့တဲ့နှစ်တွေတစ်လျှောက်လုံးမှာ
အဲဒီဂိုဏ်းတွေနဲ့ အဆင်ပြေပြေနေထိုင်ခဲ့တယ်။ အခု
လူသားကေရာဇ် ထွက်ပေါ်လာတဲ့အခါမှ
ဆက်ဆံရေးတွေပျက်စီးသွားကြပြီ။"

"လော့ကျန်းက  မင်းမဲ့စရိုက်သမုဒ္ဒရာကို
ရောက်လာခဲ့ပြီလား။" ယန်ယဲ့က
မျက်မှောင်ကြုတ်ကာ အသံတိုးတိုးဖြင့်
မေးလိုက်၏။

ထိုအချိန်တွင် ယန်ယဲ့ ၏နှလုံးသားက မသိသောအကြောင်းပြချက်ကြောင့်လေးလံလာခဲ့တော့သည်။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၄၈၀ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၄၈၀) - သစ္စာဖောက်သူ

တင်းရှောက်ယောင်က ခေါင်းညိတ်ပြီး ပြောလေသည်။ "သူက အတားအဆီးကို ဖျက်ဆီးပြီးတဲ့နောက်မှာ အရင်ဆုံး ငါ့ တင်းကလန်ကိုရောက်ချလာတယ်လေ။

ငါ့ တင်းကလန်က သူ့ကိုထောက်ခံပေးမယ်ဆိုရင် အဆုံးမှာ ကြွယ်ဝတဲ့ အကျိုးကျေးဇူးတွေနဲ့ ကမ်းလှမ်းခဲ့တယ်။

ဒါပေမဲ့ တင်းကလန်က ဒီအဆိုပြုချက်ကို ငြင်းဆန်ခဲ့တယ်။"

"ဘာကြောင့်လဲ?" ယန်ယဲ့က အံ့သြသွားသည်။

“လူသားကောရာဇ်

အပြည့်အဝထွက်ပေါ်လာဖို့နီးကပ်နေပြီလေ။

သူက မြင့်မြတ်သောဟန်အင်ပါယာ နဲ့

ကျန်အဆင့်မြင့်အင်အားစုတွေရဲ့အထောက်အပံ့ကို

ရထားပြီ။

မင်းရဲ့တင်းကလန် က သူ့ကို ငြင်းပယ်ဖို့

အကြောင်းပြချက်ရှိပုံမပေါ်ဘူး ဟုတ်တယ်မလား?"

"ဒါက လူတစ်ယောက်တည်းကြောင့်ပဲ!"

တင်းရှောက်ယောင်က "ငါတို့တင်းကလန် က

သူ့အပေါ်မှာ အကြွေးအများကြီး တင်နေခဲ့တယ်။

လော့ကျန်း နဲ့ ပတ်သက်မိရင် ငါ့ရဲ့ တင်းကလန်က
ပျက်စီးခြင်းကပ်ဘေးကို ကျိန်းသေပေါက်
ခံရလိမ့်မယ် လို့ သူက ပြောခဲ့တယ်။
ဒါကြောင့် မကူညီနိုင်ဘူး ။ ငါ့ တင်းကလန် က
လော့ကျန်း ကို ငြင်းဖို့ကလွဲပြီး
ရွေးချယ်စရာမရှိတော့ဘူး!"

"လူတစ်ယောက်ကြောင့် မင်းငြင်းခဲ့တာလား"
ယန်ယွဲ့ဟာ ထပ်မံ၍ အံ့သြသွားပြန်သည်။

တင်းရှောက်ယောင်က ယန်ယွဲ့ ကို
တစ်ချက်ကြည့်လိုက်ပြီး "သူက သာမန်လူတော့

မဟုတ်ပါဘူး။ သခင်လေး ယန် က ရှောင်တန်းဂျီ ဆိုတဲ့ နာမည်အကြောင်းကိုတော့ ကြားဖူးမှာပါ၊ ဟုတ်တယ်မလား?"

ယန်ယွဲ့ ၏ပါးစပ်ထောင့်များ လှုပ်ယမ်းသွားပါသည်။ အမှန်စင်စစ် သူက ရှောင်တန်းဂျီ ၏နာမည်ကို မည်ကဲ့သို့ မသိဘဲဖြစ်နိုင်ပါမည်နည်း? ရှောင်တန်းဂျီက သူ့ယောက္ခမပင် မဟုတ်ပါလား!

"မင်းပြောနေတာ ရှောင်... အိုက်ယား။ သခင်ရှောင်က မင်းရဲ့တင်းကလန် ကို လော့ကျန်း

နဲ့ မဆက်ဆံဖို့ ပြောခဲ့တာလား။" ယန်ယဲ့က သူ့စကားကိုထိန်းကာ မေးလိုက်၏။

တင်းရှောက်ယောင် က ခေါင်းညိတ်ပြီး "ငါ့ရဲ့ တင်းကလန် ကို စကားလုံးအနည်းငယ်နဲ့ လက်ရှိအခြေအနေတွေရောက်အောင်လုပ်နိုင်တာ သူကလွဲလို့ တခြားဘယ်သူက အရည်အချင်းရှိလဲ။ လော့ကျန်းကတောင် အဲဒီနေ့က ငါ့ တင်းကလန်ကိုမတိုက်ခိုက်ဘဲ စဉ်းစားဖို့ပဲတောင်းဆိုသွားတယ်။

ဒါပေမဲ့ အခုတော့ သူက
တင်းကလန်ကိုနောက်ကွယ်ကနေ
တိုက်ခိုက်လာပြီထင်တယ်။  ငါမမှားဘူးဆိုရင်
ကောင်းကင်နတ်ဆိုးဂိုဏ်း နဲ့ တခြားဂိုဏ်းတွေက
လော့ကျန်း နဲ့ တစ်ဖက်တည်းဖြစ်နိုင်တယ်။
မဟုတ်ရင် သူတို့က ဘယ်လောက်ပဲသတ္တိရှိရှိ ငါ့
တင်းကလန် ကို တိုက်ခိုက်ရဲမှာမဟုတ်ဘူး။”

တင်းရှောက်ယောင်
၏စကားကိုနားထောင်ပြီးနောက် ယန်ယွဲ့လည်း
နားလည်သွားတော့သည်။

တစ်ချိန်တည်းမှာပင် ရှောင်တန်းဂျီ က သူ့ကို ကူညီနေသောကြောင့် သူနှလုံးသား အနည်းငယ် နွေးထွေးသွားသလို ခံစားလိုက်ရသည်။ ထိုသို့မဟုတ်လျှင် တင်းကလန်က လော့ကျန်း နှင့်သေချာပေါက်ပူးပေါင်းသွားပါလိမ့်မည်။

အကယ်၍ တင်းကလန် သာ လော့ကျန်းနှင့်ပူးပေါင်းသွားပါက သူ့အနေဖြင့် ဗဟိုနယ်မြေကိုသွားနိုင်တော့မည်မဟုတ်ပေ။

တင်းကလန်က မင်းမဲ့စရိုက်သမုဒ္ဒရာတစ်ခုလုံးကို လွှမ်းမိုးထားသော အုပ်စိုးသူအင်အားစုကြီးတစ်ခုဖြစ်နေပေသည်။

တင်းရှောက်ယောင်က ရုတ်တရက်ပြောလိုက်သည်။ "နင်က မင်းမဲ့စရိုက်သမုဒ္ဒရာ ကို လော့ကျန်း ရဲ့လက်ထဲ မကျရောက်စေချင်ဘူးထင်တယ် ဟုတ်သလား"

ယန်ယဲ့က "မင်းရဲ့ တင်းကလန် ပိုင်ဆိုင်ထားတဲ့ စွမ်းအားတွေနဲ့ အဲဒီအင်အားစုတွေကို ချေမှုန်းဖို့ ခက်ခဲမှာ မဟုတ်ပေဘူးလား"

“တကယ်တော့ မခက်ပါဘူး။ ဒါပေမဲ့ လော့ကျန်းက သူတို့တွေကို တိတ်တဆိတ် ကူညီခဲ့သလားဆိုတာ အတိအကျ မပြောနိုင်ပါဘူး” တင်းရှောက်ယောင်က အတွေးနက်နေဟန်ဖြင့်ပြောလိုက်ပါသည်။

"ဒါ မင်းတို့မျိုးနွယ်စုရဲ့ပြဿနာပဲ!" ယန်ယဲ့က ခေါင်းယမ်းလိုက်သည်။

သူက
သူမ၏ရည်ရွယ်ချက်ကိုကောင်းကောင်းကြီးနားလ ည်လိုက်သည်။

တင်းရှောက်ယောင် က သူ့ကို ထိုပြဿနာများထဲဆွဲသွင်းလိုနေသည်မဟုတ်ပါလား။

လက်ရှိတွင် ကမ္ဘာ့ပေါ်တယ် ကိုရယူရန်ကသာ သူ့အတွက် အရေးကြီးဆုံး ဖြစ်နေခဲ့၏။

အကယ်၍ သူက တင်းကလန် ကိုကူညီပေးပြီး မင်းမဲ့စရိုက်သမုဒ္ဒရာတစ်ခုလုံးအားပေါင်းစည်းနိုင်ခဲ့လျှင်ပင် လော့ကျန်းက သာ ကမ္ဘာ့ပေါ်တယ် ရရှိသွားပါက အရာအားလုံး အဓိပ္ပာယ်မဲ့သွားပါလိမ့်မည်။

ထို့အပြင် သူ နှင့် လော့ကျန်း က ရန်သူများအဖြစ်သတ်မှတ်ခဲ့ပြီးဖြစ်သော်လည်း အခြားသူတစ်ဦးကို အသုံးမချချင်ခဲ့ပေ။

"လူငယ်သခင် ယန်! ငါ့တင်းကလန်က လော့ကျန်း နဲ့ ပူးပေါင်းသွားမှာကို မကြောက်ဘူးလား?" တင်းရှောက်ယောင် က ရုတ်တရက်မေးလိုက်သည်။

ယန်ယဲ့က ရယ်မောလိုက်ပြီး “ဟုတ်ပါတယ် ငါကြောက်တယ်။ ။ ဒါပေမဲ့ ဘာလဲ? လော့ကျန်း နဲ့

ပူးပေါင်းမှာကို ကြောက်လို့ တင်းကလန်
ရဲ့အသုံးချတာကိုခံရမှာတဲ့လား? မိန်းမပျို တင်း၊
မင်းက အရမ်းထက်မြက်တဲ့သူတစ်ယောက်ဖြစ်ပြီး
လူတစ်ယောက်ရဲ့ အတွေးတွေကို
ပိုင်းခြားသိမြင်နိုင်စွမ်း အရမ်းကောင်းပါတယ်။
မင်းရဲ့အရည်အချင်းကို ငါတကယ်လေးစားတယ်။
ဒါပေမဲ့ မင်းက ငါ့အတွေးတွေကို တန်းပြီးသိနေလို့
မင်းလက်ထဲမှာ ငါ့ကို ဆုပ်ကိုင်ထားတယ်လို့
မဆိုလိုပါဘူး။ မင်းတို့ တင်းကလန် က လော့ကျန်း
နဲ့ လက်တွဲချင်တယ်ဆိုရင် ကျေးဇူးပြုပြီး
ရှေ့ဆက်လိုက်ပါ!”

“သခင်လေး ယန် က ကောလဟာလတွေထဲအတိုင်းပါပဲလား။ နင်က တကယ်ပဲ အရာရာကို စိတ်ဆန္ဒနဲ့ လုပ်တာပဲ!" တင်းရှောက်ယောင် က ညင်သာသော အသံဖြင့် ပြောလိုက်ပါသည်။

ဂါး...ဂရား!

ထိုအခိုက်အတန့်တွင် ဒေါသတကြီးဟိန်းလိုက်သော အသံလှိုင်းတစ်ခု အဝေးမှနေ၍ ရုတ်ချည်း ပဲ့တင်ထပ်ကာ မြေပြင်တစ်ခုလုံး ပြိုကွဲလုနီးပါး ပြင်းထန်စွာ တုန်လှုပ်သွားတော့သည်။

“ဒါက ငါ့ တင်းကလန်ရဲ့
မြေကမ္ဘာဝက်ဝံရောက်လာတာပဲ။ တင်းကလန် ရဲ့
ပညာရှင်

တွေ ရောက်လာပြီ။” တင်းရှောက်ယောင်က
တိုးတိုးလေးပြောလိုက်သည်။ သို့သော်လည်း
သူမ၏ မျက်လုံးများတွင် လေးနက်သော
အမူအရာတစ်ခု ထွက်ပေါ်လာသည်။

မကြာခင်မှာပဲ ယန်ယွဲ့ နှင့် တင်းရှောင်ယောင်
၏ရှေ့တွင် တောင်ကုန်းတစ်ခုအရွယ်ခန့်
ရောမဝက်ဝံနက်ကြီး တစ်ကောင် ရပ်နေလေသည်။

ထို့နောက် ရောမဝက်ဝံနက်ကြီး ၏ခေါင်းပေါ်ကနေ
အဘိုးအိုတစ်ဦးနှင့်
လူငယ်တစ်ဦးခုန်ဆင်းချလာလေသည်။

တင်းရှောက်ယောင်
ကိုမြင်လိုက်သောအခါတွင်သူတို့နှစ်ဦး
၏အမူအရာများကပြုံးပျော်သွားကာ
တင်းရှောက်ယောင်
၏မျက်နှာကတော့အနည်းငယ်မျက်နှာပျက်သွား
လေတော့သည်။

အဘိုးအိုက ခပ်မြန်မြန် ပြုံးပြလိုက်ပြီး " ရှောက်ယောင်! မင်းနေကောင်းပါတယ်၊ ငါတို့နှစ်ယောက် တကယ်ကို စိုးရိမ်နေခဲ့တာ! ဟင်း! ကောင်းကင်နတ်ဆိုးဂိုဏ်းရဲ့ခွေးကောင်တွေက တကယ်ကိုရဲတင်းနေပါလား။ သူတို့ကများ ငါတို့ ရှောက်ယောင်ကို ပစ်မှတ်ထားဖို့ သတ္တိရှိလိုက်တာ။ စိတ်မပူပါနဲ့၊ ဒုတိယဦးလေးက မင်းကို နောက်မှပြန်ဖြေဖို့ သေချာပေါက်ကူညီပေးမယ်။ ဟမ်? သူကဘယ်သူလဲ?" အဘိုးအို ၏အကြည့်က ယန်ယဲ့ပေါ်သို့ ကျဆင်းသွားသည်နှင့် စကားရပ်သွားသည်။

"သူက တောင်ပိုင်းနယ်မြေမှာ တွေ့ဆုံခဲ့တဲ့ မိတ်ဆွေတစ်ယောက်ပါပဲ !" တင်းရှောက်ယောင်က ဂရုမစိုက်ဘဲ ပြောပြီး "ဒုတိယဦးလေး၊ ငါ့အဖေ ဘယ်မှာလဲ"

အဘိုးအိုက ယန်ယွဲ့အား အကြည့်ကို ရုတ်လိုက်ပြီး သက်ပြင်းတစ်ချက်ချလိုက်သည်။ "မင်းရဲ့အဖေက မင်းကိုကယ်တင်ဖို့ အလျှင်စလိုကြိုးစားရင်း ကောင်းကင်နတ်ဆိုးဂိုဏ်းရဲ့ အလစ်အငိုက်ဖမ်းတိုက်ခိုက်တာကိုခံလိုက်ရတယ်။ ပြီးတော့ သူက ဒဏ်ရာအပြင်းအထန်ရပြီး အခု သတိလစ်သွားပြီ။

မှန်ပါတယ်၊ စိတ်မပူပါနဲ့။ ဒုတိယဦးလေးက အခု မျိုးနွယ်စုရဲ့ဘိုးဘေးအဖြစ် ယာယီထမ်းဆောင်ပေးထားတယ်။

ကောင်းပြီ၊ မျိုးနွယ်စုကို အရင်သွားကြည့်ရအောင်။ စိတ်မပူပါနဲ့ ဒုတိယဦးလေးက ဒီမှာရှိနေတုန်း ဘယ်သူမှ မင်းကို ဒုက္ခမပေးနိုင်ဘူး!"

တင်းရှောင်ယောင်က အဘိုးအို ၏စကားကို ကြားလိုက်သောအခါ လက်သီးကို တင်းတင်းဆုပ်ထားကာ တစ်ချက်ကြည့်လိုက်ပြီး ခဏတိတ်ဆိတ်သွားကာ “ဒုတိယဦးလေး၊ အပြင်လူနဲ့ ပူးပေါင်းရလောက်အောင်ထိ ဒီလောက်မိုက်မဲတဲ့ အရာမျိုး မလုပ်သင့်ဘူးလို့

ငါထင်ခဲ့တာ။ ဒုတိယဦးလေးက အရင်ကတည်းက ကလန်ရဲ့

ဘိုးဘေးနေရာကိုလိုချင်နေတာပဲမဟုတ်လား။

ဒါပေမဲ့ အဆုံးမှာတော့ ငါက ဒုတိယဦးလေးရဲ့အကြံဉာဏ်တွေဒီလောက်မိုက်ရိုင်းရက်စက်လိမ့်မယ်လို့ မထင်ထားဘူး။

ဘိုးဘေးနေရာကိုရဖို့အတွက်နဲ့ ငါတို့ကလန်ရဲ့ဘိုးဘေးအဆက်ဆက်စည်းမျဉ်းတွေကိုချိုးဖောက်ဝံ့တယ်လား။ ငါတို့ တင်းကလန်ကို ချုပ်ကိုင်ဖို့အတွက် အပြင်လူတွေနဲ့ တိတ်တဆိတ်ပူးပေါင်းခဲ့တာ။

ဘိုးဘေးတွေက
ဒုတိယဦးလေးရဲ့ဝိညာဉ်ကိုနေမီးတောက်လှိုဏ်ဂူမှာ
ချုပ်နှောင်ပြီးထာဝရပိတ်လှောင်ထားမှာ
မကြောက်ဘူးလား?"

"တင်းရှောက်ယောင်! အဲဒါ ဘာအဓိပ္ပာယ်လဲ!"
အဘိုးအို ဧါန်ဘေးမှ
လူငယ်လေးကမျက်နှာပျက်သွားကာ ဒေါသတကြီး
ပြောလိုက်သည်။

အဘိုးအိုက သူ့လက်ကို ဝှေ့ယမ်းလိုက်ပြီး "
ရှောက်ယောင်! မင်းက ဒီလောက်

ညာဏ်ကောင်းတုန်း။ မင်းဆီက ဖုံးကွယ်ဖို့ ငါ ဘယ်တုန်းကမှ မတွေးခဲ့ဖူးဘူး။ ဒါဆို မင်းက နာခံပြီး ဒုတိယဦးလေးနဲ့ ပြန်လိုက်မှာလား? ဒါမှမဟုတ် ငါမင်းကို သတ်ပစ်သင့်လား။ အမှန်အတိုင်းပြောရရင်၊ ငါမင်းကို မသတ်ချင်ဘူး။ ငါက မျိုးနွယ်စုရဲ့ လုပ်ငန်းအများစုကို ဂရုစိုက်ဖို့ မင်းကို လိုအပ်လို့။ ဒါပေမဲ့ မင်းက အရာရာကို ဖော်ထုတ်ချင်တယ်ဆိုရင်တော့ အဲဒါကို မကူညီနိုင်ဘူး။ ဟုတ်တယ်၊ မင်း တစ်ခါတည်း မိုက်မဲတဲ့အရာတွေကို မတွေးပဲနေလို့ မရဘူးလား"

"အဖေ အဆင်ပြေနေလား" တင်းရှောက်ယောင်က အသံကျယ်ကျယ်ဖြင့် မေးလိုက်ပါသည်။

"စိတ်မပူပါနဲ့၊ သူက
အခုထိအသက်ရှင်နေသေးတယ်။ သူက
ကလန်ကိုပြန်ရောက်တဲ့အထိ ထိန်းထားနိုင်မယ်လို့
ငါမမျှော်လင့်ခဲ့ဘူး။

ငါ သူ့ကို နည်းနည်းလျှော့တွက်လိုက်မိတယ်။ သူက
ကလန်ထဲ ပြန်ရောက်နေပြီ ဆိုတော့ သူ့ကို ဘာမှ
မလုပ်နိုင်တော့ဘူး။ ဒါပေမဲ့ သူနိုးထလာနိုင်
တာပဲဖြစ်ဖြစ် မထနိုင်ရင်ပဲဖြစ်ဖြစ် ကိစ္စမရှိဘူး။
ဟားဟား…။" အဘိုးအိုက ဝမ်းသာအားရဖြင့်
ရယ်မောလိုက်သည်။

"အဖေ၊ ဒီကောင့်ကို ဘယ်လိုလုပ်မလဲ!"
ထိုအချိန်တွင် လူငယ်က အနားမှ ရုတ်တရက်
လှမ်းပြောသည်။

အဘိုးအိုက ယန်ယဲ့ ကို ဂရုမစိုက်ဘဲ စိုက်ကြည့်ကာ
"မကြားသင့်တဲ့အရာတစ်ခုကို
ကြားလိုက်တဲ့အတွက် သူ့ကိုသတ်ပစ်လိုက်ပါ!"

အဘိုးအို
၏စကားသံဆုံးသည်နှင့်အလင်းတန်းတစ်ခု
လင်းလက်သွားပြီးနောက် ခေါင်းတစ်လုံး လေထဲသို့
ပျံတက်သွားသည်။

သို့သော် ထိုခေါင်းပြတ်က ယန်ယဲ့
၏ခေါင်းမဟုတ်ပေ။

ထိုအချိန်တွင် ယန်ယဲ့သည် တင်းရှောက်ယောင်
ကိုလက်နှစ်ဖက်ဖြင့်ပွေ့ဖက်လိုက်ကာ
နေရာတွင်ပင် ပျောက်ကွယ်သွားသည် ။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၄၈၁ (ယန်ယဲ့)
မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၄၈၁) - တိုက်ပွဲ

ဤအခိုက်အတန့်တွင် ယန်ယဲ့ဟာ တင်းရှောက်ယောင်ကို မဆီမဆိုင် ကယ်တင်လိုက်ရသဖြင့်အတော်လေးစိတ်ညစ်သွားမိသည်။

အမှန်အတိုင်းပြောရလျှင် သူ့အား ဆွဲထည့်ခံရခြင်းကို အမှန်တကယ်

မုန်းတီးသော်လည်း လက်ရှိတွင်မူ
မတတ်သာစွာဖြင့်ပင် ကယ်တင်လိုက်ရပါသည်။

အကြောင်းမှာ သူသာ
တင်းရှောက်ယောင်ကိုမကယ်ဘဲထွက်ပြေးပါက
သူလည်း ထိုအဘိုးအို၏လက်သို့
ကျရောက်သွားပေလိမ့်မည်။

ထို့အပြင် အဘိုးအိုက ကောင်းကင်နတ်ဆိုးဂိုဏ်း
အပါအဝင်
မင်းမဲ့စရိုက်သမုဒ္ဒရာရှိအခြားအင်အားစုများနှင့်
ပူးပေါင်းထားသောကြောင့် ရင်းအနေဖြင့်

လော့ကျန်းနှင့်တစ်ဖက်တည်းရှိနေသည်ဟုဆိုလိုသ
ည်။

ထိုအချက်က ယန်ယဲ့အနေဖြင့်
တင်းရှောက်ယောင်အား
ကယ်တင်ရသည့်အကြောင်းအရင်းဖြစ်သည်။

ထိုသို့မဟုတ်ဘဲ တင်းကလန်က အဘိုးအို
၏လက်ထဲ ကျရောက်သွားခဲ့လျှင် တစ်ဆက်တည်း
လော့ကျန်းဖက်တွင်ရောက်သွားသည်နှင့်အတူတူပ
င်။

ယန်ယဲ့ကလည်း တင်းကလန်
၏လက်ရှိအခြေအနေများကို
သတိပြုမိရန်အတွက်သူ့ရင်ခွင်ထဲရှိမိန်းမပျိုက
ရည်ရွယ်ချက်ရှိရှိပြောခဲ့သည်ဟု
ခံစားလိုက်ရလေသည်။

သူမက တစ်ဖက်လှည့်နဲ့ ဘယ်လို အကြံတွေ
ထုတ်နေတာလဲ! ယန်ယဲ့သည်လည်း
ထိုအကြောင်းကိုတွေးပြီး အနည်းငယ်
ကြောက်လန့်သွားမိသည် ။

အဘိုးအိုက လူငယ် ၏အလောင်းကို ခဏတာ ငေးကြောင်ကြည့်ပြီးနောက် သတိပြန်ဝင်လာကာ မျက်လုံးများ ရုတ်တရက် နီရဲလာလေသည်။

ထို့နောက်တွင်တော့ သူ့ပါးစပ်ကနေ ရောမသားရဲကြီး ဟိန်းသံကဲ့သို့ထွက်လာတော့သည်။

"ခွေးမလေး! ခွေးကောင်! ငါ တင်းရှန်က မင်းတို့နှစ်ယောက်လုံးကို သတ်ပစ်မယ် လို့ ကျိန်ဆိုတယ်။ အား......!"

ယန်ယဲ့သည် ထွက်ပြေးနေရင်း ကီလိုမီတာ ၅၀ ကျော်အကွာမှ
ဒေါသတကြီးကြုံးဝါးသံကိုကြားသောအခါ
ခေါင်းယမ်းလိုက်ပြီး ပွေ့ဖက်ထားသော မိန်းမပျိုကို ခေါင်းငုံ့ကာကြည့်လိုက်ပါသည်။

"အခု မင်း ကိုယ့်ကိုကိုယ် ဂုဏ်ယူနေပြီလား"

"နင်က ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်တွေကို မသတ်နိုင်ဘူးလား။ ဘာလို့ပြေးနေတာလဲ"
တင်းရှောက်ယောင်က
ရုတ်တရက်ပြန်မေးလာသည်။

ယန်ယွဲ့ ၏ပါးစပ်ထောင့်များ တုန်လှုပ်သွားပြီး
လက်ကိုဆန့်ကာ ဒေါသတကြီးဖြင့်
တင်းရှောက်ယောင် ၏တင်ပါးကို
ဖြတ်ရိုက်လိုက်ကာ "သူက အဆင့် ၅
ချီးမြှောက်ခြင်းနယ်ပယ် ဖြစ်တဲ့အပြင်
ဘေးမှာလည်း ချီးမြှောက်ခြင်းနယ်ပယ်အဆင့်
အမှောင်မှော်သားရဲပါရှိနေတာလေ။ ငါက? ငါက
အဆင့် ၂ ဝိညာဉ်နယ်ပယ်အလွှာမှာပဲရှိသေးတယ်။
ငါက အနိုင်ယူလို့မရတဲ့
ထာဝရပြိုင်ဖက်ကင်းလို့များ ထင်နေသလား။
မင်းငါ့ကိုဘာကြောင့်ဒီလိုစိုက်ကြည့်နေတာလဲ။
မင်းကို ဒီလူဆိတ်ညံတဲ့တောင်မှာ
ငါထားခဲ့ရမယ်ထင်တယ်!”

တင်းရှောက်ယောင်က ရင်ဘတ်များ ချက်ချင်း ခုန်တက်လာပြီး ယန်ယဲ့ ကို ဒေါသတကြီး စိုက်ကြည့်နေသည်။

ယန်ယဲ့က သူမ၏တင်ပါးကို သိသိသာသာရိုက်လိုက်ခြင်းက အလွန်ရှက်ရွံ့ဒေါသထွက်သွားစေသည်။

ယန်ယဲ့ ၏အမူအရာလည်း ရုတ်တရက် ပြောင်းသွားပြီး "အိုက်ယား၊ ဒါက အမြန်ဖြစ်သွားတာ။ ငါ့ကို စိုက်ကြည့်နေတာ ရပ်လိုက်။ မင်းက သိပ်ဉာဏ်မမီဘူးလား။

ဒီကပ်ဆိုးကနေ လွတ်မြောက်ဖို့ နည်းလမ်းကို အမြန်ဆုံးစဉ်းစားပါ။ မဟုတ်ရင် မင်းက ဒီမှာပဲ သေသွားနိုင်တယ်။

ငါ မင်းကို ကြိုပြီးပြောထားပါရစေ။ ဒီထက်ပိုပြီးအခြေအနေဆိုးလာရင် ငါမင်းကို ချန်ထားပြီး ကိုယ့်ဘာသာကိုယ် ထွက်ပြေးမယ်"

တင်းရှောက်ယောင်က စကားတစ်ခွန်းမှ မပြောဘဲ ယန်ယဲ့ ကိုသာ ဒေါသတကြီး စိုက်ကြည့်နေသည်။

ယန်ယွဲ့ဟာ ဤမိန်းကလေးက အနည်းငယ်
စကားမပြောဘဲ ရှောင်ယု၍ ကဲ့သို့
ခေါင်းမာသည်ဟုပင် ခံစားမိလိုက်သည်။

"မင်းအဖေကို ကယ်ချင်လို့လား" ယန်ယွဲ့က
သူမကိုစိုက်ကြည့်ကာ "မင်းကို ဒီကနေ ထားခဲ့ရင်
ငါလွတ်မြောက်ဖို့ ၈၀ ရာခိုင်နှုန်းလောက်
ယုံကြည်မှုရှိတယ်။ မင်းဒီကနေထွက်သွားရင်
မင်းလွတ်မြောက်ဖို့ ဘယ်လောက်ယုံလဲ။ မင်းမှာ
၁၀ ရာခိုင်နှုန်းတောင် ယုံကြည်မှုတောင်မရှိရင်
ဒီကထွက်တဲ့လမ်းကို အမြန်စဉ်းစားပါ။"

ယန်ယဲ့ ၏စကားကိုကြားလိုက်သောအခါ တင်းရှောက်ယောင် ၏အမူအရာက အနည်းငယ် သက်သာရာရသွားပြီး “သူ့ကို သတ်လိုက်ပါ” ဟု မပြောမီ တစ်ခဏမျှ ငြိမ်သက်သွားခဲ့သည်။ အဲဒါက အလွယ်ဆုံးနဲ့ တိုက်ရိုက်အကျဆုံးနည်းလမ်းပဲ”

"မင်းလုပ်မှာလား။

"နင် သူ့ကိုသတ်နိုင်ရင် ငါ့ တင်းကလန် က မဟာချင်အင်ပါယာ၊ အမှောင်မှော်သားရဲအင်ပါယာ နဲ့ မဟာမိတ်ဖွဲ့မယ်လို့ ကတိပြုပြီး လော့ကျန်းကို ရင်ဆိုင်မယ်။

လော့ကျန်းက ကမ္ဘာ့ပေါ်တယ် ကို မရဘူးဆိုရင်
မြင့်မြတ်သောဟန်အင်ပါယာ ရဲ့
သာမာန်တပ်တွေက မင်းမဲ့စရိုက်သမုဒ္ဒရာမှာရှိတဲ့
စစ်သဘော်ာတွေအားလုံး တင်းကလန်
ရဲ့ထိန်းချုပ်မှုအောက်မှာရှိတယ်။ သူတို့က
တောင်ပိုင်းနယ်မြေကို သွားနိုင်မှာမဟုတ်ဘူး။"
တင်းရှောက်ယောင်က
ပြတ်သားသောအသံဖြင့်ပြောသည်။

"ငါ မင်းကို ဘယ်လိုယုံရမှာလဲ"
ယန်ယဲ့ကအေးစက်စက်သာပြန်ပြောလိုက်၏။

အမှန်အတိုင်းပြောမည်ဆိုပါက
တောင်ပိုင်းနယ်မြေအတွက် မဟာမိတ်များရရှိပါက
လော့ကျန်း ၏တိုက်ခိုက်မှုကို
ရပ်တန့်စေနိုင်မည်ဖြစ်သည်။
ကမ္ဘာ့ပေါ်တယ်ကိုမရပါကလော့ကျန်းအနေဖြင့်
တောင်ပိုင်းနယ်မြေတစ်ခုလုံးကို
ဝိညာဉ်ဖျက်ဆီးခြင်းတပ်မကြီးနှင့်တိုက်ခိုက်ရန်
မဖြစ်နိုင်ပေ။

သို့သော်လည်း တင်းရှောက်ယောင်က
အလွန်ထက်မြက်လွန်းသည်ဖြစ်ရာ သူမကို
အနည်းငယ်ပင်မယုံကြည်ရဲသေးပေ။

အကယ်၍ သတိမထားမိပါက နောက်ကျောကို
ဓားထိုးခံရနိုင်သည်မဟုတ်ပေလော။

"လော့ကျန်းက ငါ့ တင်းကလန်ကို တိုက်ခိုက်တဲ့အပြင် ငါ့အဖေရော ငါရော အသတ်ခံရလုနီးပါးပဲ။ ငါ့အဖေက ကလန်ခေါင်းဆောင် နေရာကို ဆက်ထိန်းထားရင် တင်းကလန် က လော့ကျန်းနဲ့ပူးပေါင်းမယ်လို့ ထင်လား" တင်းရှောက်ယောင်က အံကြိတ်ရင်း ပြောလိုက်သည်။

"ဒါနဲ့ မလုံလောက်ဘူး! ငါမင်းကို နောက်ဆုံးအခွင့်အရေးတစ်ခုပေးမယ်။ မင်းငါ့ကို မယုံကြည်နိုင်သေးဘူးဆိုရင် ငါတောင်းပန်ပါတယ်။ မင်းကိုဒီမှာထားခဲ့ဖို့ကလွဲလို့

ငါ့မှာရွေးချယ်စရာမရှိတော့ဘူး။" ယန်ယဲ့ဟာ တင်းရှောက်ယောင်ကို ကယ်တင်ရန် ဆန္ဒရှိသော်လည်း သူ့ကိုယ်သူ အသုံးချခံမဖြစ်ချင်ပေ။

ထို့ကြောင့် သူမသာ ရိုးသားမှုကို အမှန်တကယ် မပြသနိုင်ပါက တင်းရှောက်ယောင် ကိုကယ်တင်မည်မဟုတ်ပါ။

"ဒါဆို နင်ငါ့ကို ဘယ်လိုလုပ်မှယုံနိုင်မယ်ဆိုတာ ပြောပြပါ! ဒါမှမဟုတ် နင့်ရဲ့ယုံကြည်မှုရဖို့ ငါဘာလုပ်ရမလဲ?" တင်းရှောက်ယောင်က ပြောသည်။

ယန်ယဲ့က ချက်ချင်း စကားပြန်မပြောသေးပေ...

"ခွေးကောင်! ငါ့သားကို ပြန်ပေးစမ်း!!!"
ထိုအချိန်တွင် ယန်ယဲ့၏နောက်ကွယ်မှ
အာကာဟင်းလင်းပြင်ထဲကနေ
ပြင်းထန်သောစွမ်းအားများပေါ်လာပြီး
ရက်စက်ကြမ်းကြုတ်သောအမူအရာဖြင့် တင်းရှန်
၏ပုံရိပ်ထွက်ပေါ်လာသည်။

တစ်ချိန်တည်းတွင် ရှောမပုဆိန်ကြီးတစ်လက်က
လေထုကို ဆုတ်ဖြဲကာ

အလင်းတန်းတစ်ခုအသွင်ဖြင့်
ယန်ယဲ့အပေါ်ခုတ်ပိုင်းချလာလေသည်။
ပုဆိန်အလင်းတန်း ပိုင်းဖြတ်သွားသည့်
နေရာတိုင်းတွင်
ရှည်လျားသောအက်ကြောင်းများထပ်လာပြီး
အာကာသဟင်းလင်းပြင်သည်ပင်
ကွဲအက်သွားခဲ့သည်။

ထိုမြင်ကွင်းကြောင့် ယန်ယဲ့ ၏မျက်လုံးများက
အနည်းငယ် ကျဉ်းမြောင်းလာသည်။

"ဒီလူအိုကြီးရဲ့အစွမ်းက တကယ်ကို
ကြောက်စရာကောင်းတယ်။"

ထိုအချိန်က
ချီးမြှောက်ခြင်းနယ်ပယ်သို့တက်လှမ်းရန်
လျှို့ဝှက်နည်းလမ်းကို အသုံးမပြုပါက လက်ရှိတွင်
ထိုကဲ့သို့အဆင့်ပညာရှင်တစ်ဦးကို
ရင်ဆိုင်နိုင်မည်မဟုတ်ပေ။

သို့သော် ၎င်းက အသက်စွမ်းအင်နှင့်သက်တမ်းကို
ကုန်ဆုံးစေသည်ဖြစ်ရာ နောက်တစ်ကြိမ်
ထုတ်ဖော်အသုံးပံ့ခြင်းမရှိပါ။

လေထုကို ခုတ်ပိုင်းလာသော ရောမပုဆိန်ကြီးက
အလွန်လျင်မြန်လွန်းပြီး
သူ့ခန္ဓာကိုယ်ကိုပိတ်လှောင်ထားသဖြင့်
ရှောင်တိမ်းနိုင်ခြင်းမပြုတော့ပေ။

ထို့နောက်တွင် ယန်ယဲ့ ၏မျက်လုံးထဲ၌
ပြင်းထန်သောအမူအရာတစ်ခု ဖျတ်ခနဲပေါ်လာပြီး
နဂါးအရိုးဓားကိုဆွဲထုတ်လိုက်ပါတော့သည်။

တစ်ဆက်တည်းပင် သူ့ခန္ဓာကိုယ်ထဲမှ
ချီစွမ်းအင်များ

တဟုန်ထိုးမြင့်တက်လာပြီးနဂါးအရိုးဓားထဲသို့ လျှပ်တစ်ပြက်စီးဝင်သွားလေသည်။

အုန်း!

ကျယ်လောင်သော ပေါက်ကွဲသံကြီးက အနီးပတ်ဝန်းကျင်တွင် ကျယ်လောင်စွာ ပဲ့တင်ကာ ထွက်ပေါ်လာသည်။

နဂါးအရိုးဓားက ရောမပုဆိန်ကြီးနှင့် တိုက်မိလိုက်သည်နှင့် တစ်ပြိုင်နက် ကြီးမားသော အားလှိုင်းတစ်ခု ထွက်ပေါ်လာပြီးနောက် ယန်ယဲ့

၏ဘယ်ဖက်လက်တစ်ဖက်လုံးကို ပြင်းထန်စွာ
ထုံကျဉ်သွား၏။

ထို့နောက်တွင်
သူ့လက်ထဲတွင်ပွေ့ဖက်ထားဆဲဖြစ်သော
တင်းရှောက်ယောင်နှင့်အတူ ၁
ကီလိုမီတာအကွာထိလွင့်ပျံသွားလေတော့သည်။

အဟွက် အဟွတ်!

ယန်ယဲ့က သူ့ပါးစပ်ထောင့်ရှိ

သွေးကိုသုတ်လိုက်ပြီးမှ လေးနက်သော

အမူအရာဖြင့် အဘိုးအိုကို ကြည့်လိုက်သည်။

သူသည် အဆင့် ၅ ချီးမြှောက်ခြင်းနယ်ပယ် နှင့်

အဆင့် ၆

ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များကိုသတ်ပစ်နို

င်ခြင်းက လျှို့ဝှက်နည်းလမ်းကို

အသုံးပြုထားသောကြောင့်ပါ။

သူ၏ ဓားစိတ်ဆန္ဒ၊ အလင်းအသံလှိုင်းဓား နှင့်

ဓားနယ်မြေ ၏စွမ်းအားက

ချီးမြှောက်ခြင်းနယ်ပယ်သို့တက်လှမ်းပြီးနောက်
မူလကနှင့်များစွာကွာခြားသွားသည်။

ထို့အပြင် သူသည်
အာကာသဟင်းလင်းပြင်သဘောတရားကိုပါ
အနည်းငယ်ဆုပ်ကိုင်ထားခဲ့သေး၏။

ထို့ကြောင့်သာ သူက အဆင့် ၅
ချီးမြှောက်ခြင်းနယ်ပယ် နှင့်
အဆင့်မြင့်ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များကို
သတ်နိုင်ခဲ့ခြင်းဖြစ်သည် ။

အတိတ်တွင်တော့

ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် မဟုတ်သည့်တိုင်

အဆင့် ၅

ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များကိုတော့အ

သာလေးယှဉ်နိုင်စွမ်းရှိကြောင်းထင်ထားခဲ့၏။

သို့သော် လက်ရှိတွင်တော့ သူ့တွက်ချက်မှု

မှားသွားသည်ကို သဘောပေါက်သွားလေသည်။

သူ၏ လက်ရှိခွန်အားက အဆင့် ၅ ချီး

မြှောက်ခြင်းနယ်ပယ် နှင့်

အထက်ဆင့်ပညာရှင်များကို လုံးဝမယှဉ်နိုင်ပေ။

"ငါ့ရဲ့ကျင့်ကြံမှုကို ဒီထက်ပိုပြီးတိုးတက်အောင် ကြိုးစားရဦးမယ်။" သူ့စိတ်ထဲကနေ တိုးညှင်းစွာ ရေရွတ်လိုက်ပါသည်။

အကြီးအကဲမှ ပြောခဲ့သည့်အတိုင်းပင် သူ၏ ကျင့်ကြံမှုအဆင့်က သူ့အခြေခံအုတ်မြစ်ဖြစ်သည်။

သူ၏ကျင့်ကြံမှုသာ မြင့်တက်မလာပါက ဓားစိတ်ဆန္ဒ၊ ဓားနယ်မြေ နှင့် တာအိုရတနာလက်နက်များ ၏စွမ်းအားကိုအပြည့်အဝအသုံးချနိုင်မည်မဟုတ်ပေ။

ထို့ကြောင့် လက်ရှိတွင်
သူ၏ကျင့်ကြံမှုအဆင့်မြင့်တက်ရန်က
အရေးကြီးသော ကိစ္စတစ်ခုပင်။

ယန်ယဲ့ဟာ
သူ့တိုက်ခိုက်မှုအားခုခံနိုင်လိုက်သည်ကိုမြင်သောအ
ခါ တင်းရှန် ၏မျက်လုံးများတွင်
အံ့အားသင့်မှုတစ်ခု တောက်ပလာသည်။
သူ့ခွန်အားကို အပြည့်အဝ အသုံးမပြုခဲ့သော်လည်း
၇၀ ရာခိုင်နှုန်းအထိထုတ်ဖော်ထားခဲ့ခြင်းပင်။

သို့သော်လည်း အဆင့် ၂
ဝိညာဉ်နယ်ပယ်အလွှာအဆင့်
ပုရွက်ဆိတ်တစ်ကောင်က စွမ်းအား ၇၀
ရာခိုင်နှုန်းထည့်ထားသောတိုက်ခိုက်မှုကို
ရပ်တန့်ခဲ့သည်လား။

သို့သော် မကြာမီတွင် တင်းရှန် ၏မျက်လုံးများက
ရက်စက်သော အမူအရာဖြင့် ဖုံးလွှမ်းသွားခဲ့သည်။
" သူ့နောက်ခံက ဘယ်လိုပဲဖြစ်နေပါစေ ဒီနေ့တော့
သေရမယ်။"

နောက်ဆုံးတွင် အသတ်ခံလိုက်ရသူကား
သူ၏တစ်ဦးတည်းသောသားပင်မဟုတ်ပါလား။

သို့သော်လည်း ခဏတာ သတိပေါ့လျော့မှုကြောင့်
သူ့သားကို ဆုံးရှုံးခဲ့ရပြီး သူ့မျက်စိရှေ့တွင်ပင်
ဖြစ်ပျက်သွားခဲ့ရသည်။

တင်းရှန်က
ထိုအကြောင်းကိုတွေးမိသည်နှင့်ကမ္ဘာလောကတစ်
ခုလုံးပင်ဖျက်ဆီးပစ်ချင်လိုက်ပါသည်။

"ခွေးမ နဲ့ ခွေးကောင်! မင်းနှစ်ယောက်စလုံးအတွက်
သေတာထက် ပိုဆိုးအောင် ငါလုပ်ပြမယ်!"
တင်းရှန် က ဒေါသတကြီးအော်လိုက်ပြီး

ဖျတ်ခနဲဆိုသလိုပင်
ယန်ယဲ့ရှေ့ကိုရောက်လာတော့၏။

သူ့လက်ထဲရှိ ရောမပုဆိန်ကြီးက ရှည်လျားသော
အလင်းတန်းတစ်ခုကို ချန်ထားခဲ့ကာ
ကြောက်မက်ဖွယ်ဖိအားများဖြာထွက်လာပြီး
ယန်ယဲ့ နှင့် တင်းရှောက်ယောင် တို့ဆီသို့
ပြင်းထန်စွာ ခုတ်ပိုင်းချသွားသည်။

၎င်းက ဆင်းလာသည်နှင့်အမျှ မရေမတွက်နိုင်သော
ပုဆိန်ပုံရိပ်များ ချက်ချင်းဆိုသလို ပေါ်လာပြီး

ယန်ယဲ့ နှင့် တင်းရှောက်ယောင် ၏ပတ်ပတ်လည်
မီတာ ၆၀၀ အကွာထိပင်ဖုံးလွှမ်းသွားခဲ့လေသည်။

ထို့နောက် ရောမပုဆိန်ကြီး ၏ကြောက်မက်ဖွယ်
ဖိအားများ ထွက်ပေါ်လာပြီး
၎င်းတို့ခြေထောက်အောက်ရှိ မြေပြင်
ချက်ချင်းပြိုကျကာ မီတာ ၃၀၀
ကျော်နီးပါးနက်ရှိုင်းသည့် တွင်းနက်ကြီးတစ်ခု
ထွက်ပေါ်လာသည်။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၄၈၂ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၄၈၂) - ဝှက်ဖဲကိုထုတ်ပါ

ရောမပုဆိန်ကြီးအတွင်းပါရှိသော ကြောက်မက်ဖွယ်စွမ်းအားကို သတိပြုမိသောအခါ ယန်ယဲ့ ၏ပါးစပ်ထောင့်များ တဆတ်ဆတ်တုန်လှုပ်သွားသည်။

ချီး.... ဒီလူအိုကြီးက

တကယ်ပဲအားကုန်တိုက်ခိုက်လိုက်တာလား?

ထိုအချိန်တွင်

နဂါးအရိုးဓားကိုပြန်သိမ်းကာသူ၏ရုပ်ခန္ဓာခွန်အား

ကိုအပြည့်အဝထုတ်ဖော်လိုက်ပါတော့သည်။

ဤတစ်ကြိမ်တွင် သူက အဘိုးအိုတင်းရှန်

၏တိုက်ခိုက်မှုကို နဂါးအရိုးဓားဖြင့်မခုခံရဲပေ။

အကယ်၍

ပိတ်ဆို့ထားလိုက်ပါကနဂါးအရိုးဓားနှင့်သူ့လက်

မောင်းတစ်ဖက်လုံးပြတ်တောက်သွားနိုင်သည်ကို သတိပြုမိလိုက်ပါသည်။

ထို့နောက် အသက်ပြင်းပြင်းရှူပြီး စိတ်ထဲကနေ အော်ဟစ်လိုက်လေသည်။ "ဓားနယ်မြေ..."

ထိုစကားသံက သူ့နှလုံးသားထဲတွင် ပဲ့တင်ထပ်သွားသည်နှင့် အချိန်စီးဆင်းမှု ရပ်တန့်သွားသလိုပင်။

ယန်ယဲ့ ၏ပတ်ပတ်လည် ၃၀ မီတာကို ဖုံးလွှမ်းနေသော ပုဆိန်ပုံရိပ်များက ချက်ချင်းပင် အေးခဲသွားကာ တင်းရှုန်

၏ရောမပုဆိန်ကြီးကလည်းရှေ့ဆက်မတိုးနိုင်တော့ပေ။

ယန်ယဲ့ ၏ခေါင်းနှင့် ၅၀ စင်တီမီတာအကွာတွင် ရပ်တန့်သွားရလေသည်။

ယန်ယဲ့ ၏မျက်နှာသည် ရုတ်တရက် ဖြူဖျော့သွားကာ ခဏတာရပ်ပြီးမှ အော်လိုက်သည်။ "ခွဲထွက်လိုက်စမ်း!"

သူ့အသံဆုံးသည်နှင့် မရေမတွက်နိုင်သော ပုဆိန်ပုံရိပ်များက အဆက်မပြတ်ပေါက်ကွဲကာ လေထဲသို့ ချက်ချင်းပြန့်ကျဲသွားလေတော့သည်။

အဘိုးအိုတင်းရှန် ၏အမူအရာသည်လည်း ပြင်းထန်စွာပြောင်းလဲသွားပြီး ပုဆိန်ကိုဆုပ်ကိုင်ထားရင်း မီတာ ၃၀၀ ကျော်အကွာထိ နောက်ပြန်ဆုတ်သွားလိုက်သည်။

တစ်ဆက်တည်း သူက အံ့အားသင့်စွာ ပြောရင်း ယန်ယွဲ့ ကို စိုက်ကြည့်နေသည်။ "ဓားနယ်မြေ! တကယ်ပဲ အဲဒါ ဓားနယ်မြေ ။ ဘယ်သူလဲ… မင်းက ဘယ်သူလဲ…”

အုန်း!

နဝမငရဲအေးမီးတောက်အတောင်ပံများက ယန်ယွဲ့ ၏နောက်တွင် ပေါ်လာပြီး တဖြုန်းဖြုန်းရိုက်ခတ်ကာ ယန်ယွဲ့သည်လည်း ညအမှောင်အောက်ရှိ ကောင်းကင်ယံတွင် ဖျတ်ခနဲ ပျောက်ကွယ်သွားခဲ့သည်။

ဒီအချိန်တွင် အရှုးတစ်ယောက်မှသာ ဆက်ပြီးတိုက်ခိုက်နေပါလိမ့်မည်။

ယန်ယွဲ့ဟာ အစောပိုင်းကတည်းကထွက်ပြေးရန်ကြံစည်နေခဲ့ခြ င်းပါ။

အလင်းအသံလှိုင်းဓား

ကိုထုတ်ဖော်အသုံးပြုလျှင်ပင် သူ့ခွန်အားက

အဘိုးအိုတင်းရှန်နှင့်ရင်ဆိုင်ရန်မဖြစ်နိုင်သေးပေ။

အကယ်၍ သူသည်

အဘိုးအိုတင်းရှန်အားလျှပ်တစ်ပြက်တိုက်ခိုက်ပြီး

ထွက်မပြေးနိုင်လျှင် ဆန်းကြယ်ချီစွမ်းအင်

ကုန်ဆုံးရုံသာအဖတ်တင်ပါလိမ့်မည်။

"ဓားနယ်မြေ…. တကယ်ပဲ ဓားနယ်မြေ!

အဲဒါ ဘယ်လိုဖြစ်နိုင်မလဲ။ သူက အသက် ၂၀ ဝန်းကျင်ပဲဆိုတော့ ဓားနယ်မြေ ကို ဘယ်လိုလုပ်နားလည်နိုင်မှာလဲ" အဘိုးအိုတင်းရှန်၏မျက်လုံးများက ရုတ်တရက်ပြူးကျယ်သွားကာ ထိတ်လန့်တုန်လှုပ်မှုနှင့်မယုံကြည်နိုင်ဟန်များပြည့်နေရင်း ပါးစပ်က အလိုလိုအော်ဟစ်လိုက်သည်။

“တောင်ပိုင်းနယ်မြေမှာ ဓားအင်ပါယာ ပေါ်လာတယ်လို့ ကြားတယ်။ ဓားအင်ပါယာ က ဉာဏ်အလင်းရဓားနှလုံးသားကို ပိုင်ဆိုင်ထားတဲ့အပြင် ဓားစိတ်ဆန္ဒ နဲ့ ဓားနယ်မြေ နှစ်ခုလုံးကို နားလည်ထားပုံရတယ်။ ဒီလူငယ်က တကယ်ပဲ သူဖြစ်နိုင်ပါ့မလား"

ခဏအကြာတွင်တော့ အဘိုးအိုတင်းရှန်၏မျက်နှာက ရက်စက်ကြမ်းကြုတ်ဖွယ်အမူအရာများ ဖုံးလွှမ်းသွားလေသည်။ "ဟမ့်၊ မင်းဘာသာမင်း ဓားအင်ပါယာ ဒါမှမဟုတ် သိုင်းနတ်ဘုရားပဲဖြစ်ဖြစ် မင်းရဲ့အရိုးတွေကို ဆွဲထုတ်ပြီး မီးရှို့ပစ်မယ်။ ပြီးရင် မင်းရဲ့ပြာတွေကို ဒီနေရာကနေ ဖြန့်ကြဲပစ်လိုက်မယ်!"

စကားဆုံးသည်နှင့် တစ်ပြိုင်နက် အဘိုးအိုတင်းရှန်၏ပုံရိပ်က တဖျပ်ဖျပ် တောက်ပလာပြီး

ယန်ယဲ့ထွက်ပြေးသွားသောလမ်းကြောင်းအတိုင်း လိုက်ပါလာသည်။

...

"ဝိညာဉ်နယ်ပယ်အလွှာအဆင့်မှာရှိနေတဲ့လူတစ်ဦးက ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်တွေကို ယှဉ်နိုင်မယ်လို့ တိုက်ကြီးတစ်ခုလုံးမှာတောင် တစ်ခါမှ မကြားဖူးဘူး။" ယန်ယဲ့က အလျင်အမြန်ပြေးလွှားနေချိန်တွင် သူ့ရင်ခွင်ထဲရှိ တင်းရှောက်ယောင်က စိုက်ကြည့်ကာ တိုးတိုးလေးပြောလိုက်သည်။

“သူက အရမ်းသန်မာပြီး
အာကာသဟင်းလင်းပြင်နိယာမကို အသုံးမချခဲ့ဘူး။
မဟုတ်ရင် ငါက မင်းကို
တကယ်ထားခဲ့ပြီးထွက်ပြေးမှရမယ်!" ယန်ယဲ့က
သူမကိုပြန်စိုက်ကြည့်ကာ “ငါတို့ ကြုံတွေ့နေရတဲ့
အခြေအနေကို မင်းလည်းမြင်ပြီးပြီမဟုတ်လား၊
သူ့ကို သတ်ဖို့ မဖြစ်နိုင်ဘူး။ ဒါကြောင့် ဒီကနေ
လွတ်မြောက်ဖို့ နည်းလမ်းကို စဉ်းစားပါ။
ဒီလိုမှမဟုတ်ရင် အဲဒီလူအိုကြီးက ငါတို့နောက်ကို
မမိမချင်းလိုက်လာလိမ့်မယ်။"

တင်းရှောင်ယောင်က "တင်းကလန် ကိုသွား။
အခုအချိန်မှာ သူက ဘိုးဘေးဖြစ်နေပေမဲ့
ပွင့်ပွင့်လင်းလင်း လုပ်ရဲမှာမဟုတ်ဘူး။ ငါတို့က
တင်းကလန် ကိုပြန်ရောက်တာနဲ့ သူ့ကို
မရရတဲ့နည်းလမ်းနဲ့ တားရလိမ့်မယ်။
အဲဒီအခါကျရင် သူနဲ့
ဘယ်လိုရင်ဆိုင်ရမလဲဆိုတာကို စဉ်းစားလို့ရတယ်။
ဒါပေမဲ့ နင်က
ဒီထက်မြန်မြန်လေးအရှိန်မြှင့်သင့်တယ်။ မဟုတ်ရင်
မင်းမဲ့စရိုက်လွင်ပြင်ကနေ မထွက်ခွာခင်မှာပဲ သူ
ငါတို့ကို ဖမ်းမိသွားနိုင်တယ်။”

"ဘယ်လို! အမှန်တိုင်းပြောရင် ငါက အခုချက်ချင်း မင်းမဲ့စရိုက်သမုဒ္ဒရာကို သွားလို့မရဘူး!" ယန်ယဲ့က ချက်ချင်းပင် ခေါင်းယမ်းလိုက်သည်။

"ဘာကြောင့်လဲ?" တင်းရှောက်ယောင်က အနည်းငယ် အံ့သြသွားသည်။

“မင်းမဲ့စရိုက်သမုဒ္ဒရာမှာ ငါ့ကိုသတ်ဖို့ စောင့်နေတဲ့ လူသုံးယောက်ရှိတယ်။ သူတို့ထဲက တစ်ယောက်ချင်းစီက အဲဒီလူအိုကြီးထက်မနိမ့်ကျဘူးဆိုတာ

နားလည်လား" ယန်ယဲ့က
မတတ်သာသောလေသံဖြင့် ပြောလိုက်၏။

"လော့ကျန်း က နင့်ကို တားဖို့ သူတို့ကို
ပို့ပေးလိုက်တာလား?" တင်းရှောင်ယောင်က
တစ်စုံတစ်ခုကို တွေးမိသွားဟန်ဖြင့် မေးသည်။

"အဲလို ထင်တာပဲ!" ယန်ယဲ့က
ဆက်ပြောလေသည်။ "ငါတို့သာ ဒီခါးပျံနဲ့
မင်းမဲ့စရိုက်သမုဒ္ဒရာထဲကို ရောက်သွားရင်
အဲဒီလုပ်ကြံသတ်ဖြတ်သူသုံးယောက်က ငါ့ကို
သေချာပေါက် သတိထားမိမှာ။

အဲဒီအချိန်ကျရင်တော့
ငါတို့တကယ်ပြီးသွားလိမ့်မယ်။ ဒါကြောင့်
တခြားနည်းလမ်းကို စဉ်းစားပါ။”

"တခြားနည်းလမ်းမရှိဘူး!"
တင်းရှောင်ယောင်ကလည်း
မျက်ခုံးများတွန့်ကွေးနေကာ
“အခု လမ်းနှစ်လမ်းပဲ ရှိတယ်။ ပထမလမ်းက
တင်းရှန် ကို သတ်လိုက်။ ဒုတိယလမ်းကတော့
သူ့လက်ထဲမှာအသေခံလိုက်တာပဲ။
သူနဲ့ လက်တွဲဖို့ ဒါမှမဟုတ်
အပေးအယူလုပ်ဖို့တောင် မစဉ်းစားပါနဲ့။ နင်က

သူ့ရဲ့တစ်ဦးတည်းသောသားကိုသတ်လိုက်တာ၊ နင်က လော့ကျန်း ဆိုရင်တောင် ခွင့်လွှတ်ပေးမှာမဟုတ်ဘူး။ ဒီလိုဆိုမှတော့ ဓားအင်ပါယာ ရဲ့အစွမ်းအစကိုထုတ်ပြပြီး သတ်ပစ်လိုက်ပါ!"

"ငါ သူ့ကို သတ်နိုင်တယ်ဆိုတာ မင်းဘာလို့ ဒီလောက်သေချာနေတာလဲ" ယန်ယွဲ့ဟာသူ့ရင်ခွင်ထဲမှ မိန်းမပျိုကို ငုံ့ကြည့်လိုက်ရင်း အတော်လေးသိချင်နေမိပါသည်။

အကြောင်းမှာ သူမက သူ့ကိုအလွန်ယုံကြည်နေပြီး သူ့ကိုယ်သူထက်ပင် ပို၍ယုံကြည်မှုရှိနေသည်မဟုတ်သလော။

“တကယ်လို့ အဆင့် ၅ ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်တစ်ဦးကသာ နင့်ကိုသတ်နိုင်ခဲ့ရင် အခုအချိန်အထိ နင် အသက်ရှင်ကျန်နေဖို့ မဖြစ်နိုင်သလို လော့ကျန်းက နင့်ကိုကိုင်တွယ်ဖို့ အဆင့် ၅ ဒါမှမဟုတ် အထက်အဆင့်ပညာရှင် ၃ ယောက်ကို စေလွှတ်မှာ မဟုတ်ဘူးလေ။ ပြီးတော့ နင်က တင်းရှန် ကို မသတ်ရတဲ့ အကြောင်းရင်းက နှစ်ခုကြောင့်ကလွဲလို့ တခြားအကြောင်းမရှိနိုင်ဘူး။

အရင်ဦးဆုံး နင်က
တန်ကြေးတစ်ခုခုကိုမပေးချင်ဘဲ
နင့်ရဲ့ဝှက်ဖဲတွေကိုမထုတ်ပြချင်လို့ပဲ။
ရိုးရိုးရှင်းရှင်းပြောရရင် နင်က ငါ့ကို မယုံလို့လေ။
ဟုတ်တယ်မလား။" တင်းရှောက်ယောင်က
ပြောလိုက်သည်။

ယန်ယဲ့က သူမကို လေးလေးနက်နက်
တစ်ချက်ကြည့်လိုက်ပြီး "မင်းရဲ့ကတိကို
မှတ်မိမယ်လို့ ငါမျှော်လင့်ပါတယ်။ မဟုတ်ရင်
မင်းဘယ်လောက်ပဲ ဉာဏ်ထက်မြက်နေပါစေ
ငါယန်ယဲ့ မင်းကို သတ်ပစ်မယ်ဆိုတာ
အာမခံနိုင်တယ်!”

တင်းရှောက်ယောင်က သူမ၏ ဖြူဖျော့သော
မျက်နှာပေါ်တွင် အနည်းငယ် ပြုံးပြလိုက်ကာ
"နည်းနည်းလေး ပေါ့ပါးအောင် လုပ်လေ!"

ယန်ယွဲ့ ၏မျက်ခွံများ
တဆတ်ဆတ်လှုပ်ယမ်းသွားပြီး
ဟက်ဟက်ပက်ပက်ရယ်မောလိုက်မိသည်။

"သူမက တကယ်ကို ဉာဏ်ကောင်းလွန်းတယ်။
ဒီလိုလူနဲ့ တွဲလုပ်ရတာ ငါ့အတွက်
ကံကောင်းတာလား၊ ကံဆိုးတာလားလို့
တွေးမိတယ်။"

ထို့နောက် သူက ဆက်တွေးမနေတော့ဘဲ သူ့လက်ကို ဆန့်ထုတ်လိုက်ပြီး တင်းရှောက်ယောင်၏ခေါင်းနောက်ကိုတစ်ချက်ပိတ်ကာ

သူမ၏မျက်လုံးများကို ဖြည်းညှင်းစွာ မှိတ်သွားစေသည်။

တစ်ချိန်တည်းတွင် ယန်ယဲ့ ၏ပုံရိပ်ကလည်း မြေပြင်ပေါ်သို့ တဖျပ်ဖျပ်ဖျပ်ခတ်သွားပြီးနောက် တင်းရှောက်ယောင် ကိုလုံခြုံသောနေရာတွင် ခဏချထားလိုက်သည်။

ထိုအချိန်တွင် အဘိုးအိုတင်းရှန် ကလည်း လျှပ်စီးလက်သကဲ့သို့ အမြန်နှုန်းဖြင့်ရောက်ရှိလာ၏။

သူ့မျက်လုံးများက ယန်ယဲ့ ထွက်မပြေးတော့သည်ကို မြင်လိုက်သောအခါ အံ့သြတုန်လှုပ်မှုတစ်ခု ပေါ်လာသည်။ သို့သော် သူက "ဘာလဲ? မင်း ဆက်ပြီး ပြေးမှာမဟုတ်ဘူးလား။ မင်းအသက်စွန့်ဖို့ အဆင်သင့်ဖြစ်ပြီလား"

ယန်ယဲ့က ထွက်မပြေးဘဲရပ်နေသည်ဖြစ်ရာအကြောင်းပြချ

က်တစ်ခုခုရှိနိုင်ကြောင်းသေချာပေါက်

သဘောပေါက်လိုက်သည်။

ထို့ကြောင့် အဘိုးအို တင်းရှန် ကပေါ့ပေါ့ဆဆ

မလုပ်ဆောင်ဝံ့ဘဲ သတိအပြည့်ထားကာ ရပ်နေရင်း

ယန်ယဲ့ကို စူးစူးရဲရဲကြည့်နေလေသည်။

ယန်ယဲ့က အဘိုးအို တင်းရှန်

ကိုလှည့်ကြည့်ရင်းခေါင်းခါလိုက်ပါသည်။

"မင်းကသာ သေမင်းတံခါးကို

လာခေါက်တာမဟုတ်လား။

မင်းရဲ့သားပဲမဟုတ်လား? ဒါက ဘာအရေးကြီးလို့လဲ။ ငါ့ကို အဆက်မပြတ်လိုက်ဖမ်းပြီး သတ်ပစ်ဖို့ တွန်းအားပေးနေတယ်ဆိုမှတော့ ငါယန်ယွဲ့ကမင်းကိုအနောက်ဖက်ပို့ပေးရမှာပေါ့!"

"ခွေးကောင်! အဲဒါ ငါ့ရဲ့တစ်ဦးတည်းသောသားပဲ! မင်း ငါ့ရဲ့ တစ်ဦးတည်းသောသားကို သတ်လိုက်တာ။ ဒီနေ့ မင်းကို သတ်မယ် လို့ ငါ ကျိန်ဆိုတယ်!" အဘိုးအို တင်းရှန် က ဒေါသတကြီးအော်ငေါက်ရင်း လက်ထဲကရောမပုဆိန်ကြီးကိုအဆက်မပြတ်ဝှေ့ယမ်းကာ ယန်ယွဲ့ထံသို့တိုက်ရိုက်ခုန်ဝင်လာခဲ့သည်။

အဘိုးအို တင်းရှန် က သူ့ရှေ့ရောက်လာသောအခါ ယန်ယဲ့ ၏မျက်လုံးများကအနည်းငယ် ကျဉ်းမြောင်းလာပြီး ညာခြေကို မြေပြင်ပေါ်သို့ စောင့်နင်းကာ အေးစက်စက်အော်ဟစ်လိုက်သည်။

"ဓားနယ်မြေ! ထွက်လာစမ်း။"

သူ စကားဆုံးသည်နှင့် အဘိုးအို တင်းရှန် ၏ခန္ဓာကိုယ်က ရုတ်ချည်းတောင့်တင်းသွားကာအရှိန်လျော့ကျသွားလေသည်။

ထိုခဏတွင်ပင် အဘိုးအို တင်းရှန် ၏အမူအရာက ချက်ချင်းပင် ပြောင်းသွားတော့သည်။

သူသည် ဓားနယ်မြေကို

လုံးဝ လျှော့မတွက်ဝံ့ပေ၊ ထို့ကြောင့်

သူ့လက်ကောက်ဝတ်ကို လှန်လိုက်ကာ

ဆန်းကြယ်ချီစွမ်းအင်များ

တဟုန်းဟုန်းဆူပွက်လာပြီး သူ့လက်ထဲက

ရောမပုဆိန်ကြီးဆီသို့

အဆက်မပြတ်စီးဝင်သွားကာအလင်းတန်းများ

ပြင်းထန်စွာ ဖြာထွက်လာသည်။

သို့သော် ပုဆိန်အလင်းတန်းများကပတ်ဝန်းကျင်ရှိ လျှို့ဝှက်ဆန်းကြယ်သော စွမ်းအားကြောင့် ချက်ချင်းပင် ပျောက်ကွယ်သွား၏။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၄၈၃ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၄၈၃) - သတ်ဖြတ်ခြင်း

အဘိုးအို တင်းရှန် ၏မျက်လုံးထဲ၌ ရက်စက်ကြမ်းကြုတ်သောအမူအရာတစ်ခု တောက်ပလာသည်။

ထို့နောက် သူက ကျယ်လောင်စွာအော်ဟစ်ကာ တိုက်ခိုက်ရန် ပြင်လိုက်၏။

သို့သော်လည်း ထိုအခိုက်အတန့်တွင် သူ့ရှေ့၌ အနက်ရောင်ဝတ်ပုံရိပ် ၃ ခု ထွက်ပေါ်လာသည်ကိုမြင်တွေ့လိုက်ပါတော့သည်။

ထိုအနက်ဝတ်လူ ၃ ယောက်လုံးက ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များဖြစ်နေကြောင်း သတိပြုမိလိုက်ရာ အဘိုးအို တင်းရှန် က အလွန်ထိတ်လန့်သွားခဲ့လေသည်။

ထိုအချိန်တွင် အနက်ဝတ်လူ ၃ ဦးက လျှပ်စီးကြောင်းများကဲ့သို့ တဖျပ်ဖျပ်လင်းလက်သွားကာ အဘိုးအို တင်းရှန် ဆီသို့ လျှပ်တစ်ပြက်ခုန်ဝင်လာကြသည်။

အဘိုးအို တင်းရှန် က
အကြီးအကျယ်မျက်နှာပျက်သွားပြီး
ကမန်းကတန်းရှောင်တိမ်းလိုက်၏။
သို့သော် အချိန်အနည်းနောက်ကျသွားသည်ဖြစ်ရာ
အေးစက်စက်အလင်းတန်းတစ်ခုနှင့်အတူ
ဓားမြှောင်တစ်ချောင်းက
သူ့ရင်ဘတ်အားထိုးခွဲသွားလေသည်။

အဘိုးအို တင်းရှန် က ဒယီးဒယိုင်နောက်ဆုတ်ရင်း
ဘီလူးတစ်ကောင်ကို ကြည့်နေသကဲ့သို့ ယန်ယွဲ့အား
စိုက်ကြည့်ရင်း လေထဲတွင် ရပ်နေခဲ့သည်။

သူက ယန်ယွဲ့ကို လက်ညှိုးထိုးကာ အလိုအလျောက်အော်ဟစ်လိုက်လေသည်။

“ချီးမြှောက်ခြင်းနယ်ပယ်ညာရှင် ၃ ဦး မဖြစ်နိုင်ဘူး၊ ဘယ်လို... သူတို့ ဒီမှာ ဘယ်လိုပေါ်လာတာလဲ။ ခဏနေ။ မမှန်ဘူး! သူတို့ကအသက်မရှင်တော့ဘူး။ မင်းက

ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်တွေကိုတောင် ရုပ်သေးရုပ်အဖြစ်သန့်စင်နိုင်ပြီလား?

မင်းဘယ်လိုလုပ်လိုက်တာလဲ…”

"ငရဲကိုသွားပြီးတော့ မင်းရဲ့သားကိုမေးလိုက်!"
ယန်ယဲ့က အေးစက်စက်ပြောရင်း သူ့နှလုံးသားထဲမှ စိတ်ဆန္ဒတစ်ခုကို ထုတ်လွှတ်လိုက်ပါသည်။

သူ့နောက်ကျောတွင်သိုင်းလွယ်ထားသော အပြာရောင်သက်စောင့်ဓားက စူးရှတောက်ပသော အလင်းတန်းများ ထွက်ပေါ်လာပြီးနောက် အပြာရောင်ဓားလေးချောင်းက အဘိုးအို တင်းရှန်ဆီသို့တိုက်ရိုက်ပျံသန်းသွားပါတော့သည်။

ထို့နောက်တွင် အပြာရောင်ဓားလေးချောင်းက လျင်မြန်စွာ လှည့်ပတ်သွားပြီး မရေမတွက်နိုင်သော အပြာရောင်အလင်းတန်းများက အဘိုးအို တင်းရှန်

၏ပတ်ပတ်လည်အာကာသဟင်းလင်းပြင်ကို
ချက်ချင်း လွှမ်းခြုံသွားသည်။

ရုတ်တရက်
အပြာရောင်ဓားအလင်းတန်းများစွာဖြင့်
ပိတ်လှောင်ထားသော နေရာဆီမှ အဘိုးအို တင်းရှန်
၏နာကျင်စွာအော်ဟစ်သံကြီးကျယ်လောင်စွာထွ
က်ပေါ်လာလေသည်။

ထိုအော်သံကြီးကို ကြားလိုက်မှသာ ယန်ယွဲ့လည်း
သက်ပြင်းချလိုက်နိုင်သည်။

သို့သော် ထိုအခိုက်အတန့်တွင်
မထင်မှတ်ထားသော အဖြစ်အပျက်တစ်ခုကဲ့သို့
အပြာရောင်အလင်းတန်းများကြားမှ
အလင်းရောင်တစ်ချက်လင်းလက်ကာပုံရိပ်တစ်ခု
ထိုးထွက်လာလေသည်။

ထိုပုံရိပ်က အဘိုးတင်းရှန် ပင်။
ဒီအချိန်တွင် ၎င်း၏ ခန္ဓာကိုယ်တစ်ခုလုံး
ဒဏ်ရာများနှင့် သွေးများ ထူထပ်စွာ ဖုံးလွှမ်းနေပြီး
အလွန်စိတ်ဆင်းရဲဖွယ်
သူတောင်းစားအိုကြီးတစ်ဦးဟုပင်ထင်ရသည်။

ထိုစဉ် အဘိုးအို တင်းရှန် က

အပြာရောင်ဓားအလင်းတန်းများကြားကနေ

ထိုးထွက်လာပြီးနောက်

ယန်ယဲ့ကိုတစ်ချက်ကြည့်ကာ

အာကာသဟင်းလင်းပြင်ကိုဆုတ်ဖြဲ၍ထွက်ပြေး

သွားပါတော့သည်။

ဤမြင်ကွင်းကိုမြင်လိုက်ရသောအခါ ယန်ယဲ့က

ခွန်အား

အားလုံးအသုံးပြုလိုက်ရသဖြင့်မျက်နှာတစ်ပြင်လုံး

ဖြူရော်သွားသည်။

ထိုအချိန်တွင် အဘိုးအို တင်းရှန်က အလွန်

တုန်လှုပ်ခြောက်ခြားပြီး

ကြောက်လန့်သွားလေသည်။

ဓားအင်ပါယာက

ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များကို

အစေခံရုပ်သေးများအဖြစ်ထိန်းချုပ်နိုင်သောကြော

င့် အတော်လေးအံ့အားသင့်ခဲ့၏။

" အဲဒါတွေက

ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်တွေလေ။ ဒါကို

သူက ဘယ်လို လုပ်အတိအကျ

ပြီးမြောက်ခဲ့တာလဲ။ ဒါ့ထက်၊ သူ့မှာ

တာအိုရတနာလက်နက်လေးခု

ဘယ်လိုပိုင်ဆိုင်ထားတာလဲ။ အဲဒါတွေက
တာအိုရတနာလက်နက်တွေလေ!

အစောပိုင်းကသာ
ကောင်းကင်အဆင့်နိမ့်ချပ်ဝတ်ကို မစွန့်လွှတ်ခဲ့လျှင်
အပြာရောင်ဓားအလင်းတန်းများကြောင့်
သေချာပေါက် အပိုင်းပိုင်းခွဲထုတ်ခံရပေမည်။

တစ်ချိန်တည်းတွင် ယန်ယဲ့ ၏ခွန်အားကြောင့်
သူ့စိတ်ထဲ အလွန်ကြောက်လန့်သွားမိသည်။

"သူက ဝိညာဉ်နယ်ပယ်အလွှာအဆင့် ပဲရှိပြီး ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်မဟုတ်ဘူးလေ!"

ထို့နောက် တာအိုရတနာလက်နက်လေးခု ၏စွမ်းအားကို တွေးမိလိုက်သောအခါ အဘိုးအို တင်းရှန် ၏မျက်နှာက သိသိသာသာတုန်လှုပ်ချောက်ချားဟန်များ ပေါ်လာသည်။

ဒီအချိန်တွင် သူ့စိတ်ထဲ လက်စားချေရန် စိတ်ကူးမရှိတော့ပေ။ မည်သို့ပင်ဖြစ်စေ

လက်ရှိအချိန်တွင် ယန်ယဲ့ကို
လက်စားချေရန်မဖြစ်နိုင်ပါ။

ထို့အပြင် ယခုသူလုပ်ဆောင်ရမည်မှာ
အတတ်နိုင်ဆုံး
အဝေးကိုထွက်ပြေးပြီးထိုဘီလူးသယ်လေးလက်မှ
လွတ်မြောက်ရန်ပင်။

ထိုချိန်မှာ….

ဓားတစ်ချောင်း၏ထိပ်ဖျားက
အာကာသဟင်းလင်းပြင်ကိုထိုးခွဲကာ

သူ့နှဖူးအလယ်ဗဟိုရှေ့တွင်
ရှုတ်တရက်ပေါ်လာလေသည်။

အဘိုးအို တင်းရှန် ၏မျက်လုံးများက
ထိတ်လန့်မှုကြောင့်
အဆမတန်ပြူးကျယ်နေချိန်တွင် ဓားက သူ့နှဖူးကို
ဖောက်ဝင်သွားခဲ့သည်။

"ဘယ်လိုဖြစ်နိုင်မှာလဲ…။ ငါ…မသေချင်သေးဘူး
…."

အဘိုးအို တင်းရှန် ၏မျက်လုံးများက

ပြူးကျယ်သွားကာ မခံချင်စိတ်များ

ပြည့်နှက်သွားသည်။

သေခြင်းသို့ရောက်သည့်အချိန်တိုင်အောင်ပင်

သူ၏သေဆုံးခြင်းကိုလက်မခံနိုင်ခဲ့ပေ။

ထို့အပြင် သူက

ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူ

၏လက်ထဲ၌

သေဆုံးသွားခဲ့သည်ဟူသောအချက်ကိုပင်

ငြင်းဆန်ချင်ခဲ့သည်။

သိပ်မကြာခင်မှာပဲ၊ အဘိုးအို တင်းရှန်
၏မျက်လုံးများက အရောင်မှိန်ဖျော့သွားကာ
လေထဲကနေ ပြုတ်ကျသွားတော့သည်။

အဘိုးအို တင်းရှန်
သေဆုံးသွားသည်ကိုမြင်သောအခါ ယန်ယဲ့က
သူ့လက်ကို ဝှေ့ယမ်းကာ ဟုန် နှင့် အခြားလူများကို
ပြန်သိမ်းလိုက်ပါသည်။

ထို့နောက် သူ့ခန္ဓာကိုယ်ကလည်း အားနည်းစွာဖြင့်
မြေပြင်ပေါ်သို့ လဲကျသွားပါတော့သည်။

တစ်ဆက်တည်း သူ့မျက်လုံးများတွင် ခါးသီးသော အမူအရာများ ရုတ်တရက်ပေါ်လာလေသည်။

အကြောင်းမှာ ဒီတစ်ကြိမ်တွင် သူကအလွန်ပင်ပန်းနွမ်းနယ်နေသောကြောင့်ပါ။ သူ့စိတ်ဝိညာဉ်တစ်ခုလုံး အလွန်လေးလံနေသလို ခံစားလိုက်ရပြီး လက်တစ်ချောင်းကိုပင် မမြှောက်နိုင်လောက်အောင်ခွန်အားမဲ့နေပါသည်။ တစ်စုံတစ်ယောက်က သူ့ခေါင်းကို သံမဏိတုတ်နှင့် ပြင်းပြင်းထန်ထန် ဖြတ်ရိုက်လိုက်သကဲ့သို့ပင် ခံစားနေရ၏။

ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် ၃ ဦး၊ ဓားဝက်ပါ နှင့် ဓားနယ်မြေက အဘိုးအို တင်းရှန်အားသတ်နိုင်မည်ဟု ကနဦးထင်ခဲ့သော်လည်း အဆင့် ၅ ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်၏အင်အားကို လျှော့တွက်ထားခဲ့ခြင်းပင်။

အဘိုးအို တင်းရှန်က ဒဏ်ရာ ပြင်းပြင်းထန်ထန် ရသွားသည့်တိုင် ထွက်ပြေးနိုင်တုန်းပင်၊ ထိုအခြေအနေကသူမျှော်လင့်မထားခဲ့သော အရာပါ။

သို့သော် သူ့အနေဖြင့် အဘိုးအို တင်းရှန်
ကိုမည်ကဲ့သို့ လွတ်မြောက်ခွင့်ပြုနိုင်ပါမည်နည်း?
အဘိုးအို တင်းရှန် က သူ့လျှို့ဝှက်ချက်များကို
သိသွားသဖြင့် လွတ်မြောက်ခွင့်ပေးလိုက်ပါက
မဆုံးနိုင်သော အနာဂတ်ဒုက္ခများကို
ရင်ဆိုင်ရပေမည်။

ထိုအချိန်တွင် သူက ဟုန် နှင့် အခြားသူများကို
လိုက်ရန်အတွက် အမိန့်ပေးရန်
အချိန်မလုံလောက်တော့သဖြင့်
အလင်းအသံလှိုင်းဓားကို
အသုံးပြုရန်သာရွေးချယ်လိုက်ရ၏။

အကျိုးဆက်အနေဖြင့် သူ့ခန္ဓာကိုယ်ထဲရှိ
ချီစွမ်းအင်အားလုံး ကုန်ခမ်းသွားကာ
ခန္ဓာကိုယ်တစ်ခုလုံး ခြောက်ကပ်လုနီးပါးပင်။

ဆန်းကြယ်ချီစွမ်းအင် ကုန်ဆုံးသွားသည့်အတွက်
သူ့ခန္ဓာကိုယ်က
လက်ရှိတွင်အလွန်အန္တရာယ်များနေပြီဖြစ်သည်။

ဒီအချိန်တွင် သူ့မျက်လုံးများအပါအဝင်
ခန္ဓာကိုယ်တစ်ခုလုံးမှ

အစိတ်အပိုင်းအားလုံးမပိုင်တော့သလို
ခံစားရသည်။

ထိုအခိုက်အတန့်တွင် တင်းရှောက်ယောင်က
ရုတ်တရက် မျက်လုံးပွင့်လာကာ ပတ်ဝန်းကျင်ကို
လှည့်ကြည့်ရင်း
အဝေးမှလဲကျနေသောယန်ယွဲ့ကိုမြင်သွား၏။

သူမက ယန်ယွဲ့ကို သတိထားမိလိုက်သဖြင့်
ချက်ချင်း မျက်မှောင်ကြုတ်သွားခဲ့သည်။

"သူသေသွားပြီလား?"  သိပ်မကြာခင်မှာပဲ ယန်ယဲ့
အသက်ရှုနေသေးသည်ကိုသတိထားမိပြီး
သက်ပြင်းချလိုက်ပါတော့သည်။

ယန်ယဲ့ အသက်ရှင်နေသေးသည့်အတွက်
တင်းရှန်သေဆုံးသွားပြီဟုဆိုလိုသည်မဟုတ်ပါ
လော။

ထို့နောက် တင်းရှောက်ယောင်က
ဖြည်းညှင်းစွာထရပ်လိုက်ပြီး ယန်ယဲ့ ဆီသို့
လျှောက်သွားသည်။

ယန်ယဲ့သည် တင်းရှောက်ယောင်လာနေသည်ကို သတိပြုမိသောအခါတွင် နှလုံးသားတစ်ခုလုံး ကျဉ်းမြောင်းသွားခဲ့သည်။

"ငါ့ရဲ့လက်ရှိအခြေအနေမှာ သူမ တိုက်ခိုက်လာမယ်ဆိုရင် ဘယ်လိုလုပ်နိုင်တော့မှာလဲ?

ဒီလိုဖြစ်လာမယ်ဆိုတာ သိရင် သူမရဲ့တင်ပါးကို ပိုပြီးနာနာလေး ရိုက်ခဲ့သင့်တယ်။ "

သို့သော် သူ့စိတ်ထဲတွင် ကျိန်ဆဲရုံကလွဲ၍ မတတ်နိုင်ပေ။

တင်းရှောက်ယောင် က
သူ့ကိုလုပ်ကြံမည်မဟုတ်ဟုခံစားမိသော်လည်း
သူ့ဘဝကို အခြားသူလက်ထဲ မရောက်စေချင်ပါ။

ကံမကောင်းစွာပဲ လက်ရှိတွင်
သူ့အနေဖြင့်ထိုအခြေအနေ နှင့်ပတ်သက်ပြီး
မည်သို့မျှမတတ်နိုင်ပေ။

ထိုအချိန်တွင် တင်းရှောက်ယောင်က ယန်ယွဲ့
၏ဘေးနားတွင် ထိုင်ချလိုက်ပြီး သူ့ကို
ပွေ့တင်လိုက်ကာ "နင့်ဒဏ်ရာတွေက တကယ်
ပြင်းထန်နေပုံပဲ" ဟု ပြောလိုက်ပါသည်။

ယန်ယဲ့ကတော့ သူမကို စကားပြန်မပြောနိုင်ပေ။

တင်းရှောက်ယောင်က

သူမ၏ဖြူသွယ်သောလက်အစုံဖြင့် ယန်ယဲ့ ၏မေးစေ့ကိုဖြစ်ညှစ်လိုက်ကာ "နင်က တင်းရှန် ကို ဘယ်လိုသတ်လိုက်တာလဲဆိုတာ ငါမသိပေမယ့် အရမ်းထူးခြားတယ်လို့ ပြောရမယ်။ လော့ကျန်း က နင့်လိုလူကို သူ့ရန်သူအဖြစ်ထားမိတာ တကယ်ကိုကံမကောင်းတာပဲ။ ဟမ်? နင်ငါ့ကို တစ်ခုခုပြောချင်လို့ ဒီလိုကြည့်နေတာလား။"

သူ့ခန္ဓာကိုယ်ထဲရှိ
ဆန်းကြယ်ချီစွမ်းအင်အချို့ပြန်ရရန်အတွက်
တင်းရှောက်ယောင်ကို စွမ်းအင်ကျောက်အချို့
တောင်းဆိုချင်နေ၏။

သို့သော် ယခုအချိန်တွင် သူ့ပါးစပ်ကိုဖွင့်ဟရန် ပင်
ခွန်အားမရှိခဲ့ပေ။

ဒီအချိန်တွင်
သူ၏ဆန်းကြယ်ချီစွမ်းအင်ကိုနောင်မည်သည့်အချိ
န်တွင်မှ ကုန်ဆုံးသည်အထိ

အသုံးမပြုတော့ကြောင်း
အထပ်ထပ်သတိပေးလိုက်လေသည်။

အဘယ်ကြောင့်ဆိုသော် သူဟာ
ထိုကဲ့သို့စွမ်းအားမဲ့သော ခံစားချက်ကို ထပ်၍
မခံစားချင်တော့ပေ။

"နင်ငါ့ကို တစ်ခုခုလုပ်စေချင်လား။ ပြီးတော့
နင်ငါ့ကိုပြောရမယ်။ နင်ငါ့ကိုမပြောပြရင်
နင်ဘာလိုချင်လဲဆိုတာ ငါဘယ်လိုသိမလဲ။
နင်ငါ့ကိုပြောပြမှ ငါကူညီနိုင်မယ်၊ မဟုတ်ရင်
နင့်ကိုဘယ်လိုကူညီရမယ်ဆိုတာ ငါမသိဘူး။

ငါနင့်ကိုမကူညီရင်
မင်းပြန်ကောင်းနိုင်မှာမဟုတ်ဘူး။
ဒီမင်းမဲ့စရိုက်လွှင်ပြင်ကို
ချီးမြှောက်ခြင်းနယ်ပယ်အဆင့်
အမှောင်မှော်သားရဲတစ်ကောင်သာရောက်လာရင်
ကော?

အဲဒီအခါကျ နင်ဘာလုပ်မလဲ? ဒါဆို မြန်မြန်သွား…
.” တင်းရှောက်ယောင်က
မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း
ပြောနေလေသည်။

ယန်ယွဲ့။ “….”

"အမ်.....၊ နင် စကားမပြောနိုင်ဘူးလား"

တင်းရှောက်ယောင်က

ဆက်၍ပြောလိုက်ပြန်သည်။

“ဒါက တကယ်ကို သနားစရာပဲ။ နင်က စကားမပြောနိုင်လို့ ငါဘာမှမကူညီနိုင်ဘူး။ ဒါကြောင့် အဲဒီ သားရဲရောက်လာရင် ငါ့ကိုယ်ငါ ကိုယ်လွတ်ရုန်းပြီး ပြေးဖို့ကလွဲပြီး ရွေးချယ်စရာမရှိတော့ဘူး။ ဒီလိုလုပ်တဲ့အတွက် နင်ငါ့ကို အပြစ်မတင်ဘူးလား။ ဟမ်၊အခု နင့်ရဲ့အခြေအနေကို ငါအခွင့်ကောင်းပြန်ယူလိုက်မယ်။"

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၄၈၄ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၄၈၄) - ကြောက်စရာကောင်းတယ်

"သူမက လက်စားချေတယ် ။"

ဤအခိုက်အတန့်တွင် ယန်ယဲ့ဟာ သူမ၏ ဖင်ကိုဖြတ်ရိုက်ခဲ့သည့်အတွက် သူ့ကို လက်စားချေရန် သေချာပေါက်

နားလည်လိုက်သည်။" လက်ငင်းကံတရားကို ခံစားရတာ ဘယ်လိုလဲ?" ယန်ယဲ့ဟာ ယခုအချိန်တွင် ထိုခံစားချက်ကို ကောင်းကောင်းကြီး နားလည်သွားပါပြီ။

တင်းရှောက်ယောင်က ရုတ်တရက် သူမ၏ ဖြူသွယ်သောလက်ကို ဆန့်ထုတ်လိုက်ပြီး ယန်ယဲ့၏ပါးကို ကိုင်ကာ ပြုံးလျက် "ငါ့ကို မျက်စောင်းမထိုးနဲ့။ နင်က အခုနလေးတင် ဟန်ဆောင်နေတာ မဟုတ်ဘူးလား? ဘာလို့ ထပ်မလုပ်တာလဲ။ ဟမ်? နင်ငါ့ကို စိုက်ကြည့်နေရင် ငါနင့်ကို အရှင်လတ်လတ် သင်္ဂြိုဟ်ပစ်မယ်။ ဓားအင်ပါယာ ကို အရှင်လတ်လတ်

မြှုပ်နှံထားရတာ သေချာပေါက် ဝမ်းနည်းစရာပဲ
မဟုတ်လား”

ယန်ယဲ့အနေဖြင့် လက်ရှိတွင်
မည်ကဲ့သို့ခံစားနေရပါသနည်း?
သို့သော် သူသိထားသည်မှာ
ခွန်အားကိုအမြန်ဆုံးပြန်ဖြည့်တင်းပြီး
တင်းရှောက်ယောင်
၏ဖင်ကိုအားကုန်ဖြတ်ကန်ချင်စိတ်ပါ။

အကြောင်းမှာ ဤတစ်ကြိမ်တွင်
သူ့ဘဝတစ်လျှောက်လုံး

အကြီးအကျယ်အရှက်ရမှုကို ပထမဆုံးအကြိမ် ခံစားခဲ့ရလို့ပါပဲ။

တင်းရှောက်ယောင်က ယန်ယဲ့ ၏မျက်နှာမှ လက်ကို ဖယ်လိုက်ပြီး "ငါ့ကို စိုက်ကြည့်မနေနဲ့။ ငါ နင့်ကို အရှင်လတ်လတ် သင်္ဂြိုဟ်မယ် လို့ ကြံစည်ခဲ့မယ် ။ ငါ နင့်ကို အရှက်ခွဲဖို့ ဘယ်တုန်းကမှ မရည်ရွယ်ထားဘူး။ အထူးသဖြင့် အမျိုးသမီးတွေကို အချိန်တိုင်း တခြားသူတွေကို လေးစားဖို့ ပြောချင်တာ။ နားလည်လား? ဟမ့်။ နင်က အဲဒါကိုရည်ရွယ်ချက်ရှိရှိလုပ်ခဲ့တာ ငါသိတယ်၊ ဒါပေမဲ့ ငါဘယ်လိုခံစားရလဲ

နင်စဉ်းစားမိလား။ မဟုတ်ရင် နင် ဒီလောက်တောင် ဂရုမစိုက်ဘဲမလုပ်ခဲ့ဘူးလို့ ငါထင်တယ်!"

ယန်ယွဲ့ ။ "…."

တင်းရှောက်ယောင်က ထိပ်တန်းစွမ်းအင်ကျောက်တုံးတစ်လုံးကိုထုတ်ယူလိုက်ပြီး ယန်ယွဲ့၏လက်ထဲထည့်ပေးကာ စုပ်ယူနိုင်စေရန် စွမ်းအင် ထုတ်ပေးလေသည်။

ဤမြင်ကွင်းကိုမြင်လိုက်ရသောအခါမှသာ
ယန်ယွဲ့လည်း စိတ်ထဲတွင် သက်သာရာရသွားကာ
တင်းရှောက်ယောင် ကို စိုက်ကြည့်လိုက်ပါသည်။

"သူမဟာ တကယ်ကို
စိတ်ဝင်စားဖို့ကောင်းသူပါ...။"

တင်းရှောက်ယောင် ၏အကြည့်များသည်
ရုတ်တရက် ယန်ယွဲ့ဘေးမှ အလင်းအသံလှိုင်းဓား
ပေါ်သို့ ဆင်းသက်လာသဖြင့် ယန်ယွဲ့
၏နှလုံးသားက တုန်လှုပ်သွားခဲ့သည်။

"သူမက ငါ့ကိုသတ်ပြီး
ဓားကိုယူဖို့ကြိုးစားမှာလား?"

ခဏအကြာတွင် တင်းရှောက်ယောင်က ယန်ယဲ့ ကို စိုက်ကြည့်ရင်း “နင့်ကို သတ်ပြီး သိမ်းဖို့ စဉ်းစားနေတာတဲ့လား။ အမှန်အတိုင်းပြောရရင် ငါ အတော်လေး စိတ်လှုပ်ရှားမိပါတယ်။ ငါ့ တင်းကလန် မှာတောင် တာအိုရတနာလက်နက်တစ်ခုပဲ ရှိတယ်!"

ယန်ယဲ့ ဟာ။ “....”

တင်းရှောက်ယောင်က သူမ၏လက်ကိုဆန့်ပြီး အလင်းအသံလှိုင်းဓားကိုဆုပ်ကိုင်လိုက်ချိန်တွင်

ယန်ယဲ့
၏မျက်လုံးများကချက်ချင်းပင်ကျဉ်းမြောင်းသွားခဲ့
လေသည်။

သို့သော် သူထင်ထားသည်နှင့်လွဲမှားစွာပဲ
တင်းရှောက်ယောင်က
အလင်းအသံလှိုင်းဓားကိုကိုင်ထားရင်း
လက်တစ်ဖက်ကယန်ယဲ့ကိုကောက်ထမ်းလိုက်ပါ
တော့သည်။

ထိုအခြေအနေကြောင့် ယန်ယဲ့လည်း
စကားမပြောနိုင်အောင် ခံစားလိုက်ရပြန်သည်။

“တင်းရှန် ဟာ အရင်တုန်းက
ဝက်ဝံနက်တစ်ကောင်ကို မွေးစားထားတယ်။
ပြီးတော့ အာကာသဟင်းလင်းပြင်ကို ခွဲထုတ်ပြီး
ငါတို့ကို လိုက်ရှာဖို့အတွက် ယာယီပေါ်တယ်တစ်ခု
ကို ချန်ထားခဲ့တယ်။ ဒါပေမဲ့ ဒီဝက်ဝံက တင်းရှန်
ရဲ့အနံ့ကို သေချာခြေရာခံပြီး
ဒီကိုလိုက်ခလာလိမ့်မယ်။ ဒါကြောင့် ဒီနေရာကနေ
တတ်နိုင်သမျှ မြန်မြန် ထွက်သွားရမယ်၊ မဟုတ်ရင်
ငါတို့နှစ်ယောက်စလုံး ဒီနေရာမှာပဲ အစာ
ဖြစ်သွားလိမ့်မယ်!” တင်းရှောက်ယောင် က
သွားနေရင်း ပြောလိုက်သည်။

ယန်ယဲ့သည် ထိုစကားကိုကြားသောအခါတွင်
သူ့စိတ်ထဲတွင် ခေါင်းညိတ်လိုက်ပြီး
သူမပြောသည်မှာ အဓိပ္ပါယ်ရှိသည်ဟု
ခံစားမိလိုက်သည်။

သို့သော်လည်း တင်းရှောက်ယောင်က
ဆန်းကြယ်ချီစွမ်းအင်ဖြင့်
အတောင်ပံများမဖန်တီးနိုင်သည်ကိုမူနားမလည်နိုင်
ပေ။

ဆန်းကြယ်ချီအတောင်ပံများဖြင့် ပျံသန်းခြင်းက
လမ်းလျှောက်သွားခြင်းထက်
ပို၍မြန်ဆန်သည်မဟုတ်သလော။

ယန်ယွဲ့တွေးတောနေသည့်အရာများကိုသိနေသည့်
အလား တင်းရှောက်ယောင်က
ဝမ်းနည်းသံလေးဖြင့်ပြောလာ၏။

"ငါက ဝိညာဉ်နယ်ပယ်ကို ရောက်ခဲ့ပေမဲ့၊
အချို့အကြောင်းပြချက်တွေကြောင့်
ဆန်းကြယ်ချီစွမ်းအင်ကိုအသုံးမပြုနိုင်ဘူးလေ။
အကြောင်းအရင်းအတိအကျကို နောင်မှာ
အကုန်ရှင်းပြပေးမယ်။ ဘယ်လိုပဲဖြစ်ဖြစ်

အဲဒီဝက်ဝံနက်က
ဒီကိုအမြန်မရောက်ပါစေနဲ့လို့ဆုတောင်းထား။
မဟုတ်ရင် တင်းရှုန်သေသွားပြီလို့သိတာနဲ့
အရာအားလုံးကို လျစ်လျူရှုပြီး
လိုက်လာလိမ့်မယ်။ အဲဒီအချိန်မှာ
နင်ပြန်ကောင်းမလာသေးရင်
နောက်ဆက်တွဲဆိုးကျိုးတွေ
ဘယ်လိုဖြစ်လာမလဲဆိုတာ သိသင့်တယ်!"

ယန်ယဲ့က ချက်ချင်း မျက်လုံးပြူးသွားသည်။
"သူမက တကယ်ကို ဉာဏ်ကောင်းလွန်းတယ်။
ငါ့စိတ်ထဲမှာ ဘာတွေးနေတာကအစသိနေတယ်။

သူမက တကယ်ကို
ညာဏ်ရည်ထက်မြက်လွန်းတယ်!"

သူတို့နှစ်ယောက် ထွက်သွားပြီး
တစ်နာရီခန့်အကြာတွင် ကောင်းကင်ယံကိုပင်
တုန်လှုပ်သွားစေသည့် ဒေါသတကြီး
ဟိန်းဟောက်သံက မင်းမဲ့စရိုက်လွင်ပြင်ကနေ
ပဲ့တင်ထပ်ကာ တောင်တန်းများတစ်လျှောက်လုံး
တုန်လှုပ်သွားခဲ့သည်။

ယန်ယဲ့ ၏နှလုံးသားများပင် တဆတ်ဆတ်
တုန်ခါသွားလေတော့သည်။

ဝက်ဝံနက်က တင်းရှန် ၏အလောင်းကို တွေ့သွားပြီဖြစ်ကြောင်း သေချာပေါက်သိလိုက်သည်။

ထို့အပြင် ၎င်းက ချီးမြှောက်ခြင်းနယ်ပယ်မဆင့်အမှောင်မှော်သားရဲဖြစ်ရာ လူသားထက် မနိမ့်ကျသည့် ဉာဏ်ရည်ကို ပိုင်ဆိုင်ထားသဖြင့် သေချာပေါက်အမီလိုက်လာနိုင်ပေသည်။

သို့သော် သူ၏ လှုပ်ရှားနိုင်စွမ်းကို ပြန်လည်ရရှိရန်
အနည်းဆုံး
နောက်ထပ်တစ်နာရီနီးပါးလိုအပ်နေသေးသည်။
ထို့အပြင် ၎င်းက လှုပ်ရှားနိုင်စွမ်းမျှသာဖြစ်သည်။

မကြာခင်မှာပဲ ယန်ယွဲ့ နှင့် တင်းရှောက်ယောင်က
မြေပြင်တစ်ခုလုံး တုန်လှုပ်သွားသလို
ခံစားလိုက်ရပြီး
ဝက်ဝံနက်ကြီးလိုက်ပါလာသည်ကိုသိလိုက်ရလေ
တော့သည်။

တင်းရှောက်ယောင်က ယန်ယွဲ့ကို မြေပြင်ပေါ်ချကာ အသက်ပြင်းပြင်းရှူရင်း သူ့ကို တစ်ချက်ကြည့်လိုက်ကာ "အဲ့ဒီဝက်ဝံနက်ကို သတ်နိုင်ရင် ငါနင့်ကိုလက်ထပ်မယ်။ ငါတကယ်မသေချင်ဘူး...."

ယန်ယွဲ့က သူမကို စကားလုံးဝမပြောပေ။

သူမက နောက်ပြောင်နေသော်လည်း သေခြင်းတရားကို မကြောက်ကြောင်းနှင့် အနည်းငယ်မျှ မလိုက်ချင်ကြောင်း ပြသနေသည်။

ထိုကဲ့သို့မဟုတ်လျှင် သူမက
ဟာသစကားများပြောဆိုနေရန်မဖြစ်နိုင်ပါ။

အုန်း!

၎င်းတို့အနီးတွင် ရောမဝက်ဝံနက်ကြီး
ပေါ်လာသဖြင့် မြေပြင်သည် တုန်ခါသွားသည်။

"ငါတကယ်သေမှာလား" ရောမဝက်ဝံနက်ကြီးကို
စိုက်ကြည့်နေစဉ် တင်းရှောက်ယောင်
၏မျက်လုံးများများ ကြောက်ရွံ့မှု

မရှိခဲ့ဘဲတွန့်ဆုတ်မှုအရိပ်အယောင်များသာ ရှိနေလေသည်။

"ငါ့ရောဂါကြောင့် မသေသေးဘဲ ဒီဝက်ဝံရဲ့ပါးစပ်ထဲမှာ သေတော့မယ်။ ဘဝဆိုတာ တကယ်ကို မှန်းဆလို့ မရပါဘူး။ ကံကောင်းထောက်မစွာ၊ သေခြင်းမှာ ငါနဲ့အတူလိုက်ပါဖို့ တစ်စုံတစ်ယောက်ရှိခဲ့တယ်။ ဟူး... ငါက ဓားအင်ပါယာ ကို သေခြင်းကိုအတူလိုက်ဖို့ ခေါ်ဆောင်တဲ့ တိုက်ကြီးရဲ့သမိုင်းမှာ တစ်ဦးတည်းသောလူ ဖြစ်နိုင်တယ် မဟုတ်လား?"

တင်းရှောက်ယောင်က တွေးတောရင်း ယန်ယဲ့ ကို စိုက်ကြည့်လိုက်ရာ သူမအား ပြုံးပြနေသည်ကို မြင်လိုက်ရသည်။ “ငါ မင်းကို လက်ထပ်ရမှာလား။ တောင်းပန်ပါတယ် ဒါပေမဲ့ မင်းကိုလက်ထပ်ဖို့ မဝံ့ရဲဘူး"

ထိုကားထပြောပြီးသည်နှင့် ယန်ယဲ့က ညာလက်ကို ဝှေ့ယမ်းလိုက်ရာ ဟုန်အမျိုးသမီး နှင့် အနက်ရောင် ၁၊ အနက်ရောင် ၂ တို့ ပေါ်လာလေသည်။

"လေဟာနယ်ထိန်းချုပ်ခြင်း!"

"လေဟာနယ်ပိတ်လှောင်ခြင်း!"

လူသုံးဦး ၏အသံများ ပဲ့တင်ထပ်လာပြီးနောက်
ရောမဝက်ဝံနက်ကြီးက ချက်ချင်းပင်
အေးခဲသွားသည်။

ထို့နောက်တွင် မရေမတွက်နိုင်သော
အေးစက်စက်အလင်းတန်းများ တောက်ပလာ၏။
တင်းရှောက်ယောင်
၏အံ့အားသင့်နေသောအကြည့်များအောက်တွင်ပင်
ဟုန်အမျိုးသမီး၊ အနက်ရောင် ၁ နှင့် အနက်ရောင် ၂

တို့၏ပူးပေါင်းတိုက်ခိုက်မှုကြောင့်မြေကမ္ဘာဝက်ဝံန
က်ကြီးက တဖြည်းဖြည်းလဲကျသွားတော့သည်။

ဘုန်း!

ဝက်ဝံနက်ကြီးက
အသက်စွမ်းအင်များပျောက်ဆုံးပြီး
မြေပြင်ပေါ် ပြုတ်ကျသွားသဖြင့် မြေပြင်တစ်ခု
ပြင်းထန်စွာ တုန်ခါသွား၏။

တင်းရှောက်ယောင် ၏အကြည့်များက
ဟုန်အမျိုးသမီး၊ အနက်ရောင် ၁ နှင့် အနက်ရောင် ၂

အပေါ်သို့ ကျဆင်းသွားပြီးနောက်
ယန်ယွဲ့ကိုပြန်လှည့်ကြည့်ရင်း
သူမ၏မျက်လုံးများတွင်
လေးနက်ဟန်များပေါ်လာခဲ့လေသည်။

သူမက ယန်ယွဲ့ ကို တစ်ချက်ကြည့်လိုက်ပြီး
"လူငယ်သခင် ယန် မှာ အရိပ်ထဲကနေ
ကာကွယ်ပေးနေတဲ့ ချီးမြှောက်ခြင်းနယ်ပယ်အဆင့်
စီနီယာပညာရှင်နှစ်ယောက်ရှိမယ်လို့
ငါဘယ်တုန်းကမှ မမျှော်လင့်ထားဘူး။ ငါ အခုမှပဲ
ငါ့ကိုယ်ငါ တကယ်ရူးသွပ်ခဲ့တယ်!"

"တကယ့်ကို ထက်မြက်တဲ့ မိန်းမ!"

ထိုလူများက သာမန်ကျင့်ကြံသူများမဟုတ်ကြောင်း
တင်းရှောက်ယောင်က
သေချာပေါက်သိနေပေသည်။

သို့သော် သူမက အလွန်ထက်မြက်ပြီး ၎င်းကို
ထုတ်ဖော်မပြောခဲ့ပေ။

ယန်ယဲ့သည်လည်း သူမက
လောဲ့ကျန်းနှင့်ပူးပေါင်းခြင်းမပြုသည့်အတွက်အလွ
န်ကံကောင်းသည်ဟုခံစားမိသည်။

ထိုသို့မဟုတ်လျှင် သူမပိုင်ဆိုင်ထားသော
ဉာဏ်ရည်ထက်မြက်မှုနှင့်ဆိုပါက အနာဂတ်တွင်

ကြောက်မက်ဖွယ်ရာရန်သူတစ်ဦးကိုရင်ဆိုင်ရပေမ
ည်။

ယန်ယဲ့က သူမကိုကြည့်ကာပြုံးလိုက်၏။

"မင်းအဲလိုပြောစရာမလိုဘူး။ မိန်းမပျို တင်း ! မင်းရှေ့မှာ လျှို့ဝှက်ချက်တစ်ချို့ကို ငါထုတ်ဖော်ခဲ့ပြီးပြီမို့လို့ မင်းကို ငါယုံကြည်တယ်ဆိုတာ ကိုယ်စားပြုတယ်။ အနည်းဆုံးတော့ အတူတူအလုပ်လုပ်တဲ့အခါ တစ်ယောက်နဲ့တစ်ယောက် ယုံကြည်မှုရှိရမယ်မဟုတ်လား။ ဒီလိုမှမဟုတ်ရင် ငါတို့က ဘယ်လိုလုပ်ပြီး လက်တွဲနိုင်မလဲ။ ဟုတ်တယ်မလား?"

"နင် ငါ့ကို နှုတ်ဆိတ်နေအောင် သတ်ပစ်မှာကို ငါကြောက်ရင် ဘာလုပ်နိုင်မှာတဲ့လဲ" တင်းရှောက်ယောင်က ပေါ့ပါးသော အသံဖြင့် ပြောလိုက်သည်။

ယန်ယွဲ့ ၏မျက်နှာက ချက်ချင်းပင် မည်းမှောင်သွားသည်။ "ငါက ဒီလိုလူလား?" တကယ်တမ်းတော့ ထိုအတွေးမျိုးက သူ့စိတ်ထဲတွင်မရှိတော့ပေ။

"တင်းကလန် ကို ပြန်ကြရအောင်။"

တင်းရှောက်ယောင် က "ငါ့အဖေ သတိလစ်နေပြီး

တင်းရှန်က သေသွားပြီဆိုတော့ တင်းကလန် ကို

ဦးဆောင်မယ့်သူ မရှိဘူး။

ကောင်းကင်နတ်ဆိုးဂိုဏ်း နဲ့

တခြားအင်အားစုတွေသာ

တိုက်ခိုက်လာရင် တင်းကလန်က

အတွင်းပိုင်းပြိုကွဲသွားနိုင်တယ်။

အခြေအနေကို ထိန်းနိုင်ဖို့ အမြန်ဆုံး ပြန်ရမယ်။

တစ်ဖက်မှာတော့ သခင်လေးယန်! နင်က

ဗဟိုနယ်မြေကိုမသွားခင်

ကြိုတင်ပြင်ဆင်မှုတွေလုပ်ရမယ်မဟုတ်လား။

မဟုတ်ရင် လမ်းတစ်လျှောက်မှာ
နင့်ရဲ့အချိန်တွေကို နှောင့်နှေးသွားစေနိုင်တယ်။”

ယန်ယဲ့က ခေါင်းညိတ်ပြီး "ဒါဆိုလည်း သွားရအောင်!" လက်ရှိတွင် သူ့ခွန်အားက အတော်အတန်ပြန်ပြည့်နေပါပြီ။ သူကအပြင်းအထန်မတိုက်ခိုက်နိုင်သေးသော်ငြား လမ်းလျှောက်သွားလာရန် ပြဿနာမဟုတ်ပေ။

"ငါ့ကိုသယ်သွား!"
တင်းရှောက်ယောင်ထိုစကားများပြောနေစဉ် ယန်ယဲ့ ကို စိုက်ကြည့်နေသည်။

ယန်ယဲ့လည်း အံ့အားသင့်သွားပြီး သူများနားကြား မှားသွားပြီဟုပင်ထင်လိုက်မိသည်။

"ဘာလဲ?"

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၄၈၅ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၄၈၅) -

"ငါ့ကိုသယ်သွားခိုင်းတာလေ!" တင်းရှောက်ယောင်က ပြောလေသည်။  "ခုနတုန်းက ငါ နှင့်ကို သယ်ထားတာဆိုတော့ အခု နှင့်အလှည့်ရောက်ပြီ!"

"မင်းက လမ်းမလျှောက်နိုင်တော့ဘူး လို့ပြောလို့ မရဘူးလား!" ယန်ယွဲ့ ၏ပါးစပ်ထောင့်များ လှုပ်ယမ်းသွားသည်။

တင်းရှောက်ယောင်က

ဝိညာဉ်နယ်ပယ်အလွှာအဆင့်ဖြစ်သော်လည်း

သူမ၏ခန္ဓာကိုယ်သည်

သာမန်လူတစ်ယောက်ထက်ပင်
အားနည်းနေခဲ့သည်။
အစောပိုင်းက သူ့ကိုသယ်ဆောင်လာပြီးနောက်
သူမက အလွန်ပင် ပင်ပန်းနေပြီဟု သူလည်း
ခံစားမိသည်။

ယန်ယွဲ့လည်း သူမ ခံစားနေရသည့်
ရောဂါဝေဒနာနှင့်ပတ်သက်၍ အနည်းငယ်
သိချင်လာကာ သူမ၏ခန္ဓာကိုယ်က
မည်သည့်အကြောင်းကြောင့်
ထိုမျှအားနည်းနေရသနည်း?

သူက သိချင်နေသည့်တိုင်အောင်
အဆင့်မြင့်မှော်ဆေးပညာရှင်မဟုတ်သည့်အတွက်
မေးမြန်းခြင်းမပြုတော့ပေ။

ထို့နောက် သူမဆီသို့ လျှောက်သွားကာ
တစ်ဖက်လှည့်ရင်း ထိုင်ချလိုက်သည် ။
ထိုအချိန်တွင်
တင်းရှောက်ယောင်ကရှက်ကိုးရှက်ကန်း မလုပ်ဘဲ
ယန်ယဲ့ ၏နောက်ကျောပေါ်သို့
ခုန်တက်လိုက်ပါသည်။

သူမထံမှ ထွက်လာသည့် ရနံ့သင်းသင်းလေးကို နမ်းရှိုက်ရင်း သူ့ကျောပေါ် ရှိ နူးညံ့သိမ်မွေ့သော ခန္ဓာကိုယ်လေးနှင့်ထိတွေ့မှုကို ခံစားလိုက်ရသဖြင့် ယန်ယဲ့

၏နှလုံးသားကအနည်းငယ်ပင်လှုပ်ခတ်သွားသည်။

သို့သော် သူ့ကျောပေါ် ရှိ မိန်းမပျိုက လေးစားထိုက်သူဖြစ်သောကြောင့် ထိုခံစားချက်ကို အမြန်မျိုသိပ်လိုက်သည်။

ထို့အပြင် သူတို့နှစ်ဦး ၏ပူးပေါင်းဆောင်ရွက်မှုဆက်ဆံရေးကို မလိုအပ်ဘဲ မထိခိုက်စေချင်ပါ။

ယန်ယွဲ့ဟာ တင်းရှောက်ယောင်ကို
လရောင်အောက်တွင် နောက်ကျောပေါ်
ထမ်းတင်လိုက်ပါသည်။

အစပိုင်းတွင် ယန်ယွဲ့ ၏ခြေလှမ်းများက
အလွန်နှေးကွေးသော်လည်း မကြာမီတွင်
ပို၍မြန်ဆန်လာပြီး တစ်နာရီခန့်အကြာတွင်
သူ့ကိုများကို ကိုင်ဆောင်သွားနိုင်သည်။

"နင်အခုဏတုန်းက
ငါ့ကိုလက်ထပ်ဖို့မဝံ့ဘူးလို့ပြောတာ။ ငါက

ညာဏ်ကောင်းလွန်းလို့လား?"
တင်းရှောက်ယောင်က
ရုတ်တရက်ပြောလိုက်သည်။

ယန်ယဲ့က အနည်းငယ် အံ့သြသွားမိသည်။ သူမက
မည်သည့်အကြောင်းကြောင့်
မေးလိုက်မှန်းမသိသော်ငြား
ပြုံးပြီးပြန်ပြောလိုက်သည်။ " မင်းက
ငါ့တစ်သက်တာမှာ မြင်ဖူးသမျှထဲ
ညာဏ်အကောင်းဆုံးပဲ၊ မင်းရဲ့
ညာဏ်ရည်ထက်မြက်မှုက ငါ့အတွက်
တော်တော်ကြောက်စရာကောင်းတယ်။
အမှန်အတိုင်းပြောရရင် မင်းသာ ငါ့ရန်သူဖြစ်ခဲ့ရင်

မင်းကိုသတ်ဖို့ ငါတတ်နိုင်သလောက်လုပ်ရမယ်။ ကံကောင်းစွာပဲ၊ မင်းကငါ့ဖက်မှာရှိနေတော့ ခေါင်းကိုက်မယ့်လူက လော့ကျန်းပဲ ဖြစ်သင့်တယ်!"

"ငါ့မေးခွန်းကို ဖြေပါ!" တင်းရှောက်ယောင် က ပြောလိုက်သည်။

"နင်ငါ့ကိုလက်ထပ်ဖို့တကယ်မရည်ရွယ်ထားဘူးလား" ယန်ယဲ့က အံ့ဩဟန်ဆောင်ပြီး "ငါ့မှာ မိန်းမရှိတယ်!" သူမ၏အမေးကို

မဖြေရန်ငြင်းဆိုလိုက်ခြင်းမှာ

သူမနှင့်အတူတူပင်ဖြစ်သည်။

ထို့အပြင် သူမက ဉာဏ်ကောင်းလွန်းသဖြင့်

လက်ထပ်ရန်မဝံ့ဟုပြောမိပါက

ဒေါသထွက်သွားမည်ဟုတ်မဟုတ်မည်သူကသိနိုင်မ

ည်နည်း?

သူက

တင်းရှောက်ယောင်ကိုစော်ကားသကဲ့သို့ဖြစ်သွားမ

ည်ကိုစိုးရိမ်နေသောကြောင့်ပါ။

တင်းကလန်ကို ကြောက်လန့်ခြင်းမရှိသော်ငြား

မည်သည့်ပဋိပက္ခမှမရှိစေလိုပေ။

တင်းရှောက်ယောင်က ယန်ယဲ့ကို ငုံ့ကြည့်ပြီး “ဆက်သွား။ မင်းမဲ့စရိုက်သမုဒ္ဒရာက ၅ ကီလိုမီတာလောက်ပဲဝေးတော့တယ်။ အခု ဓားနဲ့ ဆက်ပြီး ပျံသန်းဖို့က သိပ်ကို သိသာလွန်းတယ်!”

ယန်ယဲ့သည် ထိုစကားကိုကြားသောအခါ ခေါင်းညိတ်လိုက်ပြီး စိတ်ဆန္ဒကိုထုတ်လွှတ်ကာ ဓားပျံပေါ်မှဆင်းလိုက်သည်။

ထိုအချိန်တွင် ယန်ယဲ့က ရှေ့ဆက်လျှောက်သွားရန်ပြင်လိုက်စဉ် လူတစ်စုက ရုတ်တရက် ဖြတ်ကျော်လာသည်ကို မြင်လိုက်၏။

ယန်ယဲ့က
သတိအပြည့်ဖြစ်သွားပြီးလက်ကောက်ဝတ်ကိုလှန်
ကာ နဂါးအရိုးဓားကို ဆုပ်ကိုင်လိုက်သည်။

"ဒါက ငါ့ တင်းကလန် ရဲ့ လူတွေပဲ!"
တင်းရှောက်ယောင်က ညင်သာသော အသံဖြင့်
ဝမ်းသာအားရပြောလိုက်သည်။

ထိုအချိန်တွင် အဖွဲ့က ယန်ယဲ့ နှင့်
တင်းရှောက်ယောင် ရှေ့ ၁၀ မီတာအကွာတွင်
ရပ်တန့်သွားသည်။ အဘိုးအို၊ လူငယ်တစ်ဦးနှင့်

အဖွဲ့အား ဦးဆောင်လာသူ
အမျိုးသမီးငယ်တစ်ဦးဖြစ်သည်။

တင်းရှောက်ယောင်ကို မြင်သောအခါ လူငယ်က
သိသိသာသာ ဝမ်းသာသွားသော်လည်း ယန်ယဲ့
၏ကျောပြင်ပေါ်တွင် သယ်ဆောင်လာသည်ကို
သတိပြုမိသောအခါတွင် သူ့အပြုံးက ချက်ချင်း
အေးခဲသွားကာ မျက်လုံးထဲတွင်
ဒေါသတလက်လက်ဖြင့် တောက်ပလာသည်။

လူငယ်က ယန်ယဲ့ ကို စိုက်ကြည့်ကာ ဒေါသတကြီး
ပြောလိုက်သည်။ "မင်းက ဘယ်သူလဲ?

ငါ့ဝမ်းကွဲညီမကို မင်းရဲ့နောက်ကျောကို ဘယ်လိုထမ်းထားရဲတာလဲ။ ငါ့ဝမ်းကွဲညီမ က မင်းထမ်းဖို့ ထိုက်တန်တဲ့သူတစ်ယောက်လား။ မြန်မြန်ချလိုက်!"

ထိုစကားကြောင့် တင်းရှောက်ယောင် ကိုချပေးရန်ပြင်နေသည့် ယန်ယဲ့ လည်းအနည်းငယ် အံ့သြသွားသည်။

"ဒီလူမိုက်က ဘယ်ကလာတာလဲ?"

ယန်ယဲ့က ချက်ချင်း စိတ်ပြောင်းသွားသည်။ သူက တင်းရှောက်ယောင်ကို မြေပြင်ပေါ်ချမပေးဘဲ

သူမ၏ခြေထောက်များကို
တင်းတင်းဆုပ်ကိုင်ထားရင်း လူငယ်ကိုကြည့်ကာ
“ငါက မင်းအဖေပဲ” ဟု
အေးစက်စက်ပြောလိုက်လေတော့သည်။

ငါ့ ဘာလဲ? လူငယ်က အရင်ဦးစွာ
ထိတ်လန့်သွားပါသည်။
ထိတ်လန့်နေရာကနေသတိပြန်ဝင်လာသောအခါတွ
င်တော့ ဒေါသပေါက်ကွဲသွားခဲ့သည်။

ခွေးကောင်! င◌ါ◌◌◌ိ◌ု◌းမသား။

သူ့လက်ထဲတွင် ဓားတစ်ချောင်း ဖျတ်ခနဲပေါ်လာပြီး ယန်ယွဲ့ကို စူးစူးဝါးဝါးအသံဖြင့် ငေါက်ငမ်းလိုက်သည်။ "ဟော့ကောင်၊ မင်းက ဘယ်သူလဲဆိုတာ အရေးမကြီးဘူး။ ဒါပေမဲ့ မင်းနဲ့ပတ်သက်တဲ့လူတွေအကုန်လုံး မင်းပြောခဲ့တဲ့စကားကြောင့်သေသွားပြီ။ ဒါ ငါချင်ဟောင်ကို စော်ကားတဲ့တန်ကြေးပဲ!"

ယန်ယွဲ့ကတော့ ချင်ဟောင် ဟုခေါ်သော ထိုလူငယ်ကို တစ်ချက်ပင် မကြည့်ခဲ့ပေ။ သူက တင်းရှောက်ယောင်ကို ပြန်လှည့်ကြည့်ရင်း ထူးဆန်းစွာပြုံးကာ "ငါ သူ့ကို သတ်လိုက်ရင်

ကိစ္စမရှိပါဘူး၊ ဟုတ်တယ်မလား?" အမှန်စင်စစ်
သူဟာ သွေးဆာနေသူတစ်ယောက်မဟုတ်ပေ၊
သို့သော်လည်း သူမသတ်ချင်သည့်တိုင်
သတ်ပစ်ရမည့် အကြိမ်ပေါင်းများစွာ ရှိခဲ့သည်။

သူက တုံးအမိုက်မဲနေသူတစ်ယောက်မဟုတ်ချေ။
တင်းရှောက်ယောင် နှင့်ပတ်သက်၍ ချင်ဟောင်က
သူ့အပေါ်
သတ်ဖြတ်ချင်စိတ်များထုတ်ဖော်ခဲ့သည်ကိုချက်ချ
င်းသိလိုက်၏။

သူနှင့် တင်းရှောက်ယောင် ကြားတွင် မည်ကဲ့သို့
ထူးခြားသောဆက်ဆံရေးမှမရှိသဖြင့်
ရှင်းပြရန် မလိုလားပေ။
ထို့အပြင် သူက မည်သည့်အကြောင်းကြောင့်
ရှင်းပြရမည်နည်း။
ချင်ဟောင်ကို အသာထား၊ မဟာချင်အင်ပါယာ
၏တည်ထောင်သူကေရာဇ်ပင်လျှင်
သူ့ကိုရှင်းပြချက်တောင်းဝံ့မည်မဟုတ်ပေ။

ထို့အပြင် ဤလောကတွင်
ခွန်အားသည်သာအရေးကြီးသောကြောင့်
ရှင်းပြခြင်းက

အသုံးမဝင်ပေ။

ထိုလူငယ်က သူ့ကိုသတ်ရန်
ကြံစည်နေသောကြောင့်
မည်သည့်အတွက်ငြိမ်သက်ပြီးအလျှော့ပေးရမည်န
ည်း?

ယန်ယဲ့ဟာ လူငယ်ကို
ချက်ချင်းမသတ်ရသည့်အကြောင်းအရင်းက
တင်းရှောက်ယောင်
နှင့်ပတ်သက်နေသောကြောင့်ပင်။

ယန်ယဲ့ ၏စကားကိုကြားပြီးနောက်
တင်းရှောက်ယောင်က
ထိတ်လန့်သွားကာစကားပြောရန်ပြင်လိုက်သော်လ
ည်း ချင်ဟောင်က ရုတ်တရက်
ဒေါသအမျက်ထွက်ကာ ရယ်မောပြီး စကားဖြတ်
ပြောလိုက်သည်။ "လာ! ငါ့ကိုသတ်လှည့်ပါ?
ဟားဟား! ဟာသပဲ!
တစ်ကယ်ပဲတစ်စုံတစ်ယောက်က
မင်းမဲ့စရိုက်သမုဒ္ဒရာထဲမှာ ငါ့ကိုသတ်ဖို့
ကြံစည်နေတာလား။ ကောင်းတယ်!
အရမ်းကောင်းတယ်! လာစမ်း! ငါဒီမှာရပ်နေတယ်။
ဒီနေ့ မင်းငါ့ကိုမသတ်နိုင်ရင် မင်းက ငါ့မြေးပဲ"

ယန်ယဲ့သည် မည်သည့်စကားမှ ပြန်မပြောသေးဘဲ
တင်းရှောက်ယောင်ကိုသာလှည့်ကြည့်ရင်း
ပုခုံးတွန့်ပြလိုက်သည်။

ထိုအချိန်တွင် တင်းရှောက်ယောင်
ကသက်ပြင်းချကာ ချင်ဟောင် ထံသို့
လျှောက်သွားပြီး
လက်ကိုဆန့်ကာပါးဖြတ်ရိုက်ချလိုက်ပါတော့သည်။

ဖြောင်း!

ချင်ဟောင် ၏ညာဖက်ပါးက နီရဲလာပြီး
ချက်ချင်းပင် ယောင်ကိုင်းလာသည်။

ချင်ဟောင်လည်း နေရာတွင်ပင်
အံ့အားသင့်သွားသည်။

အတိတ်တွင် အလွန်တရာနူးညံ့သိမ်မွေ့သည့်
သူ့ဝမ်းကွဲညီမက သူ့အား
လူရှေ့သူရှေ့တွင်ပါးဖြတ်ရိုက်လိမ့်မည်ဟု တစ်ခါမှ
မထင်ထားမိသဖြင့် ကြောင်တောင်တောင်
ဖြစ်သွားရသည်။

"ဆရာ ယန် ကို တောင်းပန်ပါတယ်!" တင်းရှောက်ယောင်က ယန်ယွဲ့ဖက်ကိုလှည့်ကာ အသံတိုးတိုးဖြင့် ပြောသည်။

“မင်းငါ့ကိုရိုက်တယ်….” ဒေါသူပုန်ထကာ အော်ငေါက်လိုက်ရင်း ချင်ဟောင် ၏မျက်နှာက ချက်ချင်းပင် ပြင်းထန်လာသည်။ "မင်းက ငါ့ကို တခြားလူအတွက်နဲ့ ရိုက်ခဲ့တာလား။ တင်းရှောက်ယောင်! ငါတို့နှစ်ယောက်ကြားမှာ လက်ထပ်စာချုပ်တစ်ခုရှိတယ်၊ ဒါပေမဲ့ မင်းတကယ်ပဲ မင်းရဲ့စေ့စပ်ထားသူကို တခြားယောကျ်ားအတွက်နဲ့ ရိုက်လိုက်တာ။ မင်း… .”

ဖြောင်း!

တင်းရှောက်ယောင်က သူ့ကို နောက်တစ်ကြိမ် ပါးဖြတ်ရိုက်လိုက်ရာ ချင်းဟောင် ၏အသံကနေရာမှာပင် ရုတ်တရတ် ရပ်သွားသည် ။

ထိုအတောအတွင်း အဘိုးအို နှင့် အမျိုးသမီးငယ်က ချင်ဟောင် ၏အနားသို့ ရောက်ရှိလာပြီး ချင်ဟောင် ၏ညာဖက်ပါးပြင်ကို သတိပြုမိလိုက်ရာ အမျိုးသမီးငယ်ကချက်ခြင်း ဒေါသထွက်သွား၏။

သူမက တင်းရှောက်ယောင် ကို

ဒေါသတကြီးစိုက်ကြည့်ကာ "ဝမ်းကွဲညီမ၊

ငါ့အစ်ကိုကြီးဟာ နင့်ကို ချစ်မြတ်နိုးပြီး

သစ္စာရှိတယ်။ ဒါကို ဘာလို့.... နင် သူ့ကို

တခြားလူကြောင့် ရိုက်လိုက်တာလဲ၊ ပြီးတော့

နင်က သူ့ကိုတောင် တောင်းပန်ခိုင်းသေးတယ်။

နင်က ငါ့ကိုတကယ်စိတ်ပျက်စေခဲ့တယ်"

အဘိုးအိုက မျက်မှောင်ကြုတ်ကာ "

ရှောက်ယောင်! မင်းရဲ့လုပ်ရပ်က နည်းနည်းတော့

မဟုတ်ဘူး…." သူမ၏ ဦးလေးအနေဖြင့်

တင်းရှောက်ယောင် ကြီးပြင်းလာသည်ကို

ကောင်းကောင်းသိထားသည်။

သူ့တူမလေးက အကြောင်းပြချက်မရှိဘဲ ထိုကဲ့သို့ ပြုမူမည်မဟုတ်ကြောင်း သတိပြုမိခဲ့၏။

သို့သော် တင်းရှောက်ယောင်က လူရှေ့သူရှေ့တွင် ထိုကဲ့သို့ စိတ်လွတ်ကိုယ်လွတ်ပြုမူပြီး ချင်ဟောင်ကို မျက်နှာသာမပေးဘဲ ကြမ်းတမ်းစွာဆက်ဆံခဲ့သည်။

တင်းရှောက်ယောင် က ခေါင်းခါပြီး

"ဒေါ်လေးအတွက် ထောက်ထားစာနာလို့ ဒူးထောက်ပြီး တောင်းပန်ရင် နှင့်အသက်ကို ကယ်တင်ဖို့ တန်ကြေးတစ်ခုပေးနိုင်တယ်။"

သူမက ယန်ယဲ့နှင့်ပတ်သက်၍ အရာအားလုံးနီးပါး စုံစမ်းစစ်ဆေးခဲ့သည်ဖြစ်ရာ ကောင်းစွာသိထား၏။

ထိုအချိန်တွင်
သူမသိလိုက်ရသောအချက်အလက်မှာ
ထိုယန်ယဲ့က ဒေါသအလျှောက်
ရက်စက်ကြမ်းကြုတ်သော
အရူးတစ်ယောက်ဖြစ်သည် ။

ချင်ဟောင် က ယန်ယဲ့ ကို သတ်ရန်
ရည်ရွယ်ချက်ကို နှိုးဆော်ခဲ့သဖြင့် ယန်ယဲ့
၏စိတ်ထဲတွင်သတ်ဖြတ်ရန်ပြင်ဆင်နေသည်ကို
ကောင်းစွာတွက်ဆမိပြီဖြစ်သည်။

အရင်ဦးဆုံးဖြစ်နိုင်ချေရှိသောအခိုက်အတန့်တွင် ကြိုးစဲရှင်းမပြမိခဲ့သည်ကိုပင်အနည်းငယ်နောင်ရသွား၏။

သို့ရာတွင် သူမ ရှင်းပြသည့်တိုင်အောင်အသုံးမဝင်နိုင်ပေ။

အဘယ်ကြောင့်ဆိုသော် အမျိုးသားများက အမျိုးသမီးများနှင့် ပတ်သက်လာလျှင် အမြဲတမ်း သဘောထား ကျဉ်းမြောင်းသောကြောင့် ဖြစ်သည်။

သူမက ချင်ဟောင် ကို သေအောင် ခွင့်မပြုနိုင်ပေ။ သူမက သူ့အပေါ်

ခံစားချက်ရှိနေသောကြောင့်မဟုတ်ဘဲ ချင်ဟောင်
၏အမေဖြစ်သည့် သူ့ဒေါ်လေးကို
ကျေးဇူးဆပ်လိုသောကြောင့်သာ။

ချင်ဟောင် ၏အမေက
သူမအသက်ငယ်စဉ်ကတည်းက
ပြုစုပျိုးထောင်ပေးခဲ့သူပါ။

ထိုအချက်ကြောင့်ပင် သူမက ချင်ဟောင်နှင့်
လက်ထပ်ရန် သဘောတူခဲ့သည့်
အဓိကအကြောင်းရင်းပါပဲ။

တင်းရှောက်ယောင် ၏စကားကို

ကြားလိုက်သောအခါ အဘိုးအိုနှင့် မိန်းမငယ်လေး

နှစ်ယောက်စလုံး အံ့အားသင့်သွားကြသည်။

တစ်ဆက်တည်း ၎င်းတို့ ၏အကြည့်များက

ယန်ယွဲ့အပေါ်သို့ ကျဆင်းသွားကြသည်။

၎င်းတို့က အရူးများ မဟုတ်ချေ။

တင်းရှောက်ယောင် က

ထိုကဲ့သို့ပြောဆိုနေသည်ဖြစ်ရာ

နောက်ကျောတွင်ဓားလွယ်ထားသော လူငယ်က

သေချာပေါက်ထူးခြားနိုင်ပေသည်။

သို့သော် မည်ကဲ့သို့နောက်ခံဖြင့် တင်းကလန်၏သခင်မလေးကိုကြောက်လန့်စေနိုင်မည်နည်း?

"တင်းရှောက်ယောင်! ဆင်ခြေတွေ ရပ်လိုက်။" ချင်ဟောင် က သူမကို ရက်စက်သော အမူအရာဖြင့် စိုက်ကြည့်ကာ "ဒါဆို သူက အင်အားကြီး မျိုးနွယ်စုရဲ့သခင်လေး ဖြစ်ရင်တောင် ဘာဖြစ်လဲ။ တင်းကလန် နဲ့ ငါ့ ချင်ကလန် တို့ ပူးပေါင်းထားတဲ့အတွက် သူတို့ကို ကြောက်နေမှာလား။ မင်းက ဒီကောင်ချောလေးကို သဘောကျလို့ လုပ်နေတာပဲ ဟုတ်တယ်မလား? ဟားဟား! ငါသိနေတယ်! မင်းငါ့ကိုမကြိုက်မှန်းငါသိတယ်။ ငါ့အမေကြောင့်

ငါတို့ကြားက လက်ထပ်ဖို့ကိုသဘောတူခဲ့တာ ငါသိတယ်။ ငါတို့ကြားက လက်ထပ်စာချုပ်ကို ဖြိုခွဲဖို့ မင်းသူ့ကို ပြန်ခေါ်လာခဲ့တာ ဟုတ်လား !”

တင်းရှောက်ယောင် ၏မျက်လုံးများတွင် စိတ်ပျက်လက်ပျက်အမူအရာ တစ်ချက် ထွက်ပေါ်လာပြီးနောက် ယန်ယဲ့ကို ပြန်လှည့်ကြည့်ကာ "သခင်လေး ယန်! သူ့ကို သတ်လိုက်တာက နင့်အတွက် လုံးဝ အကျိုးရှိမှာ မဟုတ်ဘူး၊ အဲဒါက ကြီးမားတဲ့ ဒုက္ခတွေ ပေးလိမ့်မယ်။ နင်က ဒီအစား ဒါဆို….”

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၄၈၆ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၄၈၆) - ရန်သူများ

"တင်းရှောက်ယောင်! ပါးစပ်ပိတ်ထား!"

ထိုအချိန်တွင် ချင်ဟောင်က ရုတ်တရက် ဒေါသတကြီး အော်လိုက်သည်။

"ငါတို့နှစ်ယောက်လုံးကို အရှက်ခွဲမနေနဲ့။ ငါ ချင်ဟောင် က သူငါ့ကို ဘယ်လိုသတ်ခဲ့တာလဲဆိုတာ ကြည့်ချင်တယ်!”

ထို့နောက်တွင် သူ့စကားကိုရပ်လိုက်ပြီး ယန်ယွဲ့ ကို လှည့်ကြည့်ကာ အပြင်းအထန် ရယ်မောလိုက်သည်။

"မင်းငါ့ကိုမသတ်ချင်ဘူးလား? လာ၊ ငါဒီမှာရပ်နေတယ်။ ဒီကိုလာ သတ်လိုက်။ မင်းငါ့ကိုမသတ်ဘူး၊ ဒါမှမဟုတ်ဒီနေ့မသတ်နိုင်ရင် မင်းဟာအရူးပဲ..."

ဘုန်း!

ယန်ယဲ့ ၏ခန္ဓာကိုယ်အတွင်းမှ အနီရောင်
အလင်းတန်းများ ချက်ချင်း ထွက်ပေါ်လာပြီး
ချင်ဟောင် ကို တိုက်ရိုက်ဖုံးအုပ်ထားသည်။

ချင်ဟောင်က ချက်ချင်းပင် ခြေထောက်နှစ်ဖက်လုံး
အားနည်းသွားသလို ခံစားလိုက်ရပြီး ရုတ်တရက်
ရပ်တန့်သွားကာ သူ့မျက်လုံးများက
ထိတ်လန့်မှုအပြည့်နှင့်
ဒူးထောက်ကျသွားလေသည်။

ယန်ယဲ့က သူ့လက်ကောက်ဝတ်ကို
ဆတ်ခနဲလှန်လိုက်ရာ တဖျပ်ဖျပ်တောက်ပနေသော
အလင်းတန်းများက ချင်ပေဟောင်ဆီသို့
တည့်တည့်တိုးဝင်လာသည်။

ထိုအခိုက်အတန့်တွင် အဘိုးအိုက
ချင်ပေဟောင်ရှေ့တွင် ရုတ်တရက်ပေါ်လာပြီး
သူ့လက်ဝါးကို ဝှေ့ယမ်းကာ ထိုအလင်းတန်းဆီသို့
ရိုက်ချလိုက်သည်။

အုန်း!

အလင်းတန်းများက လေထဲသို့
ပျံ့လွင့်သွားသော်လည်း အဘိုးအို
၏လက်ဝါးအလယ်တွင် စင်တီမီတာ
အနည်းငယ်နက်သောဒဏ်ရာအကြောင်းများ
ပေါ်လာသည်။

သူကဲ့သို့ အဆင့် ၃
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်က
ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူကြောင့်
ဒဏ်ရာရသွားသဖြင့် အဘိုးအို
၏အမူအရာကလည်း နောက်တစ်ကြိမ်
ပြောင်းလဲသွားပါတော့သည်။

အဘိုးအိုက
ထိတ်လန့်တကြားပင်ရေရွတ်လိုက်မိသည်။
“အဆင့် ၈ သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒ ။
မင်း.....မင်းက အတိအကျ ဘယ်သူလဲ?"

ဒီအချိန်တွင်မှ သူ့ရှေ့ရှိလူငယ်က
မရိုးရှင်းသောကြောင့် တင်းရှောက်ယောင်
ပြုမူခဲ့သည့်အကြောင်းအရင်းကို
နားလည်သွားတော့သည်။
အနည်းဆုံးတော့ ၎င်းက တင်းကလန် ထက်
နိမ့်ကျမည်မဟုတ်ပေ။

အကြောင်းမှာ ထိုလူငယ်က
အသက်ငယ်ငယ်လေးနှင့် အဆင့် ၈
သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒ
ကိုပင်နားလည်ထားသည်ဖြစ်ရာ
လက်ရှိသူတို့အားလုံးမည်မျှအားနည်းကြောင်းသိ
သာလှသည်။

ယန်ယဲ့က မည်သည့်စကားမှ ပြန်မပြောပေ၊
လက်ဝါးကို လှန်လိုက်သည်နှင့်
အလင်းအသံလှိုင်းဓား က  သူ့လက်ထဲတွင်
ပေါ်လာသည်။

ထိုမြင်ကွင်းကို မြင်လိုက်ရသည့်အခါ
တင်းရှောက်ယောင် ၏အမူအရာက
အနည်းငယ်ပြောင်းလဲသွားပြီး
ယန်ယွဲ့ရှေ့တွင်ပိတ်ရပ်လိုက်ပါသည်။

သူမက စကားပြောရန် ပြင်လိုက်စဉ်မှာပဲ ယန်ယွဲ့
၏လက်ထဲမှဓားက သူမ ၏လည်ပင်းရှေ့သို့
ချက်ချင်းရောက်လာခဲ့သည်။

"မင်းငါ့ကိုထပ်တားရင် မင်းကိုသတ်ပစ်မယ်!"

သူ့ဘဝတွင် သူ့အမေဖြစ်သူကသာ
တားဆီးနိုင်သူဖြစ်ပြီး အမြဲတမ်း
သူ့နှလုံးသားထဲရှိထာဝရတားမြစ်နယ်မြေဖြစ်သည်။
ထိုတားမြစ်နယ်မြေကို လာရောက်ထိပါးသည့်
မည်သူမဆို သေဆုံးရပါမည်။

တင်းရှောက်ယောင်က ချက်ချင်းပင်
အံ့သြသွားသည်။

တစ်ချိန်တည်းတွင် သူမ၏
နှလုံးသားအောက်ခြေကနေ အေးစက်လှသော
အေးစိမ့်စိမ့်ခံစားချက်ကိုရလိုက်လေသည်။

ယန်ယဲ့

၏လစ်လျူရှုသောအကြည့်ကိုစိုက်ကြည့်ရင်း

သူမကို နောက်ပြောင်နေခြင်းမဟုတ်ကြောင်း

သိလိုက်သည်။

"ကောလဟာလတွေထဲကအတိုင်း သူ....သူက

တကယ်ကို ရက်စက်ပြီး ကရုဏာကင်းမဲ့တဲ့သူ။"

သို့သော်လည်း၊ သူမအနေဖြင့် ချင်ဟောင် ကို

သေဆုံးရန် ခွင့်မပြုနိုင်ခဲ့ပေ။

သူမက ထိုအမှိုက်ကောင်ကို
သတ်ပစ်ချင်သော်လည်း
သူမ၏ဒေါ်လေးဖြစ်သူကြောင့်
တားဆီးနေရခြင်းပါ။

တင်းရှောက်ယောင် ၏လက်က အနည်းငယ်
တုန်ခါသွားပြီးနောက် အဆောင်စာရွက်တစ်ခု
ထွက်ပေါ်လာသည်။

ထို့နောက်တွင်
အပြာရောင်အလင်းတန်းတစ်ခုဖြာထွက်လာပြီး
ချင်ဟောင် ကို ဖုံးလွှမ်းသွားသည်။
၎င်း၏ခန္ဓာကိုယ်ကလည်းအနည်းငယ်တုန်ခါသွား
ကာ တဖြည်းဖြည်းမှေးမှိန်လာခဲ့တော့သည်။

ရင်းသည့် ကျပန်းအဆောင်ပေါ်တယ်မဟုတ်ဘဲ စစ်မှန်သော ကျပန်းတည်နေရာရွှေ့ပြောင်းခြင်းအဆောင် ဖြစ်သည်။

"ဟားဟား! မင်းငါ့ကိုမသတ်ချင်ဘူးလား လာလာ ငါ့ကိုသတ်ပါ! မင်းငါ့ကိုမသတ်နိုင်ဘူးလား။ ခွေးကောင်! မင်းက ကိုယ်ချစ်ရတဲ့သူကို အရမ်းဂရုစိုက်တာမဟုတ်ဘူးလား။ စိတ်မပူပါနဲ့၊ တစ်နေ့ သူတို့အားလုံးကို မင်းမျက်စိရှေ့မှာ ငါသတ်မယ်။ ဟားဟား!" ထိုအချိန်တွင် ချင်ဟောင်၏ရှုးသွပ်ဖွယ်ရယ်မောသံက

အပြာရောင်အလင်းတန်းများ

ပျောက်ကွယ်လုနီးပါးအချိန်တွင် ပျံ့လွင့်လာခဲ့သည်။

တင်းရှောက်ယောင်က မည်သည့်စကားမှ မပြောဘဲ

သူမ၏ မျက်လုံးများတွင် ဒေါသအပြည့်ဖြင့်

လက်သီးများကို တင်းတင်းဆုပ်ထားလိုက်သည်။

"ဒီခွေးကောင်က တကယ်ကို မိုက်မဲလွန်းတယ်။"

ဒီအချိန်တွင် ချင်ဟောင်

ကိုပါးဖြတ်ရိုက်ချင်ရုံကလွဲ၍အခြားမည်သည့်အရာ

မှမလုပ်ချင်တော့ပေ။

ထို့အပြင် ၎င်းသာ သူမ
ဒေါ်လေး၏သားမဟုတ်ပါက ထိုအမှိုက်ကို
ကိုယ်တိုင်သတ်ပစ်မိပါလိမ့်မည်။

တစ်ဖက်တွင် ယန်ယဲ့ ၏အမူအရာက
အလွန်တည်ငြိမ်နေပြီး သူ့မျက်လုံးများတွင်
ခံစားချက်ကင်းမဲ့နေဟန်များ
အတိုင်းသားဖြစ်နေပါသည်။

သူက ချင်ဟောင် ၏စကားကို မကြားမိသလိုပင်။
သို့သော် တင်းရှောက်ယောင်က သူမ၏
နှလုံးသားထဲတွင်

အလွန်တရာအေးစက်လှသောခံစားချက်ကိုရလိုက်လေသည်။

"ကံကောင်းစွာနဲ့ သူက ငါ့ကိုမကျေမနပ်မဖြစ်ဘူးထင်တယ်။ ငါတို့ဖွဲ့ထားတဲ့ ခင်မင်ရင်းနှီးမှုကို ထည့်သွင်းစဉ်းစားတာ ဖြစ်ကောင်းဖြစ်နိုင်တယ်။"

သို့သော် ရုတ်တရက်ဆိုသလိုပင်အေးစက်စက်အရာတစ်ခုက သူမအားထိုးသွင်းလာသည်ဟု ခံစားလိုက်ရသည်။

တစ်ဆက်တည်း ယန်ယဲ့က လှျပ်တစ်ပြက်ဆိုသလိုပင် သူ့လက်ကို အနည်းငယ် တွန်းထုတ်လိုက်သည်။

အလင်းအသံလှိုင်းစားက တင်းရှောက်ယောင်၏မျက်ခုံးအလယ်တည့်တည့်သို့ တည့်တည့်ထိုးဝင်သွားပြီး ချက်ချင်းပင် သူမ၏မျက်လုံးများကို ပြူးကျယ်သွားစေသည်။

"သူ....သူက ငါ့ကို တကယ်ပဲ တိုက်ခိုက်ခဲ့တာ!"

အလင်းအသံလှိုင်းဓားက တင်းရှောက်ယောင်

၏နဖူးအလယ်နှင့် လက်မဝက်ခန့်အကွာတွင်

အစိမ်းရောင်အလင်းတန်းတစ်ခု ရုတ်တရက်

ထွက်ပေါ်လာပြီး တားဆီးလိုက်ပါသည်။

သို့သော်လည်း ယန်ယွဲ့ ၏ခန္ဓာကိုယ်ထဲမှ

အနီရောင်အလင်းတန်းတစ်ခု

ဖြာထွက်လာပြီးနောက်

အစိမ်းရောင်အလင်းတန်းက တင်းရှောက်ယောင်

ကို ချက်ချင်းပင် လွင့်ပျံထွက်သွားစေသည်။

တစ်ချိန်တည်းတွင် သူမ၏ခန္ဓာကိုယ်ကလည်း
အဆင့် ၈
သတ်ဖြတ်ခြင်းခံရသည့်စိတ်ဆန္ဒဖြစ်အားကြောင့်
မြေပြင်ပေါ်သို့ ပျော့ခွေလဲကျလုနီးပါးပင်
ဖြစ်သွားသည်။

ထို့နောက်တွင် ယန်ယွဲ့က သူ့လက်ကောက်ဝတ်ကို
ဆတ်ခနဲလှန်ချလိုက်ကာ အလင်းအသံလှိုင်းများ က
တင်းရှောက်ယောင်
၏နဖူးအလယ်သို့ထပ်မံထိုးသွင်းလိုက်လေသည်။

"လေဟာနယ်အကာအကွယ်!"
ထိုအခိုက်အတန့်တွင် အဘိုးအိုက
ထိတ်လန့်နေရာကနေ သတိပြန်ဝင်လာပြီး
သူ့ရှေ့မှမြင်ကွင်းကိုမြင်သောအခါ
အလိုအလျောက်အော်ဟစ်လိုက်မိသည်။

အလင်းအသံလှိုင်းဓားက နောက်တစ်ကြိမ်
ရပ်တန့်သွားသည်ဖြစ်ရာ ယန်ယွဲ့ ၏မျက်လုံးထဲ၌
ရက်စက်ကြမ်းကြုတ်သောအမူအရာ
ဖြစ်ပေါ်လာသည်။

ရုတ်တရက် သူ့ခန္ဓာကိုယ်မှ
ပြင်းထန်သောစားစိတ်ဆန္ဒအရှိန်အဝါများ
ပေါက်ကွဲသွားချိန်တွင် ညာလက်ကောက်ဝတ်ကို
လျှပ်တစ်ပြက် လှည့်ချလိုက်သည်။

ဝုန်း!

အဘိုးအို ၏လေဟာနယ်အကာအကွယ်က
ချက်ချင်းပင် ကွဲထွက်သွားခဲ့သည်။

အဘိုးအိုလည်း အလွန်အံ့သြသွားပါတော့သည်။

သို့ရာတွင် ယန်ယွဲ့က စဉ်းစားရန်အချိန်မပေးဘဲ သူ့လက်ဝါးကို လျင်မြန်စွာ ယမ်းလိုက်သည်။

ထို့နောက်တွင် သူ့မျက်လုံးများကို အနည်းငယ် မှိတ်ထားပြီး အလင်းအသံလှိုင်းဓား ကိုမြှောက်ကာ အဘိုးအိုအား ခုတ်ပိုင်းလိုက်သည်။
တစ်ချိန်တည်းမှာပင် သူညာခြေကို မြှောက်ကာ တင်းရှောက်ယောင် ကိုပါ
ဖြတ်ကန်ထည့်လိုက်လေသည်။

အုန်း!

တင်းရှောက်ယောင် ၏ခန္ဓာကိုယ်လေးက မီတာ ၁၀၀ ကျော်ထိ လွင့်ပျံသွားကာ

သူမ၏ပါးစပ်မှ သွေးများ
ဖြန်းခနဲအန်ထွက်လာခဲ့ပါသည်။

ဆူး!

အလင်းအသံလှိုင်းဓား က အဘိုးအို ၏လက်ဝါးနှင့် တိုက်ချလိုက်ရာ
လက်ဝါးတစ်ဝက်ခန့်ပြတ်တောက်သွားပြီး
လေထဲတွင်သွေးများပန်းတက်လာသည်။

အဘိုးအိုက အံ့အားသင့်စွာ ပြောလိုက်သည်။
"တာအိုရတနာလက်နက်တစ်ခု နဲ့ အဆင့် ၈
ဓားစိတ်ဆန္ဒ။ မင်းဘယ်သူလဲ အတိအကျ!"

ယန်ယွဲ့ဟာအသက်ငယ်ငယ်နှင့် အဆင့် ၈
ဓားစိတ်ဆန္ဒကိုနားလည်ထားရုံသာမကဘဲ
တာအိုရတနာလက်နက်တစ်ခုပါပိုင်ဆိုင်ထားသော
ကြောင့် အဘိုးအိုက
အလွန်အမင်းတုန်လှုပ်သွားလေတော့သည်။

" ရှောက်ယောင် မှန်တယ်။ သူက လုံး၀ သာမန်လူ
မဟုတ်ဘူး။ အဲဒီခွေးကောင်လေး

ချင်ပောင်က တကယ်ကို အရူးတစ်ယောက်ပဲ။
သူက တကယ်.....တကယ်ကို တင်းကလန် နဲ့
ချင်ကလန် ဆီ ကြောက်စရာကောင်းတဲ့ရန်သူကို
ဖိတ်ခေါ် ခဲ့တယ်။"

ယန်ယွဲ့ဟာ ထိုကဲ့သို့အခြေအနေရောက်မှတော့
တုံ့ဆိုင်းမနေတော့ပေ။
သူ့ခန္ဓာကိုယ်ထဲရှိ ဆန်းကြယ်ချီစွမ်းအင်များက
အလင်းအသံလှိုင်းဓားထဲသို့အဆက်မပြတ်စီးဝင်
လာပြီးနောက်
အလွန်ပင်ကြောက်စရာကောင်းသည့်
ဓားမြည်သံတစ်ခု  ချက်ချင်း ပွဲ့တင်ထပ်လာခဲ့သည်။

ထို့နောက်တွင် အလင်းအသံလှိုင်းဓား ကို သူ့ဘယ်လက်၌ ပြောင်းကိုင်လိုက်ရင်း ရှေ့သို့ လျှင်မြန်စွာရောက်ရှိလာ၏။

အဘိုးအိုက အလွန်အံ့ဩတုန်လှုပ်သွားသည်။ ခဏအကြာတွင် အဘိုးအို ၏မျက်လုံးများက ကျဉ်းမြောင်းသွားကာ တစ်ကိုယ်လုံးရှိအမွေးအမျှင်များပင် အဆုံးမဲ့ထောင်မတ်သွားလေသည်။

ရုတ်တရက် အဘိုးအို ၏ပုံရိပ်က တဖျပ်ဖျပ်နှင့် ပျောက်ကွယ်သွားပါသည်။

သို့ရာတွင် အတော်လေးနောက်ကျနေသည်ဖြစ်ရာ သူ့လက်မောင်းတစ်ဖက်က ချက်ချင်း ပြတ်ထွက်သွား၏။

အား....။

အဘိုးအိုက ယန်ယဲ့နှင့် မီတာ ၁၀၀ ကျော်အကွာတွင် ပြန်ပေါ်လာပြီးနောက် မျက်လုံးထဲ၌ ကြောက်လန့်မှု၊ ထိတ်လန့်တုန်လှုပ်မှုများ အပြည့်ပင်။

"ဒီလိုလူငယ်ပါရမီရှင်မျိုးကို ဘယ်အင်အားစုကများ မွေးထုတ်ပေးလိုက်တာလဲ? ငါက အဆင့် ၃ ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်တစ်ယောက်လေ။ ဒါပေမဲ့ ဘယ်....ဘယ်လိုဖြစ်ပြီး သူ့ဓားတစ်ချက်တည်းနဲ့ သေလုနီးပါး ဖြစ်နေပြီလား?"

တစ်ဖက်တွင် ယန်ယွဲ့ကတော့ အဘိုးအိုကို မသတ်နိုင်လိုက်သဖြင့် စိတ်ပျက်လက်ပျက်ဖြစ်နေ၏။

ထို့နောက်တွင် သူက ချက်ချင်းပြန်လှည့်ကာ ထိတ်လန့်တုန်လှုပ်နေဆဲဖြစ်သော မိန်းမငယ်လေးကို ကြည့်လိုက်မိသည်။

ယန်ယဲ့၏သေမင်းတမန်အလားအေးစက်စက်အကြည့်ကို သတိပြုမိသောအခါ မိန်းမငယ်လေးက ခန္ဓာကိုယ်တစ်ခုလုံး တုန်ရီနေကာ အဆက်မပြတ်နောက်ပြန်ဆုတ်ရင်း အော်ဟစ်လေသည်။ "မလုပ်နဲ့… အနားမလာနဲ့…."

"ဆရာ ယန်!

နင့်စိတ်ကိုအခုထိမချုပ်နိုင်သေးဘူးလား? အဟွတ်

!" ထိုအခိုက်အတန့်တွင် တင်းရှောက်ယောင်က

သူမ၏ဝမ်းဗိုက်ကို အုပ်ကိုင်ထားရင်း ယန်ယွဲ့ဆီသို့

ဖြည်းညှင်းစွာ လျှောက်လာသည်။

သူမ၏ မျက်နှာလှလှလေးက အလွန်ဖြူဖျော့နေပြီး

နှုတ်ခမ်းတွင်သွေးများ ဖုံးလွှမ်းနေကာ

မျက်နှာပေါ်တွင် နာကျင်သည့် အရိပ်အယောင်များ

အလွန်ထင်ရှားနေလေသည်။

"ဒီလိုလူကြောင့် မင်းအသက်ဆုံးရှုံးရတာ တန်သလား" ယန်ယဲ့က သူမကိုကြည့်ကာ မထူးခြားဟန်ဖြင့် ပြောလိုက်၏။

တင်းရှောက်ယောင်က ခေါင်းခါလိုက်ပြီး “ငါ့ကို သူ့အမေက ကြီးပြင်းလာတဲ့အထိ သူ့သမီးအရင်းတစ်ယောက်လိုပြုစုစောင့်ရှောက်ခဲ့ တာလေ။ ဒါဆို သူ့တစ်ဦးတည်းသောသားကို ငါ့ မျက်စိရှေ့မှာ ဘယ်လို အသေခံနိုင်မှာလဲ? ဒါ့အပြင် နင်သူ့ကိုသတ်လိုက်မယ်ဆိုရင် နင်က ချင်ကလန် တစ်ခုလုံးရဲ့ လက်စားချေတာကိုခံရလိမ့်မယ်။ ပြီးတော့ ငါ့ တင်းကလန်ကလည်း နင့်ကို သေချာပေါက်ဖမ်းဆီးမှာ။

နင်က ဒါကိုမကြောက်ဘူးဆိုတာ ငါသိတယ်။ ဒါပေမဲ့ အဲလိုဖြစ်သွားရင် ငါတို့ကြားကပူးပေါင်းဆောင်ရွက်မှုတွေ ဘာဖြစ်သွားမယ်ဆိုတာစဉ်းစားမိလား? ဒါ့ပြင် ငါ့ရဲ့ တင်းကလန် နဲ့ ချင်ကလန် ကို လော့ကျန်းနဲ့ပူးပေါင်းခိုင်းလိုက်သလိုပဲ။ ဒီတော့ ငါတို့က နင်နဲ့ မသင့်မြတ်နိုင်တဲ့ရန်သူတွေ ဖြစ်လာရင် လော့ကျန်း နဲ့ ပူးပေါင်းဖို့ကလွဲပြီး ရွေးချယ်စရာ မရှိတော့ဘူး!”

ယန်ယွဲ့က သူမကိုကြည့်နေရင်း ခေါင်းတညိတ်ညိတ်နှင့် "ကောင်းပြီလေ၊ ဒါဆို လော့ကျန်း နဲ့ အတူ တစ်လမ်းတည်း သွားလိုက်ပါ!"

သူပြောပြီးသည်နှင့် တင်းရှောက်ယောင် ကို
တစ်ချက်ပင်ပြန်မကြည့်တော့ဘဲ
လှည့်ထွက်သွားခဲ့သည်။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၄၈၇ (ယန်ယဲ့)
မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး
(အပိုင်း ၄၈၇) - လမ်းခွဲခြင်း

ယန်ယဲ့ဟာ အခြားသူများ၏အမြင်တွင် လုံးဝဉသုံ ဦးနှောက်မရှိသူနှင့် အဖုအထစ်များကဲ့သို့ ထင်ရပေမည်။

သူဟာ အပေးအယူလုပ်နည်း (သို့) မည်ကဲ့သို့လိုက်လျောညီထွေဖြစ်စေရန် မသိသောကြောင့်ဖြစ်သည်။

အရင်တုန်းက

အဖြစ်အပျက်အတိုင်းပါပဲ။အကယ်၍ သူသာ ချင်ဟောင် ကို မတိုက်ခိုက်ပါက ချင်ကလန် ကဲ့သို့ မဟာမိတ်ကို မရရှိနိုင်လျှင်ပင် ၎င်းနှင့် ရန်သူဖြစ်လာမည်မဟုတ်ပေ။

အခြားမည်သူမဆို အများအားဖြင့်
အခြေအနေတစ်ခုလုံးအတွက်
ထိုကဲ့သို့အသေးအမွှားကိစ္စများတွင် ခံနိုင်ရည်ရှိရန်
ရွေးချယ်ကြသည်။

သို့သော် ယန်ယဲ့ဟာ မလုပ်ဆောင်ခဲ့ပေ။

သူက ချင်ဟောင် ကိုသတ်ရန်သာရွေးချယ်ခဲ့၏။

အကြောင်းအရင်းမှာ သူက
ယန်ယဲ့ဖြစ်နေသောကြောင့်ပင်။

သူ့အမြင်တွင် စိတ်ထဲရှိသည့်အတိုင်းပြုမူ၍
ချင်ဟောင် ကို သတ်ပစ်လိုသည် ။

အခြားသူများ၏
အကျိုးအတွက်နှင့်သူ့ကိုယ်သူမည်သည့်အတွက်စွန့်
လွှတ်ရမည်နည်း?
တင်းကလန် နှင့် ချင်ကလန် က
လောဘကျန်းနှင့်ပူးပေါင်းခဲ့လျှင်ပင် သူ့အတွက်
သိပ်အရေးမကြီးပါပေ။

မဟာမိတ်များအပေါ် ထားရှိသော သူ့အမြင်မှာ
သူတတ်နိုင်သမျှ တာဝန်ယူရမည့်နေရာဖြစ်ပြီး
တာဝန်မယူနိုင်ပါက ဂရုမစိုက်ပေ။

အကြောင်းပြချက်ကတော့
သူ့ကိုယ်သူသာယုံကြည်နေလို့ပါပဲ။
သူ့ကိုယ်ပိုင်စွမ်းအားကသာ
အင်အားကြီးပညာရှင်တစ်ဦးအဆင့်သို့
လျှောက်ရာလမ်းစဉ်ဖြစ်သည်မဟုတ်သလော။

ထိုကဲ့သို့မဟုတ်လျှင် သူက
မဟာမိတ်အများအပြားရှိနေသည့်တိုင်
အသုံးကျသောလူတစ်ယောက်မဖြစ်နိုင်ပေ။
နောက်ဆုံးတွင်၊ လွန်ခဲ့သည့်
အတိတ်ကာလနှစ်များစွာက အနှောင်အဖွဲ့ကင်းမဲ့သူ
ဟာ မြင့်မြတ်သောဟန်အင်ပါ ၏

ကေရာဇ်နန်းတော်ထဲသို့ တိုက်ရိုက်ဝင်ရောက်ပြီး
သတ်ဖြတ်ပစ်ခဲ့လေသည်။ ထိုအချိန်က သူ့တွင်
မဟာမိတ်များ ရှိခဲ့ပါသလား?

တင်းရှောက်ယောင်က နေရာတွင်
သာတိတ်တဆိတ်စွာ ရပ်နေခဲ့၏။

ယန်ယွဲ့ဟာ ချင်ပေါင် ကို သတ်ပစ်ရန်
စိတ်ပိုင်းဖြတ်ထားကြောင်း သူမ သိထားသည်။
"ငါ သူ့ကို တားလို့ ရမလား။
ဖြစ်ကောင်းဖြစ်နိုင်တယ်၊ ဒါပေမဲ့ သူ့စရိုက်အရဆို

ငါသူ့ကိုတားရင် ငါ့ တင်းကလန် ကို
သူသေချာပေါက် နှမြောမှာမဟုတ်ဘူး။

လော့ကျန်း နဲ့ တင်းကလန် ပူးပေါင်းဖို့ကလွဲလို့
တခြားရွေးချယ်စရာမရှိတော့ဘူးလား? ဒါပေမဲ့
လော့ကျန်းက ဒီဓားအင်ပါယာ ကို
တကယ်ချေမှုန်းနိုင်ပါ့မလား။

တကယ်လို့ သူမလုပ်နိုင်ရင် တင်းကလန် က
သေချာပေါက် ပြီးဆုံးသွားလိမ့်မယ်။

"တင်းကလန်က
လူသားဧကရာဇ်နဲ့တစ်ဖက်တည်းသွားလို့မရဘူး။

မဟုတ်ရင် အဲဒါက ကြီးမားတဲ့ ကပ်ဘေးကြီးတစ်ခုကို ကြုံတွေ့ရမည်မှာ သေချာတယ်။"

ရှောင်တန်းဂျီ ၏အသံက တင်းရှောက်ယောင် ၏စိတ်ထဲတွင် ပဲ့တင်ထပ်သွားသည်။

သူမသည် ရှောင်တန်းဂျီ ၏စကားများကိုကြားယောင်ပြီးနောက် မျက်နှာတစ်ခုလုံးဖြူဖျော့သွားခဲ့သည်။

ထိုထက်ပို၍အရေးကြီးသည်မှာ အတိတ်တွင်
ရှောင်တန်းဂျီ ၏စကားလုံးတိုင်းက တင်းကလန် ကို
ပျက်သုဉ်းခြင်းမှ ရှောင်နိုင်ရန်ကူညီပေးခဲ့သည်။

ထို့အပြင် တင်းကလန် ၏ဘိုးဘေးက ရှောင်တန်းဂျီ
နှင့် ကောင်းမွန်သောဆက်ဆံရေးရှိနေသဖြင့်
တင်းကလန် ကို လှည့်စားရန် မဖြစ်နိုင်ပေ။

သို့သော် ထိုနည်းအားဖြင့် သူမကို
ခက်ခဲသောနေရာတွင် ထားခဲ့သည်။

လော့ကျန်း နှင့် မပူးပေါင်းနိုင်သော်လည်း ယန်ယဲ့
နှင့်

သူမ၏ဆက်ဆံရေးကအတော်လေးကောင်းမွန်
သော အတိုင်းအတာအထိ
တိုးတက်လာခဲ့ပါသည်...။

“ဝမ်းကွဲ···ဝမ်းကွဲညီမ။ ဘယ်သူလဲ...အတိအကျ
ဘယ်သူလဲ" အမျိုးသမီးငယ်က
တင်းရှောက်ယောင် ကို ဖေးမရင်း
ခပ်တိုးတိုးမေးလိုက်လေသည်။

အမျိုးသမီးငယ်ကို ပြန်မဖြေမီ တင်းရှောက်ယောင်
၏မျက်လုံးများတွင် ရှုပ်ထွေးသော
အမူအရာတစ်ခုက ထောက်ပလာကာ "သူက

ဓားအင်ပါယာ... ဒါပေမဲ့ သူ့အတွက်
တောင်ပိုင်းနယ်မြေမှာ
တခြားဘွဲ့ဂုဏ်ပုဒ်တစ်ခုရှိသေးတယ်။
အဲဒါက သူ့ကို "ဓားနတ်ဆိုး" လို့ ခေါ်တယ်။
ဒီခေါင်းစဉ်က သူ့အတွက် ပိုသင့်တော်တယ်လို့
ခံစားရတယ်။”

...

ယန်ယွဲ့ဟာ တင်းရှောက်ယောင်
နှင့်လမ်းခွဲထွက်လာပြီးနောက် ယန်ယွဲ့
ပထမဆုံးလုပ်ခဲ့သော အရာမှာ

မင်းမဲ့စရိုက်သမုဒ္ဒရာနှင့်ပတ်သက်သည့်
သတင်းအချက်အလတ်များကို
လိုက်လံစုံစမ်းခြင်းပါ။

မင်းမဲ့စရိုက်သမုဒ္ဒရာ တွင်
ကျွန်းပေါင်းမြောက်မြားစွာရှိခဲ့သည်။
ထိုကျွန်းများကိုအပြည့်အစုံ
မှတ်တမ်းတင်ထားသော်ငြား အနည်းဆုံး
ကျွန်းပေါင်း တစ်သန်းကျော်ထိရှိနေပေသည်။

သို့သော် မင်းမဲ့စရိုက်သမုဒ္ဒရာ တွင်
အမှောင်မှော်သားရဲများမရှိဘဲ
ပင်လယ်မျိုးနွယ်များသာရှိ၏။

ပင်လယ်မျိုးနွယ်စုများက
အလွန်ကြောက်မက်ဖွယ်ကောင်းပြီး
၎င်းတို့၏ခွန်အားက နတ်ဆိုးနယ်မြေရှိ
နတ်ဆိုးသားရဲများထက်ပင် မနိမ့်ကျပါ။

အထူးသဖြင့် သမုဒ္ဒရာအတွင်း နက်ရှိုင်းသော
မျိုးနွယ်စုအချို့ ၎င်းတို့က
ဧကရာဇ်အဆင့်စွမ်းအားရှင် များပင်
ကြောက်ရွံ့ထိတ်လန့်ရသည့်
မျိုးနွယ်စုများဖြစ်လေသည်။

မင်းမဲ့စရိုက်သမုဒ္ဒရာထဲတွင်မူ လူသားအင်အားစု အနည်းငယ်သာရှိ၏။

တင်းရှောက်ယောင် ပြောခဲ့သလိုပင် ကောင်းကင်နတ်ဆိုးဂိုဏ်း၊ အပြာရောင်ဝေလငါးဂိုဏ်း၊ ဟင်းလင်းပြင်ဂိုဏ်း၊ ဒဏ္ဍာရီလာနတ်ဂိုဏ်း၊ ချင်ကလန် နှင့် ရဲကလန် တို့က ထိပ်တန်းအင်အားစုများဖြစ်သည်။

ထို့အပြင် တင်းကလန်ကတော့ မင်းမဲ့စရိုက်သမုဒ္ဒရာတွင် ထိပ်သီးအင်အားစုကြီးတစ်ခုဖြစ်သည်။

သို့သော်၊ တင်းကလန်က အင်အားကြီးတစ်ခုကဲ့သို့ နိုင်ငံ့ထက်စီးနင်းမဟုတ်ဘဲ မျှတစွာပြုမူတတ်သောကြောင့်

မင်းမဲ့စရိုက်သမုဒ္ဒရာတွင် နာမည်ဂုဏ်သတင်းကျော်ကြားလေသည်။

ချင်ဟောင် ၏နောက်ခံကတော့ ချင်ကလန် ပင်ဖြစ်သည်။

၎င်းသည် တတိယတန်းစား အင်အားစုတစ်ခုသာဖြစ်ပြီး မင်းမဲ့စရိုက်သမုဒ္ဒရာ ၏ထိပ်သီးအင်အားစုဖြစ်သော တင်းကလန် နှင့်ပတ်သက်နေသည်။

သို့သော်လည်း ချင်ကလန် က ထိပ်သီးပါရမီရှင်တစ်ဦးမျှ

မွေးထုတ်ပေးနိုင်ခြင်းမရှိသဖြင့် တဖြည်းဖြည်း
အင်အားကျဆင်းလာနေခဲ့၏။

အကယ်၍ တင်းကလန်
ကသာကျောထောက်နောက်ခံမရှိပါက
မင်းမဲ့စရိုက်သမုဒ္ဒရာထဲမှ
ဖယ်ထုတ်ခံရနိုင်ဖွယ်ရှိသည်။

မင်းမဲ့စရိုက်သမုဒ္ဒရာတစ်ခုလုံးနှင့်ပတ်သက်၍
အချက်အလက်အားလုံးနီးပါးကိုသိရှိပြီးနောက်
ယန်ယွဲ့ဟာ လူသူကင်းမဲ့သော ကျွန်းတစ်ကျွန်းကို
ရှာလိုက်ပြီး
စွမ်းအင်ကျောက်တုံးများကိုစုပ်ယူကာခဏတဖြုတ်
အနားယူလိုက်ပါသည်။

လက်ရှိတွင် သူ့အတွက် အရေးကြီးဆုံးကိစ္စမှာ
သူ့ခန္ဓာကိုယ်ထဲရှိ
ဆန်းကြယ်ချီစွမ်းအင်များအမြန်ဆုံး
ပြန်လည်ရယူရန်ပင်။

ချင်ဟောင် အတွက်တော့
သူ့အနေဖြင့်ထိုလူငယ်ထွက်ပြေးသွားမည်ကိုစိုးရိမ်
မနေခဲ့ပေ။

အချိန်များ တဖြည်းဖြည်းကုန်ဆုံးလာပြီးနောက် မျက်စိတစ်မှိတ်အတွင်းမှာပင် ၆ နာရီ နီးပါး ကြာမြင့်သွားခဲ့ပါသည် ။

အဆင့်လွန်စွမ်းအင်ကျောက်တုံး ၃ လုံးကိုစုပ်ယူပြီးနောက် ယန်ယွဲ့၏ခန္ဓာကိုယ်အတွင်းရှိ ဒဏ်ရာများအားလုံးပျောက်ကင်းသွားကာဆန်းကြယ်ချီစွမ်းအင်များပြန်ပြည့်လာခဲ့လေသည်။

တစ်ချိန်တည်းတွင် သူက အဆင့်တက်တော့မည့်အရိပ်အယောင်ကိုပါ

ခံစားမိလိုက်သဖြင့်အနည်းငယ်
မှင်တက်သွားမိပါသည်။

ရက်အနည်းငယ်သာ ဆက်၍လေ့ကျင့်ပါကအဆင့်
၃
ဝိညာဉ်နယ်ပယ်အလွှာအဆင့်သို့တက်လှမ်းနိုင်မည်
ဟုသေချာပေါက်ယုံကြည်မှုရှိပေသည်။
သို့သော် လက်ရှိတွင် သူက
အချိန်ကိုဖြုန်းတီးရန်အလျင်လိုခြင်းမရှိပေ။

ယန်ယဲ့ဟာ အသက်ပြင်းပြင်းရှူလိုက်ရင်း

မတ်တပ်ထရပ်လိုက်ပြီးနောက်
သူ့ပုံရိပ်ကဝေဝါးလာကာ ခပ်လှမ်းလှမ်းဆီသို့
လွင့်သွားသည်။

ယန်ယဲ့ ၏ဦးတည်ရာက ချင်ကလန် တည်ရှိသော
ကျွန်းဆီသို့....

သူက မင်းမဲ့စရိုက်သမုဒ္ဒရာတွင်
အချိန်မဖြုန်းလိုသော်လည်း ချင်ဟောင်
ကိုမသတ်ဘဲထွက်မသွားနိုင်ပေ။

-------------

တင်းရှောက်ယောင် က တင်းကလန်
သို့ပြန်လာပြီးနောက်
တင်းရှန်သေဆုံးမှုကိုကြေညာပြီး ကလန်
တစ်ခုလုံးကို လျင်မြန်စွာ ထိန်းချုပ်လိုက်သည်။

အရာအားလုံးပြီးသည်နှင့် ပထမဆုံးလုပ်သည်မှာ
တင်းကလန်ထဲမှ တင်းရှန်
၏လျှို့ဝှက်အင်အားစုများကိုပါ
ချက်ချင်းချေမှုန်းပစ်သည်။

ထိုမှသာ တင်းရှောက်ယောင် က တင်းကလန် ကို အပြည့်အ၀ ထိန်းချုပ်နိုင်လိုက်ပါသည်။

ထို့နောက်တွင် တင်းရှောက်ယောင် က တင်းကလန် ၏ပညာရှင်များကို ဦးဆောင်ကာကောင်းကင်နတ်ဆိုးဂိုဏ်းနှင့်ကျန်အင်အားစုများကိုစတင်တိုက်ခိုက်ခဲ့သည်။

နေ့တစ်ဝက်မပြည့်မီတွင် ထိုဂိုဏ်းများ ၏ထိန်းချုပ်မှုအောက်မှ ကျွန်းပေါင်း ၁၀,၀၀၀ ကျော်ကို တင်းကလန် ၏လက်ထဲသို့ တိုက်ရိုက်သိမ်းယူခဲ့သည်။

မှန်ပါသည်၊ တင်းကလန် ၏အင်အားကြောင့်
တစ်စိတ်တစ်ပိုင်းဖြစ်သော်လည်း
ထိုအင်အားစုများက တင်းကလန် ၏ဒေါသကို
မခုခံနိုင်လို့ပါပဲ။

များမကြာမီတွင် ကောင်းကင်နတ်ဆိုးဂိုဏ်း၊
အပြာရောင်ဝေလငါးဂိုဏ်း၊ ဟင်းလင်းပြင်ဂိုဏ်း နှင့်
ဒဏ္ဍာရီလာနတ်ဂိုဏ်းတို့ကမဟာမိတ်ဖွဲ့လိုက်သည်။
ထိုအချိန်တွင်မှသာ တင်းကလန်
၏တရစပ်ထိုးစစ်ဆင်တိုက်ခိုက်မှုလည်းရပ်တန့်
သွားတော့သည်။

တင်းကလန်.... ။

တင်းရှောက်ယောင် က တင်းကလန်

၏ပင်မခန်းမထဲရှိ ကလန်ခေါင်းဆောင်

ထိုင်ခုံတွင်ထိုင်နေသည်။

သူမ ၏ဘေးနားတွင်တော့ အဘိုးအို ၃

ယောက်ရှိနေပါသည်။

၎င်းတို့က တင်းကလန်

၏အဆင့်မြင့်ပညာရှင်များပင်။

“သခင်မလေး၊ ငါတို့က အခုဘာလို့ရပ်လိုက်တာလဲ။
အဲဒီခွေးကောင်တွေက ဘိုးဘေးဟောင်းကို
အပြင်းအထန် ဒဏ်ရာရစေပြီး အကြီးအကဲ
တင်းရှန်လည်းသေဆုံးသွားပြီ။ သခင်မလေး
တောင် သူတို့လက်ထဲ ရောက်လုနီးပါးပဲ။ ငါတို့
တင်းကလန် က ဒါကိုလက်စားမချေရင်
မင်းမဲ့စရိုက်သမုဒ္ဒရာမှာဂုဏ်သတင်းကိုဘယ်လိုထိ
န်းထားနိုင်မလဲ။ ငါ့အမြင်ပြောရရင် သူတို့အားလုံး
ကို
တစ်ခါတည်းအပြတ်ရှင်းလိုက်တာကောင်းမယ်။"
လူလတ်ပိုင်းအရွယ်အဘိုးအိုတစ်ဦးက
ဒေါသတကြီး မတ်တပ်ထရပ်ကာ
စကားစလိုက်သည်။

"ထိုင်ပါ!" တင်းရှောက်ယောင်

၏ဘေးချင်းကပ်လျက် အဘိုးအိုက

လူလတ်ပိုင်းအဘိုးအိုကို ဒေါသတကြီး

စိုက်ကြည့်ရင်း "တင်းဟိုင်! ရှောက်ယောင်က

ဒီလိုမျိုး ပြုမူခဲ့တာ သဘာဝကျတဲ့

အကြောင်းပြချက် ရှိတယ်။

မင်းဘာတွေထအော်နေတာလဲ"

တင်းဟိုင် ဟုခေါ်သော သက်လတ်ပိုင်းအဘိုးအိုက

နှုတ်ခမ်းကို ကိုက်လိုက်သည်။

အနည်းငယ်စိတ်မကောင်းဖြစ်မိသော်လည်း

ထိုအဘိုးအိုကို မလွန်ဆန်ရဲဘဲ
ချက်ချင်းပြန်ထိုင်လိုက်ပါသည်။

တင်းရှောက်ယောင်က
လူတိုင်းကိုတစ်ချက်ကြည့်လိုက်ပြီး
"အကြီးအကဲတို့အားလုံး ဘယ်လိုခံစားရလဲ
ငါနားလည်ပါတယ်၊ ဒါ ငါတို့ တင်းကလန် အတွက်
တကယ့်ကို အရှက်ရစရာပါပဲ။
အားလုံးရဲ့လက်စားချေလိုတဲ့ဆန္ဒကို
တကယ်နားလည်ပါတယ်၊ ဒါပေမဲ့ ဒီဂိုဏ်းတွေက
ငါတို့ရဲ့
တင်းကလန်ထက်သိသိသာသာနိမ့်ကျနေတဲ့အချိန်

တင်းကလန်ကိုဘာကြောင့်များပူးပေါင်းပြီးတိုက်ခိုက်ခဲ့တာလဲ၊ လူတိုင်း ဒါကိုတွေးမိလား။ ?”

အဘိုးအို တင်းဟိုင်

ကိုတားဆီးလိုက်သောအဘိုးအိုက

စကားပြောနေစဉ် မျက်မှောင်ကြုတ်သွား၏။ "

ရှောက်ယောင်!

တစ်ယောက်ယောက်က သူတို့ကို

ထောက်ခံနေတယ်လို့ ဆိုလိုတာလား။"

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၄၈၈ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၄၈၈) - ချင်ကလန်(ချင်မျိုးနွယ်)

တင်းရှောက်ယောင် က ခေါင်းညိတ်ပြီး ပြောလိုက်သည်။ "တကယ်လို့ သူတို့သာတစ်ယောက်ယောက်ရဲ့ပံ့ပိုးမှုကို မရဘူးဆိုရင် ငါတို့ တင်းကလန် ကိုဘယ်လိုတောင် သတ္တိရှိရှိ ဆန့်ကျင်ရဲမှာလဲ။ အဲဒါကို သူတို့ သတ္တိရှိရှိလုပ်တဲ့အတွက်၊ သူတို့ကို ထောက်ပံ့တဲ့

အင်အားစုက တင်းကလန် ထက်
မနိမ့်ကျဘူးဆိုတာ သေချာတယ်။ ဒါမှမဟုတ် ငါတို့
တင်းကလန် ထက်တောင် သာလွန်နေတာ
သေချာတယ်။ တကယ်လို့
ငါတို့ကဆက်ပြီးတိုက်ခိုက်ရင် တင်းကလန်ကို
တိုက်ခိုက်ဖို့အဲဒီအင်အားစုတောင်ပေါ်လာနိုင်တယ်။
”

တစ်စုံတစ်ယောက်က ရုတ်တရက်
အလိုလိုရေရွတ်လိုက်လေသည်။ "အဲဒါက
မြင့်မြတ်သောဟန်အင်ပါယာ လား" ဟု
ရုတ်တရက် မမေးမီ ခန်းမထဲက တစ်ခဏတာ
တိတ်ဆိတ်သွားသည်။

ထိုစကားကိုကြားလိုက်သဖြင့် လူတိုင်း
၏အမူအရာက
အနည်းငယ်ပြောင်းလဲသွားပါသည်။

တင်းကလန် က မင်းမဲ့စရိုက်သမုဒ္ဒရာထဲတွင်
အုပ်စိုးသူဖြစ်သော်ငြား ၎င်း၏အင်အားက
မြင့်မြတ်သောဟန်အင်ပါယာ ကဲ့သို့တိုက်တန်ကြီး
၏အမြင်တွင် ဘာမှမဟုတ်ပေ။

အကယ်၍ ၎င်းသည် တင်းကလန်
ကိုတိုက်ခိုက်နေသောအင်အားစုက မြင့်မြတ်သော

ဟန်အင်ပါယာ ဖြစ်ခဲ့လျှင် တင်းကလန် အတွက် အမှန်တကယ်ပင် အန္တရာယ်ရှိပါလိမ့်မည်။

“ငါတို့က မြင့်မြတ်သောဟန်အင်ပါယာနှင့် ဘာကြောင့် မဟာမိတ်မဖွဲ့ဘဲနေရမှာလဲ။” အခြားအဘိုးအိုတစ်ယောက်က အသံတိုးတိုးဖြင့် ပြော၏။ “ဘိုးဘေး၊ လူသားကေရာဇ် ရဲ့ အင်အားကြီးလာတာကို ရပ်တန့်လို့မရဘူး။ ငါတို့ တင်းကလန် က ဒီလိုမရပ်တန့်နိုင်တဲ့အရာတစ်ခုရှေ့မှာ တကယ်ပဲပိတ်ဆို့ထားမလို့လား။ ငါတို့က

မြင့်မြတ်သောဟန်အင်ပါယာနဲ့မဟာမိတ်ဖွဲ့ထားသင့်တယ်။”

"တင်းချန်း ပြောတာမှန်တယ်လို့ ငါထင်တယ်!" နောက်ထပ် လူလတ်ပိုင်းအဘိုးအိုတစ်ယောက် မတ်တပ်ရပ်လိုက်ပြီး “အတိတ်က တိုက်ကြီးတွေကြားက အတားအဆီးတွေရှိနေတော့ ငါတို့ တင်းကလန် က မြင့်မြတ်သောဟန်အင်ပါယာကို ဂရုမစိုက်နိုင်ဘူး။ အခုကျတော့ အတားအဆီးတွေပျက်သွားပြီ။ ဒါကြောင့် မြင့်မြတ်သောဟန်အင်ပါယာက တကယ်တိုက်ခိုက်လာရင် တင်းကလန်ကခုခံဖို့မဖြစ်နိုင်ဘူး။

ဒါကြောင့် ငါတို့က မြင့်မြတ်သောဟန်အင်ပါယာ
နဲ့ဆက်ဆံရေးကို ပြောင်းလဲသင့်တယ်ထင်တယ်။”

အချိန်မတန်သေးမီတွင်၊ အများအပြားက
သဘောတူညီမှုဖြင့် အဆိုပြုပြုကာ
တင်းရှောက်ယောင် အား တင်းကလန် နှင့်
မဟာမိတ်ဖွဲ့ရန် ခွင့်ပြုသင့်သည်ဟု
အကြံပြုခဲ့ကြသည်။

"အကြီးအကဲတို့အားလုံး သခင်ရှောင် ပြောတာကို
မေ့နေကြပြီလား" တင်းရှောက်ယောင် က
၎င်းတို့အား ဂရုမစိုက်ဘဲ စိုက်ကြည့်နေသည်။

မြင့်မြတ်သောဟန်အင်ပါယာက

အလွန်အားကောင်းသည်၊

မြင့်မြတ်သောဟန်အင်ပါယာ

၏အိမ်ရှေ့စံလော့ကျန်းက

လူသားကေရာ်ဖြစ်နေသည့်တိုင် ယန်ယဲ့က

အားနည်းနေပါသလား?

မဟာချင်အင်ပါယာ နှင့်

အမှောင်မှော်သားရဲအင်ပါယာ က

မြင့်မြတ်သောဟန်အင်ပါယာထက် နိမ့်ကျနိုင်သည်၊

သို့သော် နတ်ဆိုးနယ်မြေ ၏ နတ်မိစ္ဆာကေရာ်ဇ် နှင့်

ရှောင်ကလန် ၏ရှောင်တန်းဂျီ

တို့ပါကျန်ရှိနေသေးသည်။

ရှောင်တန်းဂျီ ပိုင်ဆိုင်ထားသော
ကံကြမ္မာဖတ်စွမ်းအားဖြင့် ယန်ယဲ့ အကြောင်းကို
တစ်စုံတစ်ရာ မသိခဲ့ပါက (သို့)
အနာဂတ်အလားအလာကို ခန့်မှန်းမိပါက
သူ့သမီးကို ယန်ယဲ့ နှင့် လက်ထပ်ခွင့်ပြုပါမည်လား။

ဟုတ်သည်၊ ထိုထက်ပို၍အရေးကြီးသော
အကြောင်းပြချက်တစ်ခုလည်း ရှိခဲ့၏။

သူမ ၏အဖေဖြစ်သူက
သေလုမျောပါးပင်ဖြစ်နေသည်။

ထိုအခြေအနေက လော့ကျန်း
၏ကျေးဇူးကြောင့်ပင်မဟုတ်ပါလား။ ထို့ကြောင့်
တင်းကလန်က
လော့ကျန်းနှင့်မည်ကဲ့သို့ပူးပေါင်းရမည်နည်း?

ခန်းမထဲရှိ လူတိုင်း နှုတ်ဆိတ်သွားကြသည်။

ရှောင်တန်းဂျီ ပြောသမျှစကားကို
မည်သူမျှလစ်လျူမရှုနိုင်ပါ။
ထိုလူက တိုက်ကြီးတစ်ခုလုံး
၏ဒဏ္ဍာရီဆန်သောတည်ရှိမှုဖြစ်ပြီး
သူ့စကားတစ်လုံးတည်းဖြင့် တင်းကလန်

ကိုအန္တရာယ်မှအကြိမ်ကြိမ်လွတ်မြောက်စေခဲ့သည်။

တင်းရှောက်ယောင်၏ဘေးနားကပ်လျက်အဘိုးအိုက ခေါင်းခါပြပြီး "သခင်မလေး၊ မင်း ဆုံးဖြတ်ချက် ချလိုက်ပြီ။ မင်းက တင်းကလန် ကို အရှုံးမပေးဘူးလို့ ငါယုံတယ်!"

တင်းရှောက်ယောင်က ခဏတာ ငြိမ်သက်သွားပြီး ဆက်ပြောလိုက်သည်။ "ဒီကိစ္စကို ခဏလောက်

ဘေးဖယ်ထားလိုက်ရအောင်။ သေသေချာချာ
စဉ်းစားကြည့်ရအောင်!"

အားလုံးက နားလည်မှုဖြင့်
ခေါင်းညိတ်လိုက်ကြသည်။

၎င်းတို့က တင်းကလန် ၏အနာဂတ်နှင့်
ပတ်သက်ကြောင်း သိထားသောကြောင့်
ပေါ့ပေါ့ဆဆ ဆုံးဖြတ်၍ မရသည်မှာ
သဘာဝကျသည်။ မှန်မှန်ကန်ကန်စဉ်းစားပြီး
ဆုံးဖြတ်ချက်ချရန် လိုအပ်ပါသည်။

သူတို့ထွက်သွားပြီးနောက် တင်းရှောက်ယောင်၏မျက်လုံးများတွင် ခါးသီးသောအမူအရာပေါ်လာပြီး ခေါင်းယမ်းလိုက်သည်။

ရုတ်တရက် သူမက ယန်ယွဲ့အကြောင်း တွေးမိလိုက်သောအခါ တင်းရှောက်ယောင်၏အမူအရာက ရုတ်တရက် ပြောင်းလဲသွားပြီးနောက် မတ်တတ်ထအော်လိုက်သည်။ "ဦးလေးကွမ်! ချင်းဟောင် ကို ချက်ချင်းပုန်းနေဖို့ ချင်ကလန် ကို အမြန်အကြောင်းကြားပါ။ မဟုတ်ဘူး၊ အဲဒါအတွက် မလိုအပ်ပါဘူး၊

အရမ်းနောက်ကျနေပြီ။ ငါတို့ ချင်ကလန်
ကိုအမြန်သွားရမယ်….”

သူမက တင်းကလန်
ကိုပြန်ရောက်သည်နှင့်အရာအားလုံးနေရာတကျဖြ
စ်ရန်စီမံနေရသဖြင့် ချင်ဟောင်
ကိုမေ့လျော့သွား၏။

လက်ရှိတွင်မှ အကြီးမားဆုံးပြဿနာတစ်ခုကို
တွေးမိသွားခြင်းပင်။

ယန်ယဲ့ ၏အကျင့်စရိုက်အရ ချင်ဟောင်

ကိုမသတ်ဘဲထွက်သွားပါမည်လော။

အဖြေကတော့ လုံးဝမဖြစ်နိုင်ပေ။

ယန်ယဲ့ ၏တည်ရှိမှုကြောင့် ချင်ဟောင် ကို

ကျိန်းသေ သတ်ပစ်မည်မှာ မလွဲကေန်ပင်။

ထို့အပြင်၊ ချင်ကလန် က

ကေရာဇ်အဆင့်စွမ်းအားရှင် တစ်ဦးမှ

ပိုင်ဆိုင်ထားခြင်းမရှိသဖြင့် ယန်ယဲ့ ကို

မည်သို့တားဆီးနိုင်မည်နည်း။

…

ချင်ကလန်....။

ချင်ကလန် က မင်းမဲ့စရိုက်သမုဒ္ဒရာအတွင်းရှိ ကျွန်းတစ်ကျွန်းပေါ်တွင် တည်ရှိသည်။ ချင်ဟောင်က ချင်ကလန် သို့ ပြန်လာပြီးနောက် သူ့စေ့စပ်ထားသောအမျိုးသမီးက သူ့အား လူမြင်ကွင်းတွင် အခြားလူတစ်ယောက်ထံဒူးထောက်တောင်းပန်ခိုင်းသည့်မြင်ကွင်းကိုပြန်တွေးပြီး ဒေါသပေါက်ကွဲလုနီးပါး ဖြစ်သွားသည်။

ထိုအခြေအနေက သူ့အတွက်

အလွန်အရှက်ရစရာပင်!

ချင်ဟောင်က တင်းရှောက်ယောင် နှင့်

ပြဿနာရှာရန် သတ္တိမရှိပေ။

သူမသည်

သူနှင့်စေ့စပ်ထားသူဟုသတင်းထုတ်ပြန်ထားသော်

လည်း ပြတ်ပြတ်သားသား ဖြတ်ပစ်ရန်

လွယ်ကူကြောင်း သူ့စိတ်ထဲ ရှင်းရှင်းလင်းလင်း

သိထားသည်။

ထို့အပြင် အနည်းငယ်သောအမှားက တင်းကလန်ကို ထိခိုက်စေနိုင်ပြီး ချင်ကလန် ကိုပါ ကပ်ဘေးကျရောက်စေနိုင်သည်။

သို့သော် ထိုအရှက်တရားနှင့် ဒေါသကို သူ အမှန်တကယ် မျိုမချနိုင်ခဲ့ပါ။

တင်းရှောက်ယောင် နှင့် ပြဿနာမရှာရဲသော်ငြား ထိုလူငယ်ကို စိတ်ပူစရာမလိုဟုယူဆခဲ့သည်။

ထို့ကြောင့် ချင်ကလန်
သို့ပြန်ရောက်သည်နှင့်သူ့အမေကိုတွေ့ပါ

တင်းရှောက်ယောင် နှင့် ယန်ယဲ့တို့ကြားမှ
အဖြစ်အပျက်များကို ပို၍ချဲ့ကားဖော်ပြခဲ့သည်။

ချင်ဟောင် ၏အမေဖြစ်သူက အသက် ၄၀ အရွယ်
မိန်းမလှတစ်ဦးဖြစ်ပြီး သူမ၏အမည်မှာ
လော့ရှောင်ယင် ဖြစ်သည်။

သူမက အဆင့် ၁
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်တစ်ဦးလည်းဖြစ်
၏။

ချင်ဟောင် ၏စကားကို ကြားပြီးနောက်

လော့ရှောင်ယင် က "ငါ တင်းရှောက်ယောင်ကို

ကိုယ်တိုင် ပြုစုစောင့်ရှောက်ခဲ့တာ။

သူမက ကျေးဇူးကန်းပြီး သစ္စာမဲ့သူမဟုတ်ဘူး၊

ဒီတော့ သားက

ရှောက်ယောင်ကိုအထင်လွဲနေတာရှိလိမ့်မယ်။

ဒါပေမဲ့ ကိစ္စမရှိပါဘူး။ အမေက မင်းနဲ့လိုက်လာပြီး

သူမကို ရှင်းပြချက်အချို့တောင်းပေးမယ်။

အဲဒီလူနဲ့ ပတ်သက်ပြီးတော့…. ဟမ့်! တကယ်ပဲ

သူက ငါ့ ဟောင်အာ ကို သတ်ဖို့ ကြိုးစားရဲတယ်။

သူက ရှောက်ယောင် ရဲ့မိတ်ဆွေဖြစ်ရင်တောင်

ငါသူ့ကို လုံးဝခွင့်မပြုဘူး။ ငါ…."

"အမေ··· သူက အရမ်းသန်မာတယ်···" ချင်ဟောင်၏ညီမက ရုတ်တရက်ပြောလိုက်သည်။ "ဦးလေးတင်း တောင် သူ့အသတ်ခံရလုနီးပါးပဲ။ ဒါ့အပြင် သူက တောင်ပိုင်းနယ်မြေရဲ့ဓားအင်ပါယာ လို့ပြောခဲ့တယ်။

ငါတို့က သူ့ကို မစော်ကားရင် အကောင်းဆုံးပဲ။"

သူမဟာ ယန်ယဲ့၏ခွန်အားကို မျက်လုံးနှစ်လုံးနှင့်မြင်တွေ့ခဲ့ရပြီး အခုအချိန်အထိ တကယ်ကို မမေ့နိုင်သေးပေ။

ထိုလူငယ်က အဆင့် ၂

ဝိညာဉ်နယ်ပယ်အလွှာအဆင့်သာရှိသည့်တိုင်

ချိုးမြှောက်ခြင်းနယ်ပယ်ပညာရှင်တစ်ဦးကို

အမှန်တကယ်ဖိနှိပ်ထားနိုင်သည်။

ထိုအဖြစ်အပျက်ကသူမ တစ်သက်တာလုံး

တစ်ခါမှပင်မမြင်ဖူး၊မကြားဖူးသောအရာဖြစ်သည်။

"ဓားအင်ပါယာ?" လော့ရှောင်ယင်က

မျက်မှောင်ကြုတ်ပြီး “ဘယ်က ဓားအင်ပါယာ လဲ”

ဟု မေးလေသည်။

အမျိုးသမီးငယ်က တစ်ခုခုပြောရန်
ရည်ရွယ်သော်လည်း ချင်ဟောင်က
စကားဖြတ်ပြောကာလျှောင်ပြောင်လိုက်သည်။

"ဘယ်က ဓားအင်ပါယာ ။ ဟမ့်၊ သူက
တောင်ပိုင်းနယ်မြေရဲ့အမှိုက်ဓားသမား
တစ်ဦးပဲလေ။ ချင်လန်၊ မင်းရဲ့အစ်ကိုက
ဘယ်သူလဲ။ မင်းအစ်ကို၊ ငါအနိုင်ကျင့်ခံရပြီးပြီ၊
ဒါပေမဲ့ မင်းဟာ အပြင်လူကိုယ်စား ပြောနေတုန်းပဲ။
မင်းက ဒီလောက်သစ္စာမဲ့တာလား!"

အမျိုးသမီးငယ်က ချက်ချင်းပင်
မှားယွင်းသွားသည်ဟု ခံစားလိုက်ရသည်။

သူမက တစ်ခုခုပြောချင်နေသေးသော်လည်း လှော့ရှောင်ယင်က လက်ကို ဝှေ့ယမ်းပြီးပြောလိုက်၏။ "သူက ဘယ်သူပဲဖြစ်ဖြစ် ငါ့သားကို သတ်ဖို့ သတ္တိရှိရှိတဲ့အတွက် သူ့ကို ငါခွင့်မလွှတ်နိုင်ဘူး။ ငါ့ ချင်ကလန် ရဲ့ ကင်းထောက်တွေကို သူ့ကို စုံစမ်းဖို့နဲ့ သူ့နေရာကို ရှာတွေ့တာနဲ့ ချက်ချင်း သတင်းပို့ဖို့ အမိန့်ပေးပါ။ ငါ့ ချင်ကလန် က နှစ်ပေါင်းများစွာအထိ နိမ့်ကျတဲ့အဆင့်အတန်းကိုထိန်းသိမ်းထားခဲ့တယ်။ အခု သူ့ကို သတ်ပြီး ငါတို့ရဲ့အင်အားကိုပြဖို့အချိန်တန်ပြီ။

ရှောက်ယောင်လေးက အဲဒီလူအတွက်နဲ့ ငါ့ကို ရှုံ့ချမှာမဟုတ်ဘူးဆိုတာကို ငါယုံတယ်။"

ချင်ဟောင်က ထိုစကားကိုကြားသောအခါ ချက်ချင်းပင် ဝမ်းသာသွားသည်။

အကြောင်းအရင်းမှာ တင်းရှောက်ယောင်၏ချစ်သူကိုသတ်လိုက်ခြင်းက သူ့အမေပါဝင်လာလျှင် ပို၍လွယ်ကူသွားပေမည်။

ဟမ့်! အဲဒီလူက သူ့ချစ်ရသူတွေကို တကယ် ဂရုမစိုက်ဘူးလား။ သူ့ချစ်ရသူအားလုံးကို ဖမ်းပြီး သူ့မျက်စိရှေ့မှာ အရှက်ခွဲဖို့ အင်အားတချို့ လွှတ်လိုက်မယ်။ အဲဒီအခါမှာ သူဘယ်လိုပုံစံဖြစ်မလဲဆိုတာ ကြည့်ရအောင်။

ထိုမြင်ကွင်းကို တွေးလိုက်သောအခါ ချင်ဟောင်၏ပါးစပ်ထောင့်တွင် ကြည်နူးမှုအပြုံးတစ်ခု ပေါ်လာသည်...။

ထိုအတောအတွင်း အနက်ရောင်အရိပ် ၃ ဦးက ချင်ကလန် ထဲသို့ဝင်ရောက်လာပြီး အဆင့် ၄ ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်တစ်ဦး ချက်ချင်းသေဆုံးသွားခဲ့ပါသည်။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၄၈၉ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၄၈၉) - ငါရောက်လာပြီ

ယန်ယဲ့ဟာ ချင်ဟောင် ကိုသတ်ရန်နှင့် ချင်ကလန် တစ်ခုလုံးကို မသုတ်သင်လိုသော ကြောင့် သူ့ကိုယ်သူကြင်နာတတ်သည်ဟု ခံစားမိခဲ့သည်။

သူက ဟုန်အမျိုးသမီး နှင့် အခြားလူများကို
ချင်ကလန် သို့စေလွှတ်ခြင်းက
ချင်ဟောင်ကိုရှာဖွေပြီးဖမ်းဆီးရန်ပင်။

သို့ရာတွင် ထိုသုံးဦးက
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်
ရှိနေသောအခန်းထဲသို့ဝင်ရောက်သွားမိမည်ဟု
မမျှော်လင့်ထားခဲ့ပေ။

ထို့ကြောင့် ယန်ယဲ့ဟာ
ထိုချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်ကို

သတ်ရန်အမိန့်ပေးရုံကလွဲ၍
ရွေးချယ်စရာမရှိတော့ပေ။

ယန်ယွဲ့သည် ချင်ကလန် သို့မရောက်ခင်
၎င်းနှင့်ပတ်သက်သောအခြေအနေများကိုစုံစမ်းခဲ့
၏။

ချင်ကလန် တွင် ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်
၆ ဦးသာရှိခဲ့သည်။

သို့သော်၊ ၎င်းတို့အားလုံးက
အဆင့်မြင့်ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များမ
ဟုတ်ပေ။

ထိုအထဲတွင် အားအကောင်းဆုံးလူက အဆင့် ၇
ချီးမြှောက်ခြင်းနယ်ပယ်သာဖြစ်ပြီး
၎င်းကလည်းလွယ်ကူစွာထွက်ပေါ်မလာတတ်ပေ။

တစ်နည်းဆိုရသော် လက်ရှိ ချင်ကလန် တွင်
အဆင့်မြင့်
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်တစ်ဦးသာရှိသည်
။

ယန်ယွဲ့ဟာ ချင်ကလန်
ထဲသို့ပြောင်ပြောင်တင်းတင်းမဝင်ရောက်ခင်

ဟုန်အမျိုးသမီး နှင့် အခြားနှစ်ဦးကို

ဆန်းကြယ်ရွှေချီကန်ထဲသို့ ပြန်သိမ်းလိုက်သည်။

ထို့နောက်တွင်

“ကောင်းကင်ဘုံရဲ့အပြစ်ပေးမှုက

အပြစ်မဲ့သူတွေကို မသတ်ရဘူး။ ချင်ကလန်! ငါက

ချင်ဟောင် ကိုပဲလိုချင်တာ။

သူ့ကို လွှဲပေးရင် ငါ အခုချက်ချင်း ထွက်သွားမယ်။

အဲဒီလိုမှ မလုပ်ရင် ဒီနေ့ ကောင်းကင်က

သူ့ရဲ့စည်းမျဉ်းကို မေ့သွားလိမ့်မယ်။”

ယန်ယဲ့

၏ဆန်းကြယ်ချီစွမ်းအင်ဖြင့်မြှင့်တင်ထားသောအ

သံက ကျယ်လောင်စွာပြန်နှံ့လာပြီး
ချင်ကလန်တစ်ခုလုံး ပျံ့လွင့်သွားလေတော့သည်။

ချက်ချင်းပင် ချင်ကလန် ထဲရှိ လူတိုင်း
အံ့သြသွားကြသည်။

"တစ်စုံတစ်ယောက်က ငါတို့ရဲ့ချင်ကလန်ကို
တကယ်ပဲ ဒုက္ခပေးလာရဲတယ်လား?
ငါတို့ချင်ကလန်ကို တင်းကလန်က
ကာကွယ်ထားတယ်ဆိုတာ အဲဒီလူ မသိဘူးလား?
ဒီလိုမျိုး လုပ်ဖို့ ဘယ်သူက ဒီလောက်
ရဲရင့်နေမှာလဲ?"

သို့သော် လူတိုင်း ချင်ကလန်
၏အဆင့်မြင့်ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် ၅
ဦးသေဆုံးသွားသည်ကို မသိသောကြောင့်
ထိုအတွေးမျိုးရှိခဲ့သည်။

သိပ်မကြာမီတွင် လော့ရှောင်ယင်၊ ချင်ဟောင်နှင့်
ချင်လန်းတို့က ယန်ယွဲ့ရှေ့တွင် ပေါ်လာခဲ့သည်။
ပတ်ဝန်းကျင်တွင် ပြည့်နေသော ချင်ကလန်မှ
အစောင့်များ ၏အလောင်းများကို မြင်လိုက်ရာ
လော့ရှောင်ယင် ၏မျက်လုံးများတွင်

အေးစက်သော အလင်းရောင်တစ်ခု

လင်းလက်တောက်ပနေလေသည်။

တစ်ဖက်တွင်တော့ ချင်ဟောင် နှင့်ချင်လန်းတို့

၏မျက်လုံးများတွင် ထိတ်လန့်တုန်လှုပ်မှု

များပေါ်လာသည်။

အထူးသဖြင့် ချင်လန်းက ခြေလှမ်းအနည်းငယ်ပင်

နောက်ပြန်ဆုတ်သွားပါတော့သည်။

လော့ရှောင်ယင် က နောက်ကျောတွင်

အပြာရောင်ဓားကြီးကို လွယ်ထားသည့်

ယန်ယွဲ့ကိုစိုက်ကြည့်နေရင်း မှုန်ကုပ်ကုပ်နှင့်

ပြောလိုက်သည် " ငါ့ ချင်ကလန် က နင့်ကို

လိုက်ရှာဖို့ လုပ်နေပြီ၊ ဒါပေမဲ့ နင်က ဒီကိုလာပြီး
ပေးမယ်လို့ ငါဘယ်တုန်းကမှ မမျှော်လင့်ထားဘူး။
တကယ်ကိုအရူးထတာပဲ။
ဒါလည်းကောင်းပါတယ်။ အဲဒါက
ငါ့ချင်ကလန်ကိုအလုပ်ရှုပ်သက်သာသွားစေတာပေါ့
။

 ပြောစရာမလိုအောင်၊ နင့်လိုလူငယ်လေးက
ငါ့ချင်ကလန်
ကိုပြောင်ပြောင်တင်းတင်းဝင်လာရဲတယ်။

 မှန်ပါတယ်၊ နင့်မှာ
အားကိုးစရာတစ်ခုခုရှိနေတယ်လို့ ငါထင်တယ်၊
ဒါပေမဲ့ အဲဒါကို နားထောင်ဖို့ ငါ
စိတ်မဝင်စားပါဘူး။ ငါ…."

"သောက်ပါးစပ်ကိုပိတ်လိုက်!" ယန်ယဲ့က သူ့လက်ကို ဝှေ့ယမ်းပြီး သူ့ရှေ့က အဘွားအိုကိုတားလိုက်ကာ “မင်းဘေးနားက အမှိုက်ကောင်ကို ငါ့ဆီ လွှဲပေး၊ ငါထွက်သွားမယ်။တကယ်လို့ မင်းငြင်းရင် ငါဘာသာငါယူမယ်"

လော့ရှောင်ယင် က ဒေါသတကြီးအမူအရာအပြည့်နှင့် ရယ်မောလိုက်ပြီး “သူ့ကို ယူသွားမလား။ နင်ဘာလို့ မစမ်းကြည့်တာလဲ။"

ထိုအချိန်တွင် လူလတ်ပိုင်းအရွယ်
အမျိုးသားတစ်ဦးက လော့ရှောင်ယင် ရှေ့သို့
ရုတ်တရက်ရောက်ရှိလာပြီး
တုန်လှုပ်ခြောက်ခြားသော အသံဖြင့် ပြောနေစဉ်
သူ့မျက်နှာတွင်လည်း တွင်
ကြောက်ရွံ့ထိတ်လန့်နေသော အမူအရာများ
ပြည့်နှက်နေပါသည်။ "ဘိုးဘေး အပါအဝင် ငါတို့
ချင်ကလန်ရဲ့
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်တွေအကုန်အသ
တ်ခံလိုက်ရပြီ။..."

လော့ရှောင်ယင် က ပထမဆုံး အံ့အားသင့်သွားပြီး ရုတ်တရက် စူးစူးဝါးဝါးအော်လိုက်သည်။ "ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ? အဲဒါ ဘယ်လိုဖြစ်နိုင်မလဲ။ နင်က မိုက်မဲနေတာပဲ!"

"သူပြောတာမှန်တယ်လို့ ငါအာမခံနိုင်တယ်!" ယန်ယွဲ့သည် သူ့လက်ဝါးကိုလှန်လိုက်ပြီး ချင်ဟောင်ဆီသို့ ဖြည်းညှင်းစွာ လျှောက်သွားနေရင်း လက်ဝါးအလယ်တွင် မှိန်ဖျော့ဖျော့အလင်းတန်းများ ပေါ်လာ၏။

"စိတ်မပူပါနဲ့၊ ဒါက မင်းကို ပေါ့ပေါ့တန်တန် ခွင့်လွှတ်နိုင်လို့ ငါချက်ချင်းသတ်မှာမဟုတ်ဘူး။

ငါ့မှာ ညှဉ်းပန်းနှိပ်စက်တတ်တဲ့ အလေ့အထမရှိဘူး၊
ဒါပေမဲ့ မင်းအတွက် ငါပြောင်းလဲနိုင်တယ်။
အတိုချုပ်ပြောရရင် သေရတာ ဇိမ်ရှိတယ်လို့
ခံစားရစေမယ်။”

ချင်ဟောင် ၏အမူအရာသည်လည်း
ပြောင်းလဲသွားကာ
သူ့ဆီတစ်လှမ်းချင်းလျှောက်လာနေသော ယန်ယွဲ့
ကို ကြည့်ရင်း ကြောက်ရွံ့မှုများနှင့်
ပြည့်နှက်နေသည်။

လော့ရှောင်ယင် က ချင်ဟောင်
ရှေ့တွင်ပိတ်ရပ်လိုက်ကာ ယန်ယွဲ့
ကိုကြည့်နေသောအကြည့်ထဲတွင် ကြောက်ရွံ့မှု
အရိပ်အယောင် ပေါ်လာသည်။ သူမက “နင်က
ဘယ်သူလဲ၊ ငါ့ ချင်ကလန် နဲ့ တင်းကလန် ကြားက
ဆက်နွယ်မှုကို မင်းမသိဘူးလား။

"ငါလုပ်တယ်!" ယန်ယွဲ့ က ခေါင်းညိတ်ပြပြီး
ချင်ဟောင်ကို အသိအမှတ်ပြုသည့်အလား
"တင်းကလန် အကြောင်း မပြောနဲ့၊ သူတို့က
မြင့်မြတ်သောဟန်အင်ပါယာရဲ့အိမ်ရှေ့စံမင်းသား
ဖြစ်ရင်တောင် ငါ မဆိုင်းမတွဘဲ သတ်ပစ်မယ်။"
ဟု ပြောလိုက်လေသည်။

စကားပြောပြီးသည်နှင့် ယန်ယဲ့က
အလင်းအသံလှိုင်းများကို ငွေ့ယမ်းလိုက်ကာ
လော့ရှောင်ယင် ၏လည်ပင်းနောက်တွင်
ရုတ်တရက်ပေါ်လာသည်။

လော့ရှောင်ယင် ၏ အမူအရာသည်
သိသိသာသာပြောင်းလဲသွားပြီး
ဖျတ်ခနဲပျောက်သွားကာ မီတာ ၁၀၀
ကျော်အကွာတွင် ပြန်ပေါ်လာလေသည်။

သူမ ချက်ချင်း လှည့်ကြည့်လိုက်သောအခါ ယန်ယဲ့
၏ဓားက သားဖြစ်သူ၏လည်ပင်းကို
ထိုးစိုက်ဝင်နေသဖြင့်
သိသိသာသာပင်တုန်လှုပ်သွားပါတော့သည်။

ထိုအချိန်တွင် ချင်ပောင် ၏မျက်နှာသည်
ဖြူဖျော့နေပြီး သူ့မျက်လုံးများက
ကြောက်ရွံ့မှုများနှင့် ပြည့်နှက်နေကာ
ခြေထောက်များ တဆတ်ဆတ်တုန်ခါနေသည်။

လော့ရှောင်ယင် က တိုက်ခိုက်ရန်ပြင်လိုက်စဉ်
ယန်ယဲ့က အလင်းအသံလှိုင်းဓားကိုယမ်းလိုက်ရာ

သွေးရောင်ကြိုးမျှင်တစ်ချောင်းရုတ်ချည်းလွင့်စင်လာသည်။

“မလှုပ်နဲ့။ ငါ့ကိုမကြောက်ရင် ဘာဖြစ်လဲ။ မင်းသားရဲ့ခေါင်းကို လည်ပင်းကနေ မတော်တဆ ပြုတ်သွားနိုင်တယ်။ သူ့အတွက် သိပ်လွယ်မှာ မဟုတ်ဘူးလား”

"ငါ့သားကို လွှတ်လိုက်၊ နင်လိုချင်တာမှန်သမျှ ငါ သဘောတူလိုက်မယ်!" လော့ရှောင်ယင် က နေရာတွင်ရပ်ကာ အံကြိတ်ပြောလိုက်သည်။

ဒီအချိန်တွင်မှသာ ချင်ကလန်က စော်ကားရန်
မတတ်နိုင်သော တစ်စုံတစ်ဦးကို
စော်ကားခဲ့ကြောင်း
သဘောပေါက်သွားတော့သည်။

သူမရှေ့ရှိ လူငယ်က
ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူသာဖြစ်
သော်လည်း၊
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များပင်မယှဉ်နိုင်ခဲ့
ပေ။

ထိုကဲ့သို့ ပါရမီရှင် ၏နောက်ကွယ်တွင်
ရပ်တည်နေသော အင်အားက မည်ကဲ့သို့
သေးငယ်နိုင်ပါမည်နည်း?
ထို့အပြင် လူငယ်က သေချာပေါက်
အားနည်းသူမဟုတ်ပေ။

ထိုသို့မဟုတ်လျှင် ချင်ကလန်
၏ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များကို
အသံတိတ်သတ်ပစ်ရန်မဖြစ်နိုင်ပါ။

ယန်ယွဲ့က လော့ရှောင်ယင် ၏အ
ခြေအနေကိုဂရုမစိုက်ပေ။

သူက ချင်ဟောင်ကိုရိုက်နှက်ရန်ပြင်လိုက်စဉ်မှာပဲ မိုးကုပ်စက်ဝိုင်းမှ အလင်းတန်းလေးခု လျင်မြန်စွာ တောက်ပလာသည်ကို သတိထားမိသွား၏။

သူက အနည်းငယ်
မျက်မှောင်ကြုတ်လိုက်ပြီးနောက်
အခြားအရာအားလုံးကို တွေးမနေတော့ဘဲ
လက်ကောက်ဝတ်ကို လှန်လိုက်ရာ ချင်ဟောင်
၏ခြေထောက်ကြားသို့အလင်းတန်းများ
ကျရောက်သွားသည်။

"အာ့!" ချင်ဟောင် ၏မျက်လုံးများက
ပြူးကျယ်သွားကာ သနားစရာကောင်းပြီး
ရှုံ့ကြီးတင်
ငိုကြွေးသံကြီးနှင့်အော်ဟစ်လိုက်ပါတော့သည်။

သို့သော် သူ့ပါးစပ်ထဲသို့ ဓားကြိုးတစ်ချောင်း
ဝင်ရောက်လာပြီး လျှာဖြတ်ခံလိုက်ရသဖြင့်
နာကျင်စွာအော်ဟစ်နေသောအသံကရုတ်တရက်
ရပ်တန့်သွားရသည်။

ရုတ်တရက် ခံစားလိုက်ရသည့် ကြီးမားသော နာကျင်မှုကြောင့် ချင်ဟောင် ၏မျက်နှာတစ်ခုလုံး တုန်လှုပ်သွားစေသည်။

သို့သော်လည်း ၎င်းက အဆုံးသတ်မဟုတ်ခဲ့ပေ...။

ဖြောင်း....။

ယန်ယဲ့သည် ချင်ဟောင် ၏ဝမ်းဗိုက်ကိုကန်ထုတ်လိုက်ရာ ဒန်တျန်ကွဲအက်သွားသဖြင့် ချင်ဟောင် ၏မျက်လုံးများသည်အပြင်သို့ပြူတ်ထွက်လုမတတ် ပြူးကျယ်လာလေသည်။

“အာ!!!” လော့ရှောင်ယင် က အလွန်အမင်းဒေါသထွက်သွားကာ ယန်ယဲ့ကို စိုက်ကြည့်ရင်း မျက်လုံးများ နီရဲလာတော့၏။

သူမ၏သားက မျက်စိရှေ့မှာပင် ဒုက္ခိတ ဖြစ်သွားခဲ့သည်လား။

ထို့အတူ လော့ရှောင်ယင်က သတိနှင့် ကြောက်ရွံ့မှုအားလုံးကို စွန့်လွှတ်လိုက်ကာ သူမ၏ စိတ်ထဲတွင် ရူးသွပ်မှုနှင့် သတ်ပစ်ချင်စိတ်များသာ ပြည့်နှက်နေသည်။

ထိုလူငယ်က မြင့်မြတ်သောဟန်အင်ပါယာ ၏
ကောရာဇ် ဖြစ်နေလျှင်ပင်
အပိုင်းပိုင်းသတ်ဖြတ်ချင်နေပါသည်။

ရှမ်း!

ယန်ယဲ့ ၏နောက်ကျောရှိ
အပြာရောင်ဓားတစ်ချောင်း လွင့်စင်လာပြီး
လောရှောင်ယင်
ဆီသို့ အလင်းတန်းတစ်ခုသဖွယ် တိုးဝင်သွားပါ
တော့သည်။

ဆူး!

လော့ရှောင်ယင် သည် လက်ကိုဝှေ့ယမ်းပြီး ရိုက်ချလိုက်သော်လည်း ဓားက သူမ၏ လက်ဝါးကို လွယ်ကူစွာ ထိုးဖောက်သွားသဖြင့် သူမ၏ အမူအရာက သိသိသာသာ ပြောင်းလဲသွားခဲ့သည်။

ထိုအခိုက်အတန့်တွင် ယန်ယွဲ့ နောက်ကျောမှနောက်ထပ်အပြာရောင်ဓားအလင်းတန်းတစ်ခုပျံတက်လာပြီး လော့ရှောင်ယင် ဆီသို့ထပ်မံပစ်လွှတ်လိုက်လေသည်။

နောက်ထပ် တာအိုရတနာလက်နက်.....

ဆူး!

ဓားက ခဏတာရပ်သွားပြီးနောက် လော့ရှောင်ယင်၏လေဟာနယ်အကာအကွယ်ကိုတိုက်ရိုက်ခွဲထုတ်လိုက်သည်။

“ဟာ!” အဘိုးအိုက အော်လိုက်သည်။

ထို့နောက် လက်ဝါးကို တင်းတင်းဆုပ်ကာ ရှေ့ကိုထိုးချပြီး ယန်ယွဲ့၏ဓားကို ချက်ချင်းတားဆီးလိုက်ပါသည်။

အဆင့် ၅ ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် လား?

ယန်ယွဲ့ ၏မျက်လုံးများက ကျဉ်းမြောင်းသွားကာ
ထပ်မံ၍ တိုက်ခိုက်ရန်ပြင်နေစဉ်မှာပဲ
တင်းရှောက်ယောင် ၏အသံ ရုတ်တရက်
ထွက်ပေါ်လာသည်ကို ကြားလိုက်ရတော့သည်။
"ဆရာယန်! လုံလောက်ပြီ!"

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၄၉၀ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၄၉၀) -

မထင်မှတ်ထားသောအလှည့်အပြောင်း

တင်းရှောက်ယောင် က

အောက်ကိုငုံ့ကြည့်လိုက်ရင်း ချင်ဟောင် ၏ပုံစံကို

မြင်သောအခါ အနည်းငယ်

ယမ်းခါသွားသည်။ထို့နောက်တွင် ယန်ယဲ့ ကို

စိုက်ကြည့်ကာ "ဆရာယန် ၊ နင့်ရဲ့ဒေါသတွေ

မပြေသေးလို့ ဖြစ်နိုင်ပါ့မလား"

ယန်ယဲ့က သူမကို ပြန်မဖြေခင် သူမက ဆက်ပြောလာသည် ။ "ဆရာယန် နဲ့ နှင့်နောက်ကွယ်မှာ ရှိနေနိုင်တဲ့ အင်အားတွေနဲ့ တွဲလုပ်လိုတဲ့ ဆန္ဒအတွက် ငါ အရမ်းရိုးသားပါတယ်၊ ဒါပေမဲ့ နင်ကတော့ ငါ့ကို မျက်နှာသာပေးဖို့ ငြင်းဆန်နေတယ်။

အချိန်အတိုင်းအတာတစ်ခုအထိ နင့်ရဲ့စိတ်ခံစားမှုတွေက တခြား မိတ်ဆွေတစ်ယောက်ရှိဖို့ထက် တကယ်အရေးကြီးတယ်လို့ ထင်လား။"

ယန်ယဲ့က ရယ်မောပြီး "မင်း မိန်းမပျိုတင်း၊ ငါ ဒါမှ
မဟုတ် ချင်ဟောင် လား"

တင်းရှောက်ယောင် က ရုတ်တရက်
အံ့သြသွားပါသည်။

ယန်ယဲ့က ဆက်ပြောလိုက်၏ ။ "ငါက သူ့ကို
အရင်သတ်ချင်နေတာလား၊ ဒါမှမဟုတ် သူလား။"

တင်းရှောက်ယောင် ဟာ စကား
ပြန်မပြောနိုင်တော့ပေ။

ထိုအချိန်တွင် ယန်ယဲ့က နောက်တစ်ကြိမ် ထပ်ပြောလိုက်သည်။ "ငါက သူချစ်ရတဲ့သူကို နှိမ့်ချတဲ့သူလား၊ ဒါမှမဟုတ် ငါက သူ့ကို မလေးစားတဲ့သူလား။"

သူမက ဘာပြန်ပြောရမှန်းပင် မသိတော့ပေ။

ယန်ယဲ့က "တွေ့လား။ ငါ့ကို စော်ကားတဲ့သူက ငါ့ကိုသတ်ချင်နေတာ၊ ငါချစ်ရတဲ့သူတွေကို မလေးစားတဲ့သူပဲ။ ငါ့ကိုလုပ်သမျှက သူ့အတွက် အခွင့်အရေးပေးနိုင်တယ်။ ဒါက မှားနိုင်လို့လား။ ဒါမှမဟုတ် မိန်းမပျို တင်း က သူကပဲ ငါ့ကို

သတ်နိုင်တယ် လို့ ထင်နေတာလား၊ ငါကတော့ သူ့ကို မသတ်နိုင်ဘူးပေါ့။ ”

တင်းရှောက်ယောင် က တွေတွေကြီးဖြစ်နေကာ ပြန်ပြောရန် စကားရှာမရပေ။

“မိန်းမပျို တင်း။ မင်းရဲ့အသက်ကို ငါကယ်ပြီး အဲဒီနေရာကနေ သယ်ထုတ်ခဲ့ပေမဲ့ မင်းရဲ့စေ့စပ်ထားသူက နားလည်မှုလွဲပြီး ငါ့ကိုသတ်ပစ်ဖို့ ကြံစည်တယ်။ ဒါ့အပြင် သူက ငါချစ်ရသူတွေကိုတောင် မထီမဲ့မြင်ပြုခဲ့တယ်။ မင်းကဘာလို့သူ့အကြောင်းဘာမှမပြောဘဲ

သူ့ကိုအဆက်မပြတ်ရှာနေတဲ့ ငါယန်ယဲ့
အမှားလို့ထင်နေတာလဲ။ ဒီလိုလုပ်ရတာ
တကယ်မှန်တယ်မဟုတ်လို့လား”

တင်းရှောက်ယောင်က ခေါင်းခါလိုက်ပြီး "ဒါပေမဲ့
သူက နင့်ကို ဘာမှ မထိခိုက်စေဘူးလေ။ ဒါတောင်
နင်က သူ့ကလန်ထဲက ပညာရှင်အားလုံးကို
သတ်ဖြတ်သွားသေးတယ်!"

ယန်ယဲ့က အေးစက်စွာ ရယ်မောပြီး “ပစ္စည်းတွေ
ထိခိုက်သွားပြီလား? အမှန်အတိုင်းပြောရရင်
သူသာငါ့ကိုပစ်မှတ်ထားရင်

မင်းကိုမျက်နှာသာပေးဖို့ သင်ခန်းစာတစ်ခုပေးရုံပဲ။ ဒါပေမဲ့ သူက ငါယန်ယွဲ့ချစ်တဲ့သူတွေကိုမလေးမစားမလုပ်သင့်ဘူး။

ပြတ်ပြတ်သားသားပြောရမယ်ဆိုရင် ငါတို့က အသိမိတ်ဆွေတွေလို့မပြောဘဲ မင်းကငါ့ဇနီးဖြစ်နေရင်တောင် ငါ့အမေကိုမရိုသေလုပ်ဝံ့ရင် မင်းနဲ့ နီးစပ်တဲ့လူတိုင်းကို ငါသတ်ပစ်မယ်!"

"ဘယ်လောက်ထိ ပြင်းထန်တဲ့ ခံစားချက်တွေလဲ!" ယန်ယွဲ့ ၏တိုက်ခိုက်မှုကို ပိတ်ဆို့လိုက်သော အဘိုးအိုက စကားစလိုက်ကာ

" ရှောက်ယောင်! ဘာလို့ သူ့ကို အသက်ရှုခွင့်ပေးနေတာလဲ။ သူက ချင်ကလန် ကို သတ္တိရှိရှိ တိုက်ခိုက်ရဲတဲ့အတွက် ငါတို့ တင်းကလန် ကို တိုက်ခိုက်တာနဲ့ အတူတူပဲ။

ငါတို့ သူ့ကိုမသတ်ရင် တခြားမျိုးနွယ်စုတွေက တင်းကလန် ကိုလက်တွဲဝံ့ဦးမှာလား။

ဒါ့အပြင် ဒီကိစ္စက မင်းရဲ့ဂုဏ်သိက္ခာနှင့် သက်ဆိုင်နေတယ်။ မင်းနဲ့စေ့စပ်ထားတဲ့သူကို အရိုက်ခံရတာ မင်းမလုပ်ရင် အတင်းအဖျင်းတွေ ပြန့်ပွားတာကို တားဆီးဖို့ မဖြစ်နိုင်ဘူး!"

ထိုအချိန်တွင် လော့ရှောင်ယင် က တင်းရှောက်ယောင် ရှေ့တွင် ဒူးထောက်ချလိုက်သည်။ တင်းရှောက်ယောင်က လော့ရှောင်ယင်ကို တားဆီးရန်ပြင်လိုက်သေည်လည်း မလုပ်ဆောင်နိုင်ခဲ့ပေ။

" ရှောက်ယောင်! ဒေါ်လေးက သမီးကို ဘာမှမမေးဖူးပေမယ့် အခု တစ်ခုခုတောင်းဆိုချင်တယ်။ ဟောင်အအာ ကို လက်စားချေပေးပါ!" သူမက စကားပြောနေရင်း တင်းရှောက်ယောင် ကို စူးစိုက်ကြည့်နေ၏။

တင်းရှောက်ယောင်က သက်ပြင်းချကာ
ပြောလိုက်ပါသည်။ “ဒေါ်လေး! ကျေးဇူးပြုပြီး
မတ်တပ်ပြန်ရပ်လိုက်ပါ။”

"မင်းသဘောမတူရင် ဒီမှာ ဒူးထောက်ပြီး
ဆက်ထိုင်နေမယ်!" လော့ရှောင်ယင် က ယတိပြတ်
ပြောသည်။

သူမ၏သားဖြစ်သူအတွက် လက်စားချေရန်
ချင်ကလန်
၏ကိုယ်ပိုင်အင်အားဖြင့်မဖြစ်နိုင်ကြောင်း

သိထားသည်ဖြစ်ရာ တင်းကလန်
သာရှိတော့သည်မဟုတ်ပါလား။

တင်းရှောက်ယောင် က
သက်ပြင်းတစ်ချက်ချလိုက်ပြီး "ဒေါ်လေး
ဘာလို့ဒီလိုမျိုး အတင်းအကြပ်လုပ်ရတာလဲ!"

" ရှောက်ယောင်!  မင်းရဲ့ဝမ်းကွဲအစ်ကို သေပြီ။
သူက မင်းနဲ့ စေ့စပ်ထားသူပါ။ မင်းသူ့ကို
မကြိုက်မှန်း ငါသိပါတယ်၊ ဒါပေမဲ့ မင်း တကယ်ကို
နှလုံးသားမဲ့နေတာလား" လော့ရှောင်ယင် က

အနည်းငယ် သနားစရာကောင်းသော အသံဖြင့် ပြောလိုက်သည်။

တင်းရှောက်ယောင် က ခေါင်းခါပြီး "ဂိုဏ်းတစ်ခုရှိခဲ့တယ်။ အဲဒီဂိုဏ်းမှာ ကေရာဇ်အဆင့်စွမ်းအားရှင် ၄ ပါး၊ ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် အယောက် ၄၀ ကျော် နဲ့ မရေတွက်နိုင်တဲ့ ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူတွေပိုင်ဆိုင်ထားတယ်။ အဲဒီဂိုဏ်းက သူ့ကို သတ်ချင်ပေမဲ့ မအောင်မြင်ခဲ့ဘဲ အဆုံးမှာ သူတို့ကိုယ်တိုင်တောင် ပြန်ပြီးအသတ်ခံလိုက်ရတယ်။

အကျိုးဆက်တွေအနေနဲ့

ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် ၁၀ ဦးကျော်နဲ့

ထောင်ချီတဲ့

ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူတွေ

သေဆုံးသွားခဲ့တယ်။

ဒါ့အပြင် သူက အဲဒီဂိုဏ်းရဲ့

ဘိုးဘေးသင်္ချိုင်းကိုတောင်ဖျက်ဆီးပစ်ခဲ့သေးတယ်။

ဒီလိုတွေဖြစ်တာတောင် သူက

အန္တရာယ်ကင်းကင်းနဲ့ပြန်ထွက်လာနိုင်ခဲ့တယ်။

ဒေါ်လေး! ငါ့ တင်းကလန် က သူ့ကိုသတ်နိုင်မယ်လို့

ထင်လား?"

အဘိုးအိုက “ ရှောက်ယောင်! သူ...သူက

 ဘယ်သူလဲ” ဟု တုန်လှုပ်ခြောက်ခြားစွာ

ပြောနေစဉ် လော့ရှောင်ယင်လည်း

အံ့အားသင့်သွားသည်။

"ဓားအင်ပါယာ!" တင်းရှောက်ယောင်က

မချိပြုံးပြုံးကာ "ပြီးတော့ သူက သခင်ရှောင်

ရဲ့သားမက်ပဲ!"

အဘိုးအို ၏အမူအရာက

ရုတ်ချည်းပြောင်းသွားကာ ယန်ယဲ့ ကို

ကြည့်နေသောသတ်ဖြတ်ချင်စိတ်များပင်ချက်ချင်း
ပျောက်ကွယ်သွားလေတော့သည်။

အခြား မည်သည့်ကိုမှ မပြောနိုင်ပေ၊ ရှောင်တန်းဂျီ
၏သားမက်အဖြစ်
ယန်ယွဲ့ပိုင်ဆိုင်ထားသောအဆင့်အတန်းက
တင်းကလန် ပြဿနာရှာနိုင်သောအရာမဟုတ်ပေ။

"ဆရာယန်! နင့်ရဲ့ဒေါသကို
အခုအပြီးသတ်နိုင်လောက်ပြီမဟုတ်လား"
တင်းရှောက်ယောင် က ယန်ယွဲ့ကို

မျှော်လင့်နေသောမျက်ဝန်းများနှင့်
စိုက်ကြည့်နေသည်။

ယန်ယဲ့က သူမကို တစ်ချက်ကြည့်လိုက်ပြီး
“သေခြင်းတရားကို ခံယူသင့်တဲ့လူက
သေသွားပြီဆိုတော့ ကျေနပ်ပါတယ်။ ဒါပေမဲ့
မိန်းမပျို တင်း! မင်းကို တစ်ခု
တော့ကြိုပြောထားမယ်။

ငါယန်ယဲ့က အပြစ်တင်တာကို
မကြိုက်ဘူး။နောင်တစ်ချိန်မှာ မင်းငါ့ကို
အကြံအဖန်ပြုခဲ့တာကို ငါတွေ့လိုက်ရရင်
ငါတကယ်စိတ်မကောင်းပါဘူး၊ ဘာလို့လဲဆိုတော့
ရိုးရိုးသားသားပြောရရင်

ငါဒေါသထွက်နေတဲ့အချိန်မှာဆိုရင် ကိုယ့်ကိုကိုယ်တောင်ကြောက်တယ်!"

တင်းရှောက်ယောင် က "နင် ငါ့ကို ခြိမ်းခြောက်နေတာလား သခင်လေး ယန်!"

ယန်ယဲ့က တည့်တိုးဆန်စွာပဲ ခေါင်းညိတ်လိုက်သည်။ “တကယ်တော့ ငါက အမှန်ပဲ။ မိန်းမပျို တင်း! မင်းက ဉာဏ်ကောင်းလွန်းတယ်။ အမှန်အတိုင်း ပြောရရင် နည်းနည်းလေး အများက ငါ့ကို ဒုက္ခ အကြီးကြီး ယူဆောင်လာ နိုင်လို့ မင်းနဲ့ပတ်သက်ရင် ငါ

တော်တော် ကြောက်နေသေးတယ်။ ပြီးတော့ ဘာလို့ ဒီလောက် ဒုက္ခ ခံနေရတာလဲ ဆိုတာငါတောင် နားမလည်ဘူး ။ ဒါကြောင့် မင်းကို ခြိမ်းခြောက်ဖို့ကလွဲလို့ ငါ့မှာ ရွေးချယ်စရာ မရှိဘူးလေ။ ဒါပေမဲ့ ငါ့ရဲ့ခြိမ်းခြောက်မှုတွေက လုံးဝထိရောက်ပုံမပေါ်ဘူး!"

တင်းရှောက်ယောင် က အနည်းငယ် မျက်မှောင်ကြုတ်လိုက်သည်။

လော့ရှောင်ယင် ၏မျက်လုံးများတွင် နာကျည်းမှုအရိပ်အယောင်များ ရုတ်တရက်

ထွက်ပေါ်လာပြီးနောက် ဖျတ်ခနဲလှုပ်ရှားကာ
တင်းရှောက်ယောင်
၏လည်ပင်းကိုဖမ်းဆုပ်ထားလိုက်သည်။

ထိုကဲ့သို့ မမျှော်လင့်ထားသော အဖြစ်အပျက်က
လူတိုင်းကို အံ့အားသင့်သွားစေကာ၊ ယန်ယဲ့ ပင်
အံ့အားသင့်သွားမိသည်။ "ဒီမိန်းမ
ရူးများရူးသွားပြီလား?

"လော့ရှောင်ယင်! မင်း ဘာလုပ်နေတာလဲ။ရှောက်
ယောင် ကို မြန်မြန်လွှတ်ပေးလိုက်စမ်း။
ဒီလိုမှမဟုတ်ရင် မင်းရဲ့ချင်ကလန် ကို

ဖျက်ဆီးပစ်မယ်!" အဘိုးအိုက ဒေါသတကြီး အော်ငေါက်လေသည်။

"ငါ့ရဲ့ချင်ကလန် ကို ဖျက်ဆီးလိုက်ပါ" လော့ရှောင်ယင်က အရူးတစ်ယောက်လို ရယ်မောလိုက်ပါသည်။ "ငါ့ ချင်ကလန် က မပျက်စီးသေးဘူးလား? တင်းရှောက်ယောင်! နင်ခွေးမ။ ငါ့သားက နင့်ကြောင့်သေသွားပေမဲ့ နင်ကတော့ လက်စားချေဖို့ ငြင်းဆန်တယ်။ အဲဒီလိုဆိုတော့ ငါ့သားနဲ့အတူနင့်ကို ငရဲလိုက်ပို့ပေးမယ်။ ဟားဟား!!!"

တင်းရှောက်ယောင် ၏မျက်လုံးများတွင် ဝမ်းနည်းမှု တစ်ချက် ပေါ်လာသည်။

"သူ့နှလုံးသားထဲမှာ ငါ့အဆင့်အတန်းကို နောက်ဆုံးကျ သူ့သားနဲ့ နှိုင်းလို့ မရဘူး။ " သူမက ဝမ်းနည်းစွာရေရွတ်လိုက်ပါသည်။

သူမဟာ ယန်ယဲ့ကို တိုက်ခိုက်ရန်ငြင်းဆန်ခဲ့ခြင်းက တစ်ကိုယ်ကောင်းဆန်သောကြောင့်မဟုတ်ပေ။ တင်းကလန် အတွက် ထည့်သွင်းစဉ်းစားခဲ့၍သာ။

ယန်ယဲ့ ၏နောက်၌ လော့ကျန်း လိုလူတစ်ယောက်ပင် အလွယ်တကူမထိဝံ့သော

အင်အားစုများ၊ ပညာရှင်များရှိနေသည်ဖြစ်ရာ တင်းကလန် က မည်ကဲ့သို့ သတ်နိုင်ပါမည်နည်း?

တင်းကလန်က ယန်ယဲ့ကို မသတ်နိုင်သည့်အပြင် ယန်ယဲ့ ၏လက်စားချေသတ်ဖြတ်ခြင်းကိုသာ ခံရနိုင်ပေသည်။

သူမ ၏ဒေါ်လေးဖြစ်သူ
အလွန်အမင်းနာကျင်နေမှန်း သိနေသည့်တိုင်
တင်းကလန် အတွက် အကျိုးရှိသော
ဆုံးဖြတ်ချက်ချရန်မှလွဲ၍ ရွေးချယ်စရာမရှိပေ။

သို့သော်လည်း သူမ၏ဒေါ်လေးက
မုန်းတီးနေလိမ့်မည်ဟု မမျှော်လင့်ထားဘဲ
ရက်စက်ကြမ်းကြုတ်စွာပင် ပြုမူခဲ့သေးသည်။

ဒီအချိန်တွင် တင်းရှောက်ယောင် ၏
နှလုံးသားထဲက ခံစားချက်များ
အလွန်ရှုပ်ထွေးနေလေသည်။

လော့ရှောင်ယင် ၏စကား ကိုကြားသောအခါ
အဘိုးအို ၏နှလုံးသားများ တုန်ခါသွား၏။
ရုတ်တရက် အေးစက်စက် လေသံဖြင့်
“လော့ရှောင်ယင်!

မင်းရဲ့သမီးအကြောင်းတွေးရမှာမဟုတ်ဘူးလား။ မင်းသေမှာကို မကြောက်ဘူး ဒါပေမဲ့ သူမက....?"

ဤစကားကို ကြားသောအခါ လော့ရှောင်ယင်၏မျက်လုံးများသည် အနည်းငယ်ကြည်လင်လာပြီး တင်းရှောက်ယောင်၏လည်ပင်းကိုလွှတ်ကာ မျက်နှာတစ်ပြင်လုံးဖြူရော်နေသော ချင်လန်း ကို တစ်ချက်ကြည့်လိုက်သည်။

ဤအခိုက်အတန့်တွင် သူမသည်လည်း နှလုံးသားထဲတွင် ဝမ်းနည်းသလို ခံစားလိုက်ရသည်။

သူမက အရာအရာကို
ကမ္ဘူးရှုုးထိုးလုပ်လိုက်မိသဖြင့် နောင်တရသွား၏။
ယခုမှသာ အစောပိုင်းက
တင်းရှောက်ယောင်ပြောခဲ့သောစကားကိုပြန်တွေးမိ
သွားလေသည်။
"တင်းကလန် က
သူမ၏သားဖြစ်သူအတွက်လက်စားမချေလိုသော
ကြောင့်မဟုတ်ဘဲ
လက်စားချေရန်မတတ်နိုင်ခြင်းပါ။"

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၄၉၁ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၄၉၁) - နောက်တစ်ကြိမ်လမ်းခွဲရပြန်ပြီ

ထိုအချိန်တွင် သူမသည် အမျက်ဒေါသစိတ်ကြောင့် စိတ်အာရုံတစ်ခုလုံးလွတ်သွားပြီး ထိုကဲ့သို့မဖြစ်သင့်သောအမှားများကို ကျူးလွန်ခဲ့သည်။

ယခု သူမ၏စိတ်အာရုံတစ်ခုလုံး
ကြည်လင်သွားချိန်တွင်တော့ သူမ၏လုပ်ရပ်များက
မည်မျှမိုက်မဲသည်ကိုသိလိုက်ပါသည်။

သူမ၏လုပ်ရပ်ကြောင့် သမီးဖြစ်သူကို
ဒုက္ခပေးလိုက်ရုံသာမက ချင်ကလန် တစ်ခုလုံးကိုပါ
ထိခိုက်သွားစေခဲ့သည်။

တင်းရှောက်ယောင် နှင့်သူမအကြား
နှစ်ပေါင်းများစွာကြာတိုင်အောင်
ရှိနေသောဆက်ဆံရေးကိုပါပျက်စီးသွားခဲ့ပြီဖြစ်သ
ည်။

"ငါက ဘယ်လောက်တောင်မိုက်မဲလိုက်သလဲ။"

လော့ရှောင်ယင်က တင်းရှောက်ယောင် ကို ဖြည်းညှင်းစွာ လွှတ်လိုက်သည်။ ထို့နောက်တွင် သူမ၏ပုံရိပ်က တဖျပ်ဖျပ်ခတ်ကာ ချင်လန်း ဆီသို့ရောက်ရှိသွားရင်း ရုတ်တရက်နှစ်ယောက်စလုံးပျောက်ကွယ်သွားခဲ့သည်။

တင်းရှောက်ယောင် က သူမဘေးမှ လှုပ်ရှားရန်ပြင်နေသော အဘိုးအိုကို တားလိုက်၏။ "ဦးလေးကွမ်၊ အဲဒါကို မေ့လိုက်ပါ။ သူတို့ကိုလွှတ်လိုက်ပါ။"

"ရှောက်ယောင်! အဲဒါက ငါတို့ကို အဆိုးမဲ့ဖြစ်နိုင်ချေရှိတဲ့ ပြဿနာတွေ ရောက်လာစေလိမ့်မယ်။" အဘိုးအိုက အသံတိုးတိုးဖြင့် ပြောလိုက်သည်။

တင်းရှောက်ယောင် က ခေါင်းခါလိုက်ပြီး "ဘာပဲဖြစ်ဖြစ် ငါ သူတို့ကို မသတ်နိုင်ဘူး။ဦးလေးကွမ်၊ ငါ့ကို ဒီတစ်ကြိမ်လောက်တော့ စေတနာထားပြီး လုပ်ခွင့်ပြုပါ!"

အဘိုးအိုသည် ပေါ့ပေါ့တန်တန် သက်ပြင်းချလိုက်ပြီး ထိုစကားကိုကြားတော့ စကားမပြောတော့ပေ။

တင်းရှောက်ယောင် က ရုတ်တရက်ဆိုသလို ယန်ယွဲ့ဖက်သို့လှည့်ကာ "ဆရာ ယန်၊ နင်က အခု ဗဟိုနယ်မြေကို သွားတော့မှာလား"

ယန်ယွဲ့သည် ထွက်သွားရန်ပြင်လိုက်ပြီးမှ တင်းရှောက်ယောင် ၏စကားကြောင့်ခဏရပ်ကာ ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်။ မင်းပါအဲဒီကိုသွားနေတာလို့တော့ မပြောနဲ့!"

သူမက ခေါင်းခါလိုက်ပါသည်။ "ဘာလို့ အဲဒီကို သွားရမှာလဲ။
ငါ့အသက်ကိုစွန့်ဖို့လား။တစ်ခုသတိထားဖို့ ပြောချင်ပါတယ်။

ကောင်းကင်နတ်ဆိုးဂိုဏ်း နဲ့ တခြားအင်အားစုတွေက နင့်ကိုရှာဖွေနေတယ်။ သူတို့တွေက လော့ကျန်းရဲ့အမိန့်ကိုလက်ခံထားပြီလို့ငါထင်တယ်။

နင်ကကြောက်တာမဟုတ်ဘူးဆိုတာ ငါသိပါတယ်၊
ဒါပေမဲ့ ဒီဂိုဏ်းတွေမှာ
ပူးပေါင်းတပ်ဖွဲ့တွေရှိတဲ့အတွက် အခု
ဗဟိုနယ်မြေကို
အန္တရာယ်ကင်းကင်းရောက်ဖို့မှန်းထားရင်
အိပ်မက်မက်နိုင်ပြီ!"

ထိုစကားကိုကြားသောအခါ
ယန်ယဲ့လည်းချက်ချင်းပင် မျက်နှာပျက်သွားသည်။
အမှန်စင်စစ် သူသည် ၎င်းတို့ကို
မကြောက်သော်လည်း တိုက်ပွဲများဖြစ်ပွားနေပါက
အမှန်တကယ်ပင် အလွန်ဒုက္ခရောက်ပေလိမ့်မည်။

"ဒါကို ကျော်လွှားဖို့ နည်းလမ်းရှိလား" ယန်ယဲ့က သူမကို မေးလိုက်၏။

တင်းရှောက်ယောင်က ပုခုံးတွန့်ပြီး “ငါ မလုပ်နိုင်ပါဘူး။ ဆရာ ယန် ကံကောင်းပါစေလို့ပဲ ဆုတောင်းပါတယ်။ ဦးလေးကွမ်၊ သွားရအောင်!" စကားဆုံးသည်နှင့် နောက်ပြန်လှည့်ကာ အဘိုးအိုနှင့်တူထွက်ခွာသွားခဲ့သည်။

ယန်ယဲ့လည်း ကြောင်အမ်းအမ်း ဖြစ်သွားကာ စကားပြန်မပြောခဲ့ပေ။

ယန်ယဲ့ က နှာခေါင်းကို ပွတ်လိုက်ပြီး
ခေါင်းယမ်းရင်း ဟက်ဟက်ပက်ပက်
ရယ်မောလိုက်သည်။

တင်းရှောက်ယောင်က သူ့ကို
လက်စားချေနေကြောင်း သိသော်လည်း
၎င်းအတွက် သူမကို အပြစ်မတင်နိုင်ပေ။

နောက်ဆုံးတွင်တော့ သူက သူမကို ရိုက်နှက်ခဲ့ပြီး
သူမ၏ချစ်သူကိုပါ
သတ်ပစ်ခဲ့သည်မဟုတ်သလော။

တင်းကလန်က သူ့ကို
တိုက်ခိုက်ခြင်းမပြုသည်ကပင်
အဆင်ပြေနေပြီဖြစ်ရာမည်ကဲ့သို့ကူညီပါမည်နည်း?

ယန်ယဲ့သည် နေရာတွင်ခဏတာငြိမ်သက်နေပြီးမှ
ညာလက်ကို ဝှေ့ယမ်းကာ ရှေးဟောင်းဓားအိမ်ထဲမှ
လုကျန်းယောင်ကိုအပြင်ထုတ်ပေးလိုက်ပါသည်။

လုကျန်းယောင်က မမေးခင် ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်သည်။ "ဒါက
မင်းမဲ့စရိုက်သမုဒ္ဒရာလား"

ယန်ယဲ့က “မိန်းကလေး လု! နောက်မှ ဗဟိုနယ်မြေကို သက်သက်သွားပါ။ ဟိုကို ငါနဲ့အတူ မလိုက်ပါနဲ့။ အခွင့်အရေးကိုရှာပြီး တောင်ပိုင်းနယ်မြေကို ချက်ချင်းပြန်သွားပါ။" သူမကို ခေါ်ဆောင်လာရခြင်းသည် ဝန်ထုပ်ဝန်ပိုးကို သယ်ဆောင်လာသလိုမျိုး လုံးလုံးလျားလျား ခံစားရသည် ။

သူက ဗဟိုနယ်မြေကို အလွယ်တကူသွားနိုင်ခြင်းမရှိတော့သဖြင့် ထိုကဲ့သို့ ဝန်ထုပ်ဝန်ပိုးကို သယ်မသွားချင်ပေ။

ထို့အပြင် သူက လျှို့ဝှက်ချက်များစွာရှိနေသဖြင့် မယုံကြည်ရသောလူတစ်ယောက်ကိုဘေးနားတွင်မထားလိုပါ။

"ငါက နင့်အတွက် ဝန်ထုပ်ဝန်ပိုးလို့ ထင်လား" လုကျန်းယောင် က အနည်းငယ် ဒေါသတကြီးဖြင့် ပြောလိုက်သည်။

ယန်ယဲ့က မျက်လုံးကို မှိတ်လိုက်ပြီး "မိန်းကလေး လု! မင်းလည်း ဒီလိုပဲ မထင်ဘူးလား။ ပွင့်ပွင့်လင်းလင်းပြောခွင့်ပြုပါ။ ငါ့ရန်သူတွေရဲ့ အားသာချက်တွေကို မင်းမြင်ဖူးတယ်မဟုတ်လား။ အခု မင်းပိုင်တဲ့ ခွန်အားနဲ့ ငါတို့ ဗဟိုနယ်မြေကို မရောက်ခင် မင်း ၁၀ ခါလောက် သေသွားနိုင်တယ်။

ဒါကြောင့် မင်းရဲ့လုံခြုံရေးအတွက် ကျေးဇူးပြုပြီး ရှေးဟောင်း ဒိုမိန်းမြို့ကို ပြန်သွားလိုက်ပါ။”

"ငါထွက်သွားဖို့ငြင်းတယ်!" လုကျန်းယောင် က ယန်ယဲ့ ကို ကြည့်ကာ ငြင်းမရသော လေသံနှင့် ပြောလိုက်ပါသည်။

"ရိုက်ခိုင်းနေတာလား"
သူမကိုကောင်းကောင်းစကားပြော၍ မရသည့်အတွက် ယန်ယဲ့က အင်အားသုံးရန် ရည်ရွယ်လိုက်ပါသည်။

"နင် လုပ်ဝံ့လား!" လုကျန်းယောင် က ခြင်္သေ့မလေး တစ်ကောင်လို ယန်ယဲ့အား စူးစူးရဲရဲ စိုက်ကြည့်နေသည်။

ယန်ယဲ့က ရယ်မောပြီး "မိန်းကလေး လု! မင်းက ငါနဲ့ယှဉ်နိုင်မယ်လို့ထင်သလား။ ပြတ်ပြတ်သားသား ပြောရရင် ငါမင်းကို မကောင်းကြံတာနဲ့ မင်းငါ့ကို ဘာလုပ်နိုင်မလဲ။"

လုကျန်းယောင် ၏အမူအရာပြောင်းလဲသွားပြီးနောက် ဓားကိုဆွဲထုတ်ကာ သူမ၏လည်ပင်းပေါ်

တင်လိုက်ပြီး "တကယ်လို့ နင်ငါ့ကို အရှုက်ခွဲဝံ့ရင်... နင့်ကိုအောင်မြင်ခွင့်ပေးတာထက် ငါ့ကိုယ်ငါ သတ်သေပစ်လိုက်မယ်!"

ယန်ယွဲ့လည်း အနည်းငယ် အံ့ဩသွားသည်။" ဒီတော့ ငါက သူ့မျက်လုံးထဲမှာ ဒီလိုလူလား?" ယန်ယွဲ့ က ခေါင်းခါလိုက်ပြီး "မိန်းကလေး လု! မင်း ကိုယ့်ကိုကိုယ် တိုးတက်ဖို့အတွက် ဒီလောကထဲကို ထွက်လာတာ ကောင်းပါတယ်။ မင်းရဲ့ ဆုံးဖြတ်ချက်ကို ငါလက်ခံတယ်။ ဒါပေမဲ့ မင်းငါ့ကို ဒီလိုမလုပ်သင့်ဘူး။ ငါနဲ့အတူ သွားတာက ဒုက္ခများမယ် ဒါမှမဟုတ် သေလမ်းကိုရှာတာနဲ့အတူတူပဲ။

ငါ မင်းကို ကြောက်ဖို့ မကြိုးစားပေမဲ့
ကောင်းကင်နတ်ဆိုးဂိုဏ်း လိုမျိုး ဒီမှာရှိတဲ့
ဂိုဏ်းအားလုံးက ငါ့ကို ရှာဖွေနေကြတယ်။
ဒါ့အပြင် အရင်တုန်းကလိုက်နေတဲ့ ချီး
မြှောက်ခြင်းနယ်ပယ်အဆင့်
လုပ်ကြံသတ်ဖြတ်သူတွေကလည်း ငါ့ကို
လိုက်ရှာနေတုန်းပဲ။ မိန်းကလေး လု!
ငါ့ကိုယ်ငါတောင် မကာကွယ်နိုင်တော့ဘူး မင်းကို
ငါဘယ်လိုကာကွယ်နိုင်မှာလဲ"

လုကျန်းယောင်က သူမ ၏ခေါင်းကို နှိမ့်လိုက်ပြီး
ငြိမ်သွားသည်။

ယန်ယဲ့က သူမကို ဆက်ပြောလိုက်သည် ။ “မင်းကို ပြုစုစောင့်ရှောက်ပေးမယ်လို့ မင်းအဖေကို ကတိပေးခဲ့တယ်၊ ဒါပေမဲ့ ငါ့ရဲ့လက်ရှိအခြေအနေကို မင်းကိုယ်တိုင်မြင်ပြီးပြီ။ ငါတို့က အခု မင်းမဲ့စရိုက်သမုဒ္ဒရာမှာပဲရှိနေပေမဲ့ အင်အားစုအသီးသီးကတိုက်ခိုက်တာကိုခံနေရပြီ။ တကယ်လို့ ငါတို့က ဗဟိုနယ်မြေကိုရောက်သွားတဲ့အခါကျရင် မြင့်မြတ်သောဟန်အင်ပါယာ ရဲ့နယ်မြေထဲကိုသွားရဦးမယ်။ ဒီတော့ လုပ်ကြံသတ်ဖြတ်သူတွေဘယ်လောက်များတယ် ဆိုတာမသိနိုင်ဘူး။

ဒါကြောင့် ငါ့အကြံညာဏ်ကို နားထောင်ပြီး မိန်းကလေး လု က ရှေးဟောင်းဒိုမိန်းမြို့ကို ပြန်သွားပါ။”

သူမက ရှေးဟောင်းဒိုမိန်းမြို့တော် မြို့သခင်၏သမီးဖြစ်နေသောကြောင့် ယန်ယွဲ့အနေဖြင့် ဆက်ဆံရေးကို ဆိုးရွားလာစေရန် မလိုလားခဲ့ပေ။ ထို့အပြင် လက်ခံနိုင်သည်ဟု မှတ်ယူနိုင်သော (သို့) သူ့တားမြစ်ချက်များကို ထိမိသည့် စည်းအား မကျော်လွန်သရွေ့တော့ ခွင့်လွှတ်နိုင်ပါသည်။

လုကျွန်းယောင် က ပြန်မပြောခင် ခဏလောက် ငြိမ်နေပြီးမှ “ယန်ယဲ့! နင်ကလည်း ဓားသမားတစ်ဦးပဲလေ။ ဒါကြောင့် ရှေးဟောင်းဒိုမိန်းမြို့ကို အခုပြန်လိုက်ရင် ငါ့အတွက် ဘာအဓိပ္ပာယ်ရှိမယ်ဆိုတာ နင်သတိထားမိသင့်တယ်။ ငါတို့လို ဓားသမားတွေက စိန်ခေါ်မှုတွေနဲ့ အခက်အခဲတွေကို မကြောက်ဘဲ ရှေ့ကိုသာရဲရဲဝံ့ဝံ့ဆက်သွားသင့်တယ်မဟုတ်လား။ တစ်ခုတော့ သေချာပါတယ်၊ ငါ နင့်နောက်ကို လိုက်လာမယ်ဆိုရင် ငါက နင့်အတွက် တကယ်ဝန်ထုပ်ဝန်ပိုးဖြစ်လိမ့်မယ်ဆိုတာ ငါနားလည်ပါတယ်။ ဒါကြောင့် ဗဟိုနယ်မြေကို

ကိုယ်တိုင်သွားမယ်လို့ ဆုံးဖြတ်လိုက်တယ်။
ကံမကောင်းလို့ ဘေးဆိုးတစ်ခုခုကြုံရရင် အဲဒါက
နင်နဲ့လုံးဝမသက်ဆိုင်ဘူး။
ငါ့ပြဿနာပဲဖြစ်လိမ့်မယ်!”

သူမပြောပြီးသည်နှင့် ယန်ယွဲ့ ကို
အနည်းငယ်ဦးညွှတ်ပြီး "ဒီကာလတစ်လျှောက်လုံး
ငါ့ကို ဂရုစိုက်ပေးလို့ ကျေးဇူးတင်ပါတယ်။
ဒီကြင်နာမှုကို သတိရနေမှာပါ!" လုကျန်းယောင် က
ယန်ယွဲ့ကို တစ်ချက်ကြည့်ကာ
လှည့်ထွက်သွားသည် ။

“စောင့်!” ယန်ယဲ့က ရုတ်တရက် ပြောလိုက်သည်။

လုကျန်းယောင်က မျက်မှောင်ကြုတ်ကာ လှည့်ကြည့်လိုက်ပါသည်။

ယန်ယဲ့က အဆင့်လွန်စွမ်းအင် ကျောက်တုံး ၁၀ လုံးနှင့် ထိပ်တန်းအဆင့်မြင့်အဆောင် ၅ ခုကိုထုတ်ယူလိုက်ပြီး “မင်းကို တားဖို့ ငါ့မှာ အကြောင်းပြချက်မရှိပါဘူး။ မဟုတ်ရင် မင်းရဲ့ ခရီးလမ်းစဉ်မှာ ငါက ပိတ်ရပ်နေသလိုဖြစ်လိမ့်မယ်။

ငါတို့ ကောင်းကောင်းလက်မတွဲနိုင်ပေမယ့်
အခက်အခဲတွေကို အတူတူ ဖြတ်သန်းခဲ့တယ်လို့
ယူဆနိုင်ပါတယ်။ ဒီအဆောင်တွေနဲ့ အဆင့်လွန်
စွမ်းအင်ကျောက်တုံးအနည်းငယ်က မင်းအတွက်
အသုံးဝင်မှာပါ။

မသေစေနဲ့၊ ဗဟိုနယ်မြေမှာ
မင်းကိုပြန်တွေ့နိုင်မယ်လို့ ငါမျှော်လင့်တယ်!”

လုကျန်းယောင် က အတော်လေး
အံ့ဩသွားပုံရသည်။ သူမက လက်ခံယူပြီး
ယန်ယဲ့ကို
အချိန်တော်တော်ကြာအောင်စိုက်ကြည့်နေကာ
“ကျေးဇူးတင်ပါတယ်။ ဗဟိုနယ်မြေမှာ

နင့်နဲ့တွေ့နိုင်မယ်လို့ ငါလည်းမျှော်လင့်တယ်!"
ပြောပြီးသည်နှင့် သူမက ဆက်၍မနေတော့ဘဲ
ချက်ချင်းပင် ထွက်ခွာသွားခဲ့သည်။

လုကျန်းယောင်
ပျောက်ကွယ်သွားသည်ကိုကြည့်နေရင်းဖြင့်
ယန်ယွဲ့လည်း ထိုမိန်းကလေးက
ပို၍ရင့်ကျက်လာပုံပေါ်ကြောင်း ရုတ်တရက်
ခံစားလိုက်ရသည်။

အတိတ်ကဆိုလျှင် ထိုကဲ့သို့ပြောလိုက်ပါက
လက်ခံမည်မဟုတ်ဘဲ နှစ်ယောက်လုံး
ဒုက္ခရောက်ပေလိမ့်မည်။

ယခုအချိန်တွင်မူ သူမက တိုက်ရိုက်
လက်ခံခဲ့သည့်အပြင် ကျေးဇူးပါတင်နေတော့သည်။

ထို့နောက်တွင် ယန်ယဲ့လည်း
ခေါင်းတစ်ချက်ယမ်းကာ ဖျတ်ခနဲ
လင်းလက်သွားပြီး နေရာမှာပင်
ပျောက်ကွယ်သွားသည် ။

ဆက်ရန်